# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**လျှင်မြန်စွာပြုလုပ်**

မကောင်းမှု၌ စိတ်သည်မွေ့လျော်တတ်၍ ကောင်းမှုကိုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို လျှင်မြန်စွာပြုလုပ်ရာ၏။

**ခုဒ္ဒကနိကာယ် (ဓမ္မပဒ-၁၁၆)**


၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၄ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၉ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၅)၊ အမှတ် (၂၄၈)


# ရဲသင်တန်းသားများ၏ လိုအပ်ချက်များ၊ မျှော်လင့်ချက်များကို ဖြည့်ဆည်းမပေးနိုင်လျှင် အဖိုးတန်ရဲများ မွေးထုတ်ပေးရာတွင် ပြဿနာရှိ

**အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း(ရမည်းသင်း)အား စံပြရဲသင်တန်းကျောင်းဖြစ်လာစေရေး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မျှော်မှန်း**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရမည်းသင်းမြို့ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း၌ သင်တန်းသူများ သရုပ်ပြလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးစဉ်

**နေပြည်တော် ဇွန် ၈**

ရဲသင်တန်းသားများ၏ လိုအပ်ချက်များ၊ မျှော်လင့်ချက်များကို ဖြည့်ဆည်းမပေးနိုင်လျှင် အဖိုးတန်ရဲများ မွေးထုတ်ပေးရာတွင် ပြဿနာရှိနိုင်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အမှတ် (၁) ရဲလေ့ကျင့်ရေးကျောင်းကို ရဲတပ်ဖွဲ့သင်တန်းကျောင်းများ၏ စံပြသင်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ထားပြီး လိုအပ်သည့်အခြေခံလိုအပ်ချက်များကို ကော်မတီဖွဲ့စည်းကာ ညှိနှိုင်းဆောင်ရွက် ပေးမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်းတွင် ယနေ့ကျင်းပသည့် အကြမ်းဖက်တိုက်ဖျက်ရေး အနီးကပ်တိုက်ခိုက်နည်းနှင့် လေ့ကျင့်ရေးသင်တန်းသူများ၏ လက်တွေ့အသုံးချဖမ်းဆီးထိန်းသိမ်းနည်း သရုပ်ပြပွဲအခမ်းအနားအပြီးတွင် ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းတို့ ပါဝင်သည့် တာဝန်ရှိသူများနှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ အမှတ်(၁)

စာမျက်နှာ ၃ ကော်လံ ၁ ✻


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# လယ်ယာမြေတစ်ခွင် စိမ်းစိုလွင်စေရေး

ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ်ဘီလီယံ ၅၀၀ ချေးယူရန် ပြည်ထောင်စုလွှတ်တော်က မေ ၂၃ ရက်တွင် ခွင့်ပြုခဲ့သည်။

ချေးယူရသည့်အကြောင်းရင်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရန် လိုအပ်သောဘဏ္ဍာငွေကို ဖြည့်စွက်ပေးနိုင်ရေးအတွက် ဖြစ်သည်။ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် ယခင်စိုက်ပျိုးစရိတ် တစ်ဧက ငွေကျပ် တစ်သိန်းနှုန်းထုတ်ချေးခဲ့ရာမှ ယခုနှစ်တွင် ငွေကျပ်ငါးသောင်းတိုးကာ တစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲ ချေးမည်ဖြစ်ခြင်းကြောင့် ချေးငွေပမာဏ စုစုပေါင်း ငွေကျပ် ဘီလီယံ ၁၈၀၀ နီးပါးခန့်ရှိလာပြီး ထပ်မံဖြည့်စွက်ရန် ငွေကျပ် ဘီလီယံ ၅၀၀ လိုအပ်လာသည်။ လိုအပ်သည့်ငွေအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဘီလီယံ ငွေကျပ် ၅၀၀ ထုတ်ချေးပေးရခြင်းဖြစ်သည်။

စိုက်ပျိုးစရိတ်ချေးယူခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးပြောကြားချက်များတွင် စိုက်ပျိုးစရိတ်ချေးငွေကို အမှန်တကယ် စိုက်ပျိုးသူများအား ချေးပေးရန်၊ စိုက်ပျိုးမြေမရှိ ချေးငွေယူထားခြင်းအပေါ် ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူရန်၊ ပူးပေါင်းကြံစည်သည့် တာဝန်ရှိဝန်ထမ်းများကိုပါ ဥပဒေပြဋ္ဌာန်း၍ အရေးယူရန်၊ ရာသီဥတုဘေးအန္တရာယ် ကျရောက်မှုမရှိဘဲ ချေးငွေပြန်ဆပ်ရန်ပျက်ကွက်နေသူများကို ထိရောက်စွာအရေးယူရန် စသည့်အချက်များ ပါဝင်သကဲ့သို့ ၂၀၁၇-၁၈၊ ၂၀၁၈-၁၉ နှစ်နှစ်တာကာလအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ဦးတည်ဆောင်ရွက်ရာ၌ ဆင်းရဲမှုပပျောက်ရေးကိုလည်း ထည့်သွင်းစဉ်းစားခဲ့ကြောင်း၊ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်၍ ဆင်းရဲဒုက္ခပိနေကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာ၌ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် ဆက်နွယ်၍ လယ်ယာမြေပြုပြင်ရေး၊ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ရေး၊ မီဂိလယ်ယာမြေများအထိ အစီအစဉ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည့်အချက်များလည်း ပါဝင်သည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးအခြေခံ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသော ကျေးလက်နေပြည်သူလူထုမှာ လယ်ယာသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဆက်စပ်ကာ လုပ်ကိုင်စားသောက်နေကြရခြင်းဖြစ်သည့်အလျောက် လယ်ယာစီးပွားရေးကို မြှင့်တင်နိုင်ရန်မှာ မိမိတို့နိုင်ငံအတွက် အရေးကြီးသည်။ ပကတိအခြေအနေအားဖြင့်မူ လယ်ယာစိုက်ပျိုးရေးတွင် လုပ်ကွက်ငယ်များကို လုပ်ကိုင်နေကြရသည့် လယ်သမားများက အများစုဖြစ်နေပြီး ၎င်းတို့၏ ထုတ်လုပ်နိုင်မှု၊ ထုတ်ကုန်အရည်အသွေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဝင်ငွေစသည်တို့မှာ အိမ်နီးချင်းနိုင်ငံတို့မှ လယ်သမားများနှင့်နှိုင်းယှဉ်လျှင် နိမ့်ကျနေဆဲဖြစ်သည်။

စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီ ရရှိမှု၊ မျိုး၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ လယ်ယာလုပ်သား၊ ကျွဲနွား စသည့်လိုအပ်ချက်များရှားပါးမှု၊ ရာသီဥတုနှင့် ပိုးမွှားကျရောက်မှု၊ သီးနှံအတွက် ဈေးနှုန်းအာမခံချက်မရှိမှုစသည့် စိန်ခေါ်မှုများအကြား လယ်ယာစီးပွားရေးအပေါ် တောင်သူလယ်သမားများ၏ အားထည့်လုပ်ကိုင်လိုသည့် စိတ်ဆန္ဒလျော့ပါးမသွားရအောင် ဝိုင်းဝန်းမြှင့်တင်ပေးဖို့ လိုအပ်မည်ဖြစ်သည်။ စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးခြင်းသည် လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးအတွက် လိုအပ်ချက်များစွာအနက်မှ တစ်ခုသာဖြစ်ပြီး လယ်ယာစီးပွားတိုးတက်အောင် ဆောင်ရွက်ရာတွင်လည်း လယ်သမားများသာမက သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူများကပါ ခွန်စိုက်အားစိုက်ပါဝင်ကြရမည် ဖြစ်ပါကြောင်း။ ။




## တောင်တက်စက်ဘီးပြိုင်ပွဲနှင့် လူထုစုပေါင်းစက်ဘီးပြိုင်ပွဲများ ကျင်းပမည်

**နေပြည်တော် ဇွန် ၈**

မျိုးဆက် သစ်စက်ဘီး အားကစားသမားများပေါ်ထွက်လာစေရန်နှင့် ပြည်သူတစ်ရပ်လုံး စက်ဘီးစီးခြင်းဖြင့် ကျန်းမာကြံ့ခိုင်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မွန်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ MSP ကုမ္ပဏီလီမိတက်နှင့် GTM စက်ဘီးရောင်းဝယ်ရေး ကုမ္ပဏီတို့ပူးပေါင်းကာ သံဖြူဇရပ်ဖိတ်ခေါ် တောင်တက်စက်ဘီးပြိုင်ပွဲကို ဇွန် ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးတွင်လည်း မန္တလေးတိုင်း အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် တို့ပူးပေါင်းကာ လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို ဇွန်၂၆ရက် နံနက် ၆ နာရီတွင် ၂၆လမ်း မင်္ဂလာတံတားမှ ထွက်ခွာမည်ဖြစ်ရာ စက်ဘီးအားကစားကို စိတ်ပါဝင်စားသော ဝါသနာရှင်များအနေဖြင့် မည်သူမဆိုပါဝင်နိုင်ပြီး ဖုန်း ၀၉-၇၃၀-၅၆၇၁၀သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

**ထင်သာမြင်သာပြုပြင်စရာ**

# ဂေါ်တန်ကျောက်တင်မော်တော်ယာဉ်ကြီးများစည်းကမ်းမဲ့ရပ်နားနေ၍ အန္တရာယ်ရှိ

**သီပေါ ဇွန် ၈**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် မန်ဟဲကျေးရွာ ဂေါ်တန်ကျောက်သတ္တုတွင်းမှ ဘိလပ်မြေပြုလုပ်ရာတွင်လိုအပ်သော ဂေါ်တန်ကျောက်များကို တွဲကားနှင့် ကုန်တင်မော်တော်ယာဉ်ကြီးများသည် ဂေါ်တန်ကျောက်များတင်ဆောင်၍ စည်းကမ်းမဲ့စွာ ရပ်နားထားသည့် ယာဉ်တန်းရှည်ကြီးကို မန္တလေး၊ လားရှိုး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီး မန်ဟဲကျေးရွာ ၌ ဇွန် ၅ ရက်က တွေ့ရှိရသည်။

“ယခုလို ကျောင်းဖွင့်ရာသီမှာ ဂေါ်တန်ကျောက် တင်ဆောင်တဲ့ မော်တော်ယာဉ်ကြီးများစည်းကမ်းမဲ့ယာဉ်ကြောအတိုင်း မဟုတ်ဘဲ ရပ်ချင်တိုင်းရပ်နေ ကြတာကတော့ မော်တော်ယာဉ်တွေမှာရော၊ ကျောင်းသား ကျောင်းသူတွေအတွက်ပါ အလွန်အန္တရာယ်များလွန်းလုပါတယ်။ နေ့စဉ်နှင့်အမျှ လမ်းမကြီးပေါ်မှာ ကားကြီး၊ ကားငယ် ထောင်ချီပြီးဖြတ်သန်းသွားလာနေတာ မို့ သက်ဆိုင်ရာတာဝန်ရှိသူများအနေနဲ့ အန္တရာယ်မဖြစ်ပွားခင် အချိန်မီ ထိန်းသိမ်းပေးစေလိုပါတယ်” ဟု ဒေသခံ ယာဉ်မောင်းများနှင့် ကျောင်းသားမိဘများက ပြောဆိုနေကြသည်။

**စိုင်း(သီပေါ)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၈-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |

**စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၉.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၇.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၆.၄၉ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၈၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၆.၉၀ |

မြန်မာ့အလင်း
၁၂၇၃ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရမည်းသင်းမြို့ရှိ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်းတွင် အကြမ်းဖက်တိုက်ဖျက်ရေး အနီးကပ်တိုက်ခိုက်နည်းနှင့် လေ့ကျင့်ရေးသင်တန်းသူများ၏ လက်တွေ့အသုံးချဖမ်းဆီးထိန်းသိမ်းနည်း သရုပ်ပြမှုကို ကြည့်ရှုအားပေးစဉ်

* ရွှေဖုံးမှ

ရဲလေ့ကျင့်ရေးကျောင်းသို့ သွားရောက်ကာ သရုပ်ပြပွဲအခမ်းအနားကို တက်ရောက်ခဲ့ကြပြီး သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းသူများနှင့် တွေ့ဆုံခဲ့သည်။

ပထမဦးစွာ သတင်းရဲတပ်ဖွဲ့ အကြမ်းဖက်မှု တိုက်ဖျက်ရေးဌာနမှ အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ အနီးကပ်တိုက်ခိုက်နည်း သရုပ်ပြခြင်းဆိုင်ရာများဖြစ်သည့် တစ်ဦးချင်းနှင့် အနီးကပ်တိုက်ခိုက်သည့် “ခတ္တာပြကွက်” အပါအဝင် အနီးကပ်တိုက်ခိုက်ခြင်း ပြကွက် ၁၀ ခု အား ပြသမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်းမှ သင်တန်းသူများက မသင်္ကာသူတစ်ဦးအား ရှာဖွေခွင့်တောင်းခံပြီး ရှာဖွေခြင်း၊ ခန္ဓာကိုယ်အား အသေးစိတ်ရှာဖွေခြင်း၊ တရားခံအား ထိန်းချုပ်ခြင်း၊ ရန်ပြုလာသူအား ဖမ်းဆီးထိန်းချုပ်ကာ ရဲစခန်းသို့ ထိန်းသိမ်းခေါ်ဆောင်သွားခြင်းဆိုင်ရာ သရုပ်ပြကွက်စသည့် လက်တွေ့အသုံးချ ဖမ်းဆီးထိန်းသိမ်းနည်းများကို သရုပ်ပြသကြသည်။

သရုပ်ပြ အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများအား အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်းမှ တာဝန်ရှိသူများက သင်တန်းကျောင်း၏ သမိုင်းအကျဉ်းနှင့် လက်ရှိအခြေအနေများကို လည်းကောင်း၊ အဆင့်မြင့်သင်တန်းသားဦးရေ ၁၀၈၆၇ ဦးနှင့် အခြေခံရဲတပ်သား ၅၅၃၈၄ ဦးအထိ ဖွင့်လှစ်နိုင်ခဲ့မှု အခြေအနေများကို လည်းကောင်း၊ လက်ရှိတွင် အမျိုးသမီး(ရဲတပ်သားသစ်) လေ့ကျင့်ရေးကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့မှုနှင့် တပ်ဖွဲ့ဝင်အင်အားများကိုလည်းကောင်း၊ လေ့ကျင့်ရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သင်တန်းကျောင်းအတွင်း အခြေခံလိုအပ်ချက်များဖြစ်သည့် ရဲဝတ်စုံလုံလောက်မှု ရှိမရှိ၊ လျှပ်စစ်မီး၊ သောက်သုံးရေ ဖူလုံစေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ၊ အဆောက်အအုံလိုအပ်ချက်များကို ထောက်ပြဆွေးနွေးခဲ့ပြီး အဆိုပါသင်တန်းကျောင်းသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဖွင့်လှစ်သည့် ရဲလေ့ကျင့်ရေးကျောင်းများအနက် စံပြသင်တန်းကျောင်းအဖြစ် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် အခြေခံလိုအပ်ချက်များကို ဦးစွာဖြည့်ဆည်းဆောင်ရွက်ပေးရန် ကော်မတီဖွဲ့စည်းပေးမည်ဖြစ်သည့်အပြင် နိုင်ငံတကာ ရဲသင်တန်းကျောင်းများနှင့် ကိုက်ညီသည့် စံပြသင်တန်းကျောင်းတစ်ခုအဖြစ် ကြိုးပမ်းပေးသွားမည် ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ရဲတပ်ဖွဲ့ဆိုင်ရာစာတွေ့ သင်ကြားနေမှုများကို လိုက်လံကြည့်ရှုခဲ့ပြီး သင်တန်းသူတစ်ဦးချင်းအလိုက် လိုအပ်ချက်များနှင့် သင်တန်းတက်ရောက်စဉ် ကြုံတွေ့ရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို မေးမြန်းဆွေးနွေးခဲ့သည်။ ထို့ပြင် သင်တန်းမှ မျှော်လင့်ထားသည့် အရည်အသွေးများနှင့် ရဲတပ်ဖွဲ့ဝင် ရဲမေတစ်ဦးအနေဖြင့် လိုအပ်သည့် စိတ်ဓာတ်အရည်အသွေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

“ရဲသင်တန်းသားတွေရဲ့ လိုအပ်ချက်တွေ၊ မျှော်လင့်ချက်တွေကို မဖြည့်ဆည်းပေးနိုင်ရင် အဖိုးတန်တဲ့ရဲတွေ မွေးထုတ်ပေးတဲ့နေရာမှာ ပြဿနာရှိနိုင်ပါတယ်။ ရဲသင်တန်းကို အကောင်းဆုံးဖြစ်အောင် မြှင့်တင်ပေးချင်ပါတယ်။ နေ့ချင်းညချင်း ဖြစ်နိုင်ဖို့ဆိုတာတော့ မလွယ်ပါဘူး။ ကိုယ့်နိုင်ငံရဲ့ ဘဏ္ဍာရေး အခြေအနေအရ လုပ်ပေးရမှာပါ။ သင်တန်းသားတွေအနေနဲ့လည်း ဆရာတွေနဲ့ ဆွေးနွေးတင်ပြပြီး အတ္တမပါဘဲ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကြီးတစ်ခုလုံး အဆင့်မြင့်မားလာဖို့ အကြံပြုသင့်တယ်” ဟု သင်တန်းသူရဲမေများနှင့် သင်ကြားရေးတာဝန်ခံများအား ဒေါ်အောင်ဆန်းစုကြည်က မှာကြားခဲ့သည်။

**ရဲသင်တန်းကို အကောင်းဆုံးဖြစ်အောင် မြှင့်တင်ပေးချင်ပါတယ်။ နေ့ချင်းညချင်း ဖြစ်နိုင်ဖို့ဆိုတာတော့ မလွယ်ပါဘူး။ ကိုယ့်နိုင်ငံရဲ့ဘဏ္ဍာရေးအခြေအနေအရ လုပ်ပေးရမှာပါ။ သင်တန်းသားတွေအနေနဲ့လည်း ဆရာတွေနဲ့ ဆွေးနွေးတင်ပြပြီး အတ္တမပါဘဲ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကြီးတစ်ခုလုံး အဆင့်မြင့်မားလာဖို့ အကြံပြုသင့်**

ထို့နောက် သင်တန်းကျောင်းအတွင်းရှိ တပ်ခွဲများ၊ သင်တန်းအိပ်ဆောင်များနှင့် သင်တန်းကျောင်းမှ အိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ နေထိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် တာဝန်ချထားမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်း - ခင်ရတနာ**
**ဓာတ်ပုံ - မေဦးမိုး**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သင်တန်းကျောင်းမှ ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်

● ကျောက်ဖုံးမှ

ဈေးကျတယ်ပေါ့။ ပြီးခဲ့တဲ့ ရက်ပိုင်းက မုတ်သုံကျနေတော့ အိန္ဒိယသင်္ဘောတွေ မထွက်ကြဘူး။ ဒီဘက်ဆိပ်ကမ်းမှာလည်း ကုန်ကွန်တိန်နာတွေ အထုတ်၊ အသွင်းကျပ်နေတော့ အမှာလျော့သွားတာ။ အခုရက်ပိုင်းတော့ အမှာပြန်ကျလာတယ်”ဟု ပြောသည်။

အလားတူ ဧပြီနှင့် မေလအတွင်းက ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၁၅၄၀၀၀၀ ကျော်မှ ယခု ဇွန် ၁ ရက်က ၁၄၈၀၀၀၀ သို့ ပြန်လည်ကျဆင်းသွားရာမှ ယခု ဇွန် ၈ ရက်တွင် ၁၅၀၆၀၀၀ သို့ ပြန်လည်မြင့်တက်လာခဲ့သည်ကို တွေ့ရသည်။ ပဲတီစိမ်း ပိဿာချိန် ၆၀ လျှင် ငွေကျပ် ၉၈၀၀၀ နှင့် ၁၀၀၀၀၀ ကြားတွင် အရောင်းအဝယ်ဖြစ်နေပြီး ဈေးနှုန်း အပြောင်းအလဲမရှိကြောင်း တွေ့ရသည်။

၂၀၁၅ ခုနှစ် ဧပြီနှင့် မေလအတွင်းက အိန္ဒိယမှ လစဉ် ပဲမျိုးစုံတန်ချိန် နှစ်သိန်းနီးပါး မှာယူခဲ့ပြီး ယခု ဧပြီနှင့် မေလများတွင် ပဲမျိုးစုံတန်ချိန် ၈၀၀၀၀ မှ ၁၀၀၀၀၀ နီးပါးသာ အမှာရှိတော့ကြောင်း ၎င်းက ဆိုသည်။

ယခုနှစ်တွင် ပြည်တွင်းပဲဈေးကျဆင်းမှုနှင့် ပြည်ပပဲမျိုးစုံတင်ပို့မှုကျဆင်းရခြင်းမှာ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများတွင် ကုန်များကျပ်နေပြီး ပြည်ပသို့ အချိန်မီ မတင်ပို့နိုင်ခြင်းကြောင့်ဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်းက မတ်ပဲ FAQ/RC တစ်တန် ၂၅ သိန်းခန့်နှင့် ပဲစင်းငုံနီ RC တစ်တန် သိန်း၂၀ ခန့်ထိ အမြင့်ဆုံးဈေးရရှိခဲ့သဖြင့် အဆိုပါ ပဲအမျိုးအစားများကို ဈေးကွက်တွင် ထုတ်မရောင်းသေးဘဲ ဝယ်ယူသိုလှောင် ထားသူများလည်း ရှိနေသည်။

ယမန်နှစ်က မြန်မာတစ်နိုင်ငံလုံးတွင် ပဲစင်းငုံတန်ချိန် နှစ်သိန်းနှင့် မတ်ပဲ တန်ချိန် လေးသိန်းခန့် ထွက်ရှိခဲ့ပြီး ယခုနှစ်တွင် မတ်ပဲ ငါးသိန်း၊ ပဲစင်းငုံ တန်ချိန် နှစ်သိန်းခန့်နှင့် ပဲတီစိမ်းတန်ချိန် သုံးသိန်းခန့်ထွက်ရှိရန် ခန့်မှန်းထားကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းက ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁၂ သိန်းကျော်တင်ပို့ခဲ့ပြီး လက်ရှိတွင် ပြည်ပသို့ ပဲမျိုးစုံ တန်ချိန် နှစ်သိန်းကျော် တင်ပို့ထားသည်။

# နည်းပညာအကူအညီနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၈**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ASEAN Legal Information Center ၏ Executive Director Mr. Rajesh C Muttath ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးစဉ် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာကဏ္ဍအသီးသီး၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များ၊ နည်းပညာအကူအညီနှင့် လူ့သားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ အာဆီယံနိုင်ငံများ၏ ဥပဒေရေးရာ အချက်အလက်များအား အခမဲ့ရယူလေ့လာနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ASEAN Legal Information Center နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းအခြေအနေများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော်   ဇွန် ၈**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးတို့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံကြပြီး နှစ်နိုင်ငံ ဆက်ဆံရေးနှင့် လွှတ်တော်ချင်းဆက်ဆံရေးပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်မှကော်မတီအတွင်းရေးမှူးများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးတို့ တွေ့ဆုံဆွေးနွေးစဉ်**
(သတင်းစဉ်)



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်အား တွေ့ဆုံ

**နေပြည်တော်   ဇွန် ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးမြှင့်ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံလွှတ်တော်အချင်းချင်းနှင့် ဥပဒေရေးရာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှု၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍမြှင့်တင်မှု ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး တို့ တွေ့ဆုံဆွေးနွေးစဉ်**
(သတင်းစဉ်)

# ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ကျား/မ ခွဲခြားမှု မရှိစေရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိ

**နေပြည်တော်   ဇွန် ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် Gender Concerns International မှ Director ဖြစ်သူ Ms. Sabra Bano အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံရာတွင် Ms. Sabra Bano က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား ကျား/မ ရေးရာ ရှုထောင့်မှနေ၍ စောင့်ကြည့်လေ့လာခဲ့ပါကြောင်း၊ ကျား/မရေးရာ တန်းတူညီမျှမှုရှိရေး၊ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များနှင့် လွှတ်တော်တွင်း အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ ပိုမိုပါဝင်လာစေရေးအတွက် ကော်မရှင်၊ လွှတ်တော်၊ အမျိုးသမီး CSOs အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အစီရင်ခံစာတွင်လည်း Stakeholders များအားလုံးအတွက် ကျား/မရေးရာ အကြံပြုချက်များ ပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီး CSOs အဖွဲ့များမှာ အနည်းစုဖြစ်နေ၍ ကော်မရှင်အနေဖြင့် သီးခြားတွေ့ဆုံပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်းနှင့် MoU သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ကျား/မ ခွဲခြားမှုမရှိစေရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပြီး အမျိုးသမီး CSOs အဖွဲ့များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အစီရင်ခံစာပါ သုံးသပ်ချက်များအား ကော်မရှင်၏ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံရာတွင်လည်း လွှတ်တော်တွင်း အမျိုးသမီးကိုယ်စားလှယ် ပိုမိုပါဝင်လာစေရေးအတွက် တိုက်တွန်းပြောကြားခဲ့ပါကြောင်း၊ လက်ရှိလွှတ်တော်တွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် ၁၃ ရာခိုင်နှုန်း ပါဝင်လျက်ရှိပြီး နောင်ရွေးကောက်ပွဲများတွင် ပိုမိုပါဝင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ နိုင်ငံတွင် အမျိုးသမီးဦးရေများသည့်အတွက် အမျိုးသမီးများ နိုင်ငံ့အရေးတွင် ပါဝင်လာမှုကို ပိုမိုအားထားပါကြောင်းနှင့် MoU သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် အဆိုပြုလွှာတင်စေလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်ဟု သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ-စင်ကာပူ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ ရက်ပေါင်း ၃၀ ပြည်ဝင်ဗီဇာကင်းလွတ်ခွင့် ယခုနှစ် ဒီဇင်ဘာ ၁ ရက် စတင်သက်ဝင်မည်

**နေပြည်တော်   ဇွန် ၈**

၂၀၀၆ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့က ကွာလာလမ်ပူတွင် လက်မှတ်ရေးထိုးခဲ့သော ဗီဇာကင်းလွတ်ခွင့် အာဆီယံသဘောတူညီချက်မူဘောင်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် စင်ကာပူသမ္မတနိုင်ငံအစိုးရတို့သည် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်ရည်ရွယ်၍ နှစ်နိုင်ငံ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအနေဖြင့် ရက်ပေါင်း ၃၀ ထက်မကျော်လွန်စေဘဲ နေထိုင်ခွင့် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ သံတမန်စာချွန်လွှာကို လဲလှယ်ခဲ့ပြီးဖြစ်သည်။ ယင်းအပြန်အလှန်ဗီဇာကင်းလွတ်ခွင့်သဘောတူညီချက်သည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစတင်၍ သက်ဝင်မည်ဖြစ်ရာ နှစ်နိုင်ငံခရီးသွားပြည်သူများ အကျိုးခံစားရမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(မြန်မာ့အလင်း)**



# စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံးနှင့်အဖွဲ့ ရန်ကုန်မြို့ရောက်ရှိ

**ရန်ကုန်   ဇွန် ၈**

စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံးနှင့်ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ညနေ ၄ နာရီတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

စင်ကာပူဝန်ကြီးချုပ်နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန် ဒေါက်တာမောင်မောင်စိုး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် Internews အဖွဲ့တို့ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် Internews ၏ Country Director ဦးမိုက်ကယ်ပန်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀။)**
**၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့အကြောင်းကြားသည့်နေ့မှစ၍ လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင် လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်များအတွက် ခြောက်လအတွင်းတွင် လည်းကောင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁။)**
**၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင် လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်များအတွက် ခြောက်လအတွင်းတွင် လည်းကောင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို**
**စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၂။)**
**၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင် လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်များအတွက် ခြောက်လအတွင်းတွင် လည်းကောင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



# နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်နှင့် စင်ကာပူဝန်ကြီးချုပ်၏ ဇနီး မစ္စစ် ဟိုချင်းတို့ ရင်းရင်းနှီးနှီးတွေ့ဆုံ

**နေပြည်တော် ဇွန် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်နှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ဇနီး မစ္စစ် ဟိုချင်း တို့သည် ဇွန် ၇ ရက် ညနေ ၃ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ တွေ့ဆုံခဲ့ကြသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ၏ ဇနီးနှင့် စင်ကာပူဝန်ကြီးချုပ်၏ဇနီးတို့သည် ရင်းနှီးခင်မင်စွာ နှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတ၏ ဇနီးက လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်၏ ဇနီး မစ္စစ် ဟိုချင်း နေပြည်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာ



**နေပြည်တော် ဇွန် ၈**

နေပြည်တော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်၏ ဇနီး မစ္စစ် ဟိုချင်းသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားပြတိုက် (နေပြည်တော်)သို့ သွားရောက်ကြည့်ရှုလေ့လာသည်။ **(ယာပုံ)**

ဧည့်သည်တော် စင်ကာပူဝန်ကြီးချုပ်၏ဇနီး ဦးဆောင်သည့်အဖွဲ့ဝင်များအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဒေါ်နန္ဒာမွန်းနှင့် ညွှန်ကြားရေးမှူး ဦးရဲမြတ်အောင်တို့က အမျိုးသားပြတိုက်အတွင်းရှိ ပြခန်းများအား လိုက်လံရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ရှိ Junction အဆင့်မြင့်ဈေးဝယ်စင်တာသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

**(သတင်းစဉ်)**

# ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများကို ကွန်ရက်သဖွယ်စုဖွဲ့ပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်သတင်းဖလှယ်ခြင်းဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ကြရန်လို

**တွေ့ဆုံမေးမြန်း - ဇင်ဦး၊ သိမ့်သိမ့်မိုး (မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**

**ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများ မီဒီယာဆက်ဆံရေး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး စုဝေးခန်းမ၌ ယနေ့ ဇွန် ၈ ရက်တွင် ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယခုအလုပ်ရုံဆွေးနွေးပွဲပြီးဆုံးသည်နှင့် ရပ်တန့်မသွားဘဲ ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူများအနေဖြင့် ကွန်ရက်သဖွယ်စုဖွဲ့ပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်သတင်းဖလှယ်ခြင်းကို ထိထိရောက်ရောက် ဆောင်ရွက်ကြစေလိုကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြောရေးဆိုခွင့်ရှိသူများအားလုံးကို ပြန်လည်ဆက်သွယ်၍ ဌာနဆိုင်ရာများ၏ သတင်းများအား စုစည်းဖော်ပြသွားမည်ဖြစ်ပြီး မိမိတို့ဌာနမှ သတင်းအချက်အလက်များကိုလည်း လိုအပ်ပါက ပြန်ကြားရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်မှ ရယူနိုင်ကြောင်းနှင့် အချင်း ချင်း ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ ဦးဆောင်ဆွေးနွေးသူ ဦးရဲနိုင်မိုးနှင့် ဝန်ကြီးဌာနများမှ ပြောရေးဆိုခွင့်ရှိသူများကို ဆွေးနွေးပွဲရလဒ်နှင့် မီဒီယာအပေါ် သဘောထားအမြင်များအား မေးမြန်းထားသည်များကို တင်ပြအပ်ပါသည်။

**ဦးရဲနိုင်မိုး(ဒါရိုက်တာ)**
**ရန်ကုန်သတင်းစာပညာကျောင်း**

ပြန်ကြားရေးဝန်ကြီးဌာနကစီစဉ်ပြီး ဒီအလုပ်ရုံဆွေးနွေးပွဲလေးကို ကျင်းပပေးတာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ အရင်တုန်းကပြန်ကြားရေးဝန်ကြီးဌာနမှ အစိုးရအဖွဲ့တစ်ဖွဲ့လုံးကို ကိုယ်စားပြုပြီး သတင်းထုတ်ပြန်ခွင့်ကို ပြုလုပ်ခဲ့ရတာ ရှိတယ်။ တကယ်တမ်းကျတော့ ဝန်ကြီးဌာနတွေအနေနဲ့ သူတို့ရဲ့ပြောရေးဆိုခွင့်ရှိသူတွေအနေနဲ့က သူတို့ကိုကိုယ်စားပြုပြီး ပြောဖို့လိုအပ်တာပေါ့။ အရင်အစိုးရလက်ထက်တုန်းက ပြုလုပ်ခဲ့ပေမယ့်လည်း ထိုက်သင့်သလောက် မအောင်မြင်ခဲ့တာတွေလည်း ရှိတယ်ဆိုတော့ ဒီအစိုးရသစ်လက်ထက်မှာ နောက်တစ်ကြိမ် ပြောရေးဆိုခွင့်ရှိသူတွေ ပြောဆိုလာအောင်၊ မီဒီယာနဲ့ရင်းနှီးလာအောင် ဒီအလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ပေးတဲ့သဘောပါပဲ။

သင်တန်းပြုလုပ်ရတဲ့ရည်ရွယ်ချက်တွေကတော့ အတူတူပါပဲ၊ အခုအစိုးရသစ်လက်ထက်မှာက ပွင့်လင်းမြင်သာမှုနဲ့ပတ်သက်ပြီး ပိုပြီးပြောတာတွေရှိတယ်။ ပြီးတော့ အထွေထွေရွေးကောက်ပွဲမှာ ပြည်သူအများစုထည့်တဲ့မဲနဲ့ တက်လာတဲ့အစိုးရတစ်ခုလည်း ဖြစ်တယ်ဆိုတော့ သူက ဝန်ကြီးဌာနတွေကို သတင်းမီဒီယာကတစ်ဆင့် ပြည်သူတွေကို စကားပြောဖို့အတွက် ပိုပြီးအားပေးလာမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

အရင်တုန်းကပြောရေးဆိုခွင့်ရှိသူတွေ ထားပေမယ့် မပြောခဲ့ဘူးဆိုတာက ဒီလိုအလုပ်ရုံဆွေးနွေးပွဲတွေ တစ်ခုတည်းနဲ့မရဘူး။ ဘာတွေလိုအပ်သလဲဆိုတော့ အထက်က အရေးပါတဲ့ ပြည်ထောင်စုဝန်ကြီးနဲ့ အရာရှိကြီးတွေက ပြောရေးဆိုခွင့်ရှိသူတွေပြောတဲ့အခါမှာ ဒါတွေကို ပိတ်ပင်တာမျိုး၊ အပြစ်ပေးတာမျိုး၊ ဆူပူတာမျိုးတွေ မဖြစ်သင့်ဘူး။ သူတို့ရဲ့တာဝန်က ပြောရေးဆိုခွင့်ရှိသူ Spokes-person ဖြစ်တာကို သူဘယ်လိုပြောရမယ်ဆိုတဲ့ သတင်းအချက်အလက်တွေပေးရမယ်။ သူရဲ့ပြောရေးဆိုခွင့်ကို လေးစားပေးဖို့လိုတယ်။ ဆူပူတာတွေ၊ အပြစ်ပေးတာတွေ ရှိမယ်ဆိုရင်တော့ ဘယ်လောက်သင်တန်းတွေပေးပေး၊ အလုပ်ရုံဆွေးနွေးပွဲတွေလုပ်လုပ် ဒီလူတွေပြောမှာ မဟုတ်ဘူး။ ဆွေးနွေးမှာမဟုတ်ဘူး။ အဲဒီတော့ အစိုးရအဖွဲ့ကိုယ်တိုင်က ပြောရေးဆိုခွင့်ရှိသူတွေရဲ့အခန်းကဏ္ဍကို လေးလေးစားစား လိုက်နာဖို့လိုတယ်။ သူတို့ပြောရေးဆိုခွင့်ရဖို့အတွက် သတင်းအချက်အလက်တွေ ပေးဖို့လိုတယ်။ အဲဒါက အဓိကကျပါတယ်။ နောက်တစ်ခုကတော့ ပြောရေးဆိုခွင့်ရှိသူတွေဟာ အတွင်းဝန်တို့ ညွှန်ကြားရေးမှူးချုပ်တို့၊ ဒုညွှန်ချုပ်တို့စတဲ့ အင်မတန်ရာထူးမြင့်တဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်နေပါတယ်။ ဒီပုဂ္ဂိုလ်တွေအနေနဲ့က ဘာလို့လဲဆိုတော့ သူတို့လုပ်ခဲ့တဲ့ လုပ်သက်နှစ်ပေါင်း ၃၀ လောက်ဝန်းကျင်မှာခံယူထားတဲ့ သတင်းမီဒီယာဆိုတာ ပြဿနာရှာဖို့လာတာပဲဆိုတဲ့ အတွေးအခေါ်ကို ပြောင်းလဲပစ်ဖို့လိုပါတယ်။



ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများ မီဒီယာဆက်ဆံရေး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကျင်းပစဉ်

သူတို့ပြောတာ သတင်းမီဒီယာကို မဟုတ်ဘူး။ သူတို့ပြောတာ ပြည်သူလူထုကိုပြောတာ။ သတင်းမီဒီယာက မေးတယ်ဆိုတာ ပြည်သူလူထုကသိချင်တာကို မေးတာဆိုတော့ ပြည်သူလူထုရဲ့အခွင့်အရေးကို သူတို့လိုက်နာဖို့လိုတယ်။ ဒါကတော့ သူတို့ရဲ့တွေးခေါ်မှုပိုင်းဆိုင်ရာကို ပြင်ဖို့အချက်ပါ။

သူတို့ဆွေးနွေးတာတွေအပေါ် ကျွန်တော်ပညာတွေ အများကြီးရတယ်။ အစိုးရဌာနတွေက သတင်းထုတ်ပြန်ရေးနဲ့ပတ်သက်ပြီး ဘာတွေအခက်အခဲရှိတယ် ဆိုတာကို ကျွန်တော်သိရတယ်။ အဲဒီထဲမှာ ကျွန်တော်မြင်နေသေးတာ တစ်ခုက သတင်းမီဒီယာအပေါ် မြင်တဲ့အမြင်သည် ပြဿနာရှာသူသက်သက်ဆိုတဲ့အမြင်ဟာ တချို့သော ဌာနဆိုင်ရာ လူကြီးတွေဆီမှာ ရှိနေဆဲ၊ အမြစ်တွယ်နေဆဲဆိုတာတွေ့ရတယ်။ ဒါဟာ ချက်ချင်း ပြေပျောက်သွားမှာတော့ မဟုတ်ဘူး။ ရှောင်နေရင်တော့ ဒီအမြစ်က အမြဲတမ်းတွယ်နေတော့မှာပဲ။ အမြဲတမ်း သတင်းမီဒီယာတွေနဲ့ ထိတွေ့တယ်။ မီဒီယာတွေနဲ့ စကားပြောတယ်၊ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကို တဖြည်းဖြည်းနားလည်မယ်ဆိုရင်တော့ ပျောက်ကွယ်သွားမယ်လို့ မျှော်လင့်ပါတယ်။

**ဦးဌေးအောင်(လက်ထောက်ညွှန်ကြားရေးမှူး)**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊**
**သတင်းအချက်အလက်နှင့် နည်းပညာပြည်သူ့ဆက်ဆံရေးဌာနခွဲ**

ဗဟုသုတအများကြီးရတယ်။ ပွင့်လင်းလာတဲ့ သတင်းမီဒီယာဥပဒေတွေအရ အင်တာဗျူးတွေ မဖြစ်မနေလုပ်မယ့် အနေအထားရှိလာပါတယ်။ အင်တာဗျူးတွေမှာ ဘယ်လိုဆောင်ရန်၊ ရှောင်ရန်တွေ အဓိကအင်တာဗျူးမှာ ကိုယ်ပေးချင်တဲ့ မက်ဆေ့ဘယ်လောက်ထိ၊ ဘယ်လိုပေးရမယ်ဆိုတဲ့ နည်းစနစ်တွေပေါ့။ အဲဒါတွေကို ဒီနှစ်ရက်သင်တန်းမှာ သိရှိခွင့်ရတဲ့အတွက် အလွန်ပဲအကျိုးရှိပါတယ်။

**ဦးယဉ်ဇော်မျိုး (ဦးဆောင်ညွှန်ကြားရေးမှူး)**
**မြန်မာ့စီးပွားရေးဘဏ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

မီဒီယာနဲ့ပတ်သက်ပြီး သင်တန်းမတက်ဖူးပါဘူး။ ဒီသင်တန်းတက်ရတာ အင်မတန်အကျိုးရှိပါတယ်။ မသိတဲ့အရာတွေ သိရတယ်။ အခုလို သိရတဲ့အတွက် မီဒီယာတွေနဲ့ ပြောရေးဆိုခွင့်ရှိသူတွေ ဆွေးနွေးတဲ့နေရာမှာ၊ အမေးအဖြေလုပ်တဲ့လုပ်နေရာမှာ နည်းစနစ်တကျ နဲ့ ဖြေကြားနိုင်မှာဖြစ်ပါတယ်။

မေးခွန်းမေးတဲ့နေရာမှာ တချို့ကလူကိုယ်တိုင်မေးတာ ရှိတယ်။ တယ်လီဖုန်းနဲ့မေးတာရှိတယ်။ လူကိုယ်တိုင်မေးတဲ့အခါမှာ ကိစ္စမရှိပေမယ့် ဖုန်းနဲ့မေးတဲ့အခါမှာတော့ တစ်ဖက်က မေးတဲ့သူက ဘယ်သူ၊ ဘယ်ဝါမှန်းမသိတော့ ဖြေရမှာက အဆင်မပြေဘူး။ နောက်ပြီး ကိုယ်ဖြေလိုက်တဲ့ အဖြေကိုလည်း အမှန်တကယ်ရေးမလား၊ ဘယ်ဂျာနယ်၊ ဘယ်သတင်းစာကလဲ သေချာမသိတဲ့အခါမှာ မဖြေချင်ကြဘူး။

သင်တန်းမှာ သင်ကြားပေးတာကတော့ တယ်လီဖုန်းနဲ့မေးလာပြီဆို ဘယ်ကလဲ၊ဘယ်ဂျာနယ်ကလဲ မေးရတယ်။ ကိုယ်က သူမေးလာတဲ့မေးခွန်းကို ဖြေနိုင်ရင်ချက်ချင်းဖြေ မဖြေနိုင်ဘူးဆိုရင်လည်း အချိန်လေး ပြန်ချိန်းပြီးပေးရင် ပိုပြီးတော့ အဆင်ပြေနိုင်တယ်၊ စတဲ့ဆောင်ရွက်မှုမျိုးတွေကအစ သင်တန်းမှာ ပို့ချပေးလို့ နည်းစနစ်တွေအများကြီးကို ရပါတယ်။ နောင်ဆိုရင်တော့ မီဒီယာတွေနဲ့ ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတွေနဲ့ အင်တာဗျူးလုပ်တဲ့ကိစ္စတွေ၊ သတင်းစာရှင်းလင်းပွဲတွေမှာ စနစ်ကျလာမယ်၊ ကောင်းမွန်လာမယ်လို့ ယူဆပါတယ်။

**ဦးညွှန့်ဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန**

သတင်းနှင့်ပတ်သက်ပြီး ဆက်ပြီးတော့ ဝန်ကြီးဌာနအနေနဲ့ ပြောရေးဆိုခွင့်ရှိသူအနေနဲ့ လုပ်ရတဲ့အခါမှာ ဆောင်ရမယ့်၊ ရှောင်ရမယ့် နည်းလမ်းတွေ နဂိုထက်စာရင် ပိုပြီးတိတိကျကျ သိသွားတယ်။ Do and Don't တွေ အများကြီးသိရတဲ့ အတွက် ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ ပြောရေးဆိုခွင့်ရှိသူအနေနဲ့ ဆက်လက် တာဝန်ထမ်းဆောင်ဖို့အတွက်ကို အများကြီး အကျိုးရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဒီထက်မက ဆောင်ရွက်ပေးနိုင်မယ်ဆိုလည်း ကျွန်တော်တို့ ဘက်က အရည်အသွေးတွေတက်လာမယ်။ ကိုယ့်ဘာသာ မှန်တယ်ထင်တဲ့ ကိစ္စတွေမှာ ဒီသင်တန်းမှာ ဆွေးနွေးကြည့်မှ မှားနေတာတွေလည်း တွေ့ရပါတယ်။ ကျွန်တော်တို့အတွက် အများကြီး အကျိုးရှိပါတယ်။ နှစ်ရက်တာလို့ ဆိုပေမယ့်လည်း ရလိုက်တဲ့ အတွေ့အကြုံက နှစ်ရက်စာမကပါဘူး။ နောက်တစ်ခုက သတင်းဌာနက အမှန်တကယ် တာဝန်ထမ်းဆောင်တဲ့ ပုဂ္ဂိုလ်တွေနဲ့ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတွေ အင်တာဗျူးရိုက်ကူးသကဲ့သို့ ဆက်တင်ဆင်ပြီးရိုက်တယ်။ ဒါတွေက ဘာပဲပြောပြော ကျွန်တော်တို့အတွက် Brainstorming ဖြစ်ပါတယ်။ ကျွန်တော်တို့အတွက် စာတွေ့သင်တာတင်မဟုတ်ဘဲ ကိုယ်တကယ်တွေ့ကြုံလာတဲ့အခါမှာလည်း ပြောရမယ့် အနေအထား စဉ်းစားရမယ့်အနေအထား၊ ကိုယ်ကျွံသွားရင် ဘယ်လိုပြန်ဆုတ်မလဲ၊ ကိုယ်နဲ့မဆိုင်တဲ့၊ မပြောသင့်တဲ့ကိစ္စတွေ၊ အချို့ဝန်ကြီးဌာနတွေရဲ့ လုပ်ပိုင်ခွင့်တွေကို ဝင်မစွက်ဖက်ဘူးဆိုတဲ့ အချက်တွေလည်း ရပါတယ်။

ကျွန်တော်အနေနဲ့ပြောရမယ်ဆိုရင် အင်မတန်အကျိုးရှိတဲ့ ဆွေးနွေးပွဲတစ်ခုလို့မြင်ပါတယ်။ ပြောရေးဆိုခွင့်ရှိသူဆိုတာလည်း တချို့က တာဝန်ပေးလို့လုပ်တာရှိတယ်။ နောက်တကယ်ကို ကျွမ်းကျင်တဲ့သူလည်းရှိတယ်၊ မကျွမ်းကျင်တဲ့သူလည်းရှိမယ်။ ပြောတဲ့ ဆိုတဲ့၊ သုံးနှုန်းတဲ့ပေါ်မှာ မူတည်ပြီးတော့ တကယ့်ကျွမ်းကျင်တဲ့ မီဒီယာသမား၊ အဖွင့်အပိတ်၊ အပိတ်အဆို့နဲ့ မေးတတ်တဲ့ မီဒီယာသမားတွေက ချောင်ပိတ်ပြီးတော့ အခက်တွေ့အောင် မမေးသင့်ဘူးလို့ ကျွန်တော်ထင်ပါတယ်။ နောက်တစ်ခုက ဝန်ကြီးဌာနတွေက အစိုးရတစ်ဖွဲ့နဲ့တစ်ဖွဲ့ အပြောင်းအလဲမှာကို ဘာပဲပြောပြော mindset ပြောင်းပြီး လုပ်ရတွေရှိတယ်။ ပြီးခဲ့တဲ့အစိုးရ ပထမအကြိမ် သက်တမ်းငါးနှစ်နဲ့ အခုအစိုးရလက်ထက် ဒုတိယအကြိမ် သက်တမ်းမှာ တချို့ပေါ်လစီတွေက လုံးဝပြောင်းသွားတယ်။ အဲဒါက ကျွန်တော်တို့ဝန်ထမ်းတွေရော တာဝန်ရှိသူတွေရော ရက် ၁၀၀ စီမံကိန်းတွေမှာ အားသွန်ခွန်စိုက်လုပ်နေတဲ့အချိန်မှာ တချို့မီဒီယာတွေက အပြုသဘောမဆောင်ဘဲနဲ့ နည်းနည်း negative sense နဲ့မေးတာလေးတွေလည်းရှိပါတယ်။

ဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက်တွေ၊ အကြီးဆုံးပြည်ထောင်စုဝန်ကြီးကနေ အငယ်ဆုံးဝန်ထမ်း အထိ လုပ်ဆောင်ချက်တွေဟာ ကိုယ့်ရဲ့ပြောစကားတစ်ခု တည်းနဲ့ သိက္ခာကျသွားမယ် အကျိုးယုတ်သွားမယ်ဆိုရင် ကိုယ်က တာဝန်ယူရမှာဖြစ်ပါတယ်။ ပြည်သူလူထုကို ချက်ချင်း သတင်းထုတ်ပြန်ရမယ့် အနေအထား၊ ဂျာနယ်လစ် အနေအထားအရတော့ သူတို့ဘက်ကတော့ မှန်တာပေါ့။ သတင်း source ကို ရပိုင်ခွင့်ရှိတယ်ပြောတာကို ပြောရမယ်ဆိုတဲ့ သူတို့ဘက်က Right တစ်ဖက်ကလည်း ကျွန်တော်တို့ ဝန်ထမ်းဆိုတာက ပြောချင်သလောက် ပြောလို့မရဘူး။ တချို့ဟာတွေက on going process တွေရှိတယ်။ on going process က ရာနှုန်းပြည့်အောင်မြင်ရင်လည်း အောင်မြင်မယ်၊ တချို့ဟာတွေက အစိတ်အပိုင်း တစ်ခုလောက်ပဲအောင်မြင်မယ်။ တချို့ကတော့ လုံးဝမအောင်မြင်တာလည်း ရှိကောင်းရှိမယ်။ တချို့ကိစ္စတွေမှာ ပြောလို့မရသေးတဲ့ အရာတွေကိုမီဒီယာတွေက lead လုပ်ပြီး ချောင်ပိတ်မေးတဲ့ မေးခွန်းတွေလည်းတွေ့ရပါတယ်။ မီဒီယာက ကောင်းပါတယ်။ လူထုတိုင်းကို အိမ်ပေါက်စေ့ ဝန်ကြီးဌာနတွေရဲ့ လုပ်ဆောင်ချက်တွေကို ကျွန်တော်တို့ကိုယ်စားပြောပေးတဲ့အတွက် အင်မတန်အကျိုးရှိတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ သို့သော်လည်း ပြောရေးဆိုခွင့်ရှိသူတွေကို ထောက်ထားပြီးတော့ သိပ်ပြီးတော့ မေးမြန်းတာမျိုး မလုပ်စေချင်ပါဘူး။ ဒါမျိုးသင်တန်းတွေ အများကြီး ဖွင့်ပေးစေချင်ပါတယ်။ ကိုယ့်ကိုသင်ကြားပေးနိုင်တဲ့ မီဒီယာတွေရဲ့ သင်ကြားပေးမှုတွေကို အများကြီးလေ့လာချင်ပါတယ်။

**ဗိုလ်မှူးကြီးအေးလွင်**
**ကာကွယ်ရေးဝန်ကြီးဌာန**
**တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး**

သင်တန်းနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနအတွက်ရော ကျွန်တော်တို့အတွက်ပါ

*စာမျက်နှာ ၁၂ သို့*



ဦးယဉ်ဇော်မျိုး



ဦးဌေးအောင်



ဦးညွှန့်ဝင်း

# ရန်ကုန်မြို့တွင် တည်ဆောက်မည့် ဘက်စုံသုံးဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်း ရပ်ဆိုင်းတော့မည်

**နေပြည်တော် ဇွန် ၈**

ရန်ကုန်မြို့ဗိုလ်တထောင်ဘုရားလမ်းနှင့် ဗိုလ်အောင်ကျော်တံတားအကြား မြေဧက ၂၀ ခန့်ပေါ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်မည့် ဘက်စုံသုံးဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းသည် ကောင်းကျိုးထက် ဆိုးကျိုးပိုများနေသဖြင့် ရပ်ဆိုင်းတော့မည်ဖြစ်သည်။

ယင်းစီမံကိန်းတွင် ကောင်းကျိုးထက် ဆိုးကျိုးပိုများသည်ကို တွေ့ရှိရကြောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန်ဖြစ်သော်လည်း ယခုစီမံကိန်းသည် အန္တရာယ်ကြီးမားသည့်အတွက်ကြောင့် စွန့်စား၍မလုပ်သင့်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်

ထို့အတူ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးကလည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုလိုက်ပြီး လွှတ်တော်က မသင့်တော်သဖြင့် ပယ်ဖျက်လိုက်ရသည့် ဖြစ်ရပ်များ ဆက်လက်ဖြစ်ပေါ်နေပါက ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုပျက်ယွင်းစေခြင်း၊ လျော်ကြေးပေးရခြင်းတို့ကြောင့် နိုင်ငံတော်၏အကျိုးစီးပွားကို ထိခိုက်နစ်နာကြောင်း ထောက်ပြဆွေးနွေးသည်။

အဆိုပါဖြစ်ရပ်များသည် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတို့၏ အားနည်းချက်ကြောင့်လည်းကောင်း၊ ယင်းဥပဒေများကြောင့် ပေါ်ပေါက်လာသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို လုပ်ပိုင်ခွင့် အလွန်အကျွံအပ်နှင်းထားခြင်းကြောင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေပါပြဋ္ဌာန်းချက်များသည် ရှင်းလင်းမှုမရှိခြင်းကြောင့်လည်းကောင်း ယခုစီမံကိန်းကဲ့သို့ ပြဿနာများဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ဥပမာအနေဖြင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း ၁၈၊ အပိုဒ် ၄၂ တွင် "ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကို တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်းမရှိစေရ" ဟူသော ပြဋ္ဌာန်းချက်သည် ကော်မရှင်ကို ဥပဒေအထက်တွင် ရှိနေသည့်သဘော၊ တာဝန်ခံစရာမလိုသည့်သဘောကို သက်ရောက်နေကြောင်း ဦးအောင်ကျော်ကျော်ဦးက ဆိုသည်။

ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည်ဟု ပြဋ္ဌာန်းထားသော်လည်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် အခြားလုပ်ငန်းများကိုလည်း တစ်ကြိမ်မျှ လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူခဲ့ခြင်း မရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ကောင်းမြန်မာအောင်ကုမ္ပဏီ၏ ဆိပ်ခံတံတားကို ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ယခင်က အများပြည်သူအကျိုးစီးပွားမဖြစ်ထွန်းဘဲ လူတစ်စု၊ စီးပွားရေးတစ်ခုသာ အကျိုးရှိသောလုပ်ငန်းမျိုးဖြစ်၍ ပြည်သူ့လွှတ်တော်က ပယ်ဖျက်ခဲ့ရသည့် ရန်ကုန်ဆေးရုံကြီး၏ တိုးချဲ့မြေနေရာတွင် တည်ဆောက်သည့် ပုဂ္ဂလိကဆေးရုံကိုလည်း ခွင့်ပြုခဲ့ကြောင်း ဦးအောင်ကျော်ကျော်ဦးက ဆက်လက်ပြောကြားသည်။

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းနှင့် ဗိုလ်အောင်ကျော်တံတားအကြား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပိုင်ဆိုင်သော မြေရေိယာဧက ၂၀ ခန့်ကို အသုံးပြု၍ ကောင်းမြန်မာအောင် သင်္ဘောကုမ္ပဏီမှ MIC ခွင့်ပြုချက်ဖြင့် စာချုပ်ချုပ်ဆိုခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ရန် ဆောင်ရွက်နေခြင်းအား ဆက်လက်ဆောင်ရွက်ပါက ဗိုလ်တထောင်ကမ်းနားတစ်လျှောက်သောင်ထွန်းမှုတောက်လျှောက်ဖြစ်ပေါ်လာနိုင်ခြင်း၊ သင်္ဘောရေလမ်းကြောင်းပိတ်ဆို့နိုင်ခြင်း၊ ဗိုလ်တထောင်သမိုင်းဝင်စေတီတော်၏ အဆောက်အအုံများ စိုးရိမ်ဖွယ်ဖြစ်ခြင်း၊ ဘုရားဝတ်ပြုသူတို့အား တုန်ခါမှုဆူညံသံများဖြစ်ခြင်း၊ ရန်ကုန်ကမ်းနားလမ်းတစ်လျှောက် Container ကားများ ပိတ်ဆို့ခြင်းတို့ကြောင့် အဆိုပါစီမံကိန်းအား ရပ်ဆိုင်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးတို့က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းအဆိုကို ပြည်သူ့လွှတ်တော်က ယနေ့အစည်းအဝေးတွင် ကန့်ကွက်သူမရှိ အတည်ပြုလိုက်သည်။

ယခုစီမံကိန်းသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအခန်း ၄ အပိုဒ် ၇ ပြဋ္ဌာန်းချက်အရ "ကော်မရှင်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏လုံခြုံရေးအခြေအနေ၊ စီးပွားအခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေနှင့် လူမှုအကျိုးစီးပွားကို ကြီးမားစွာသက်ရောက်မှုဖြစ်စေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများကို ပြည်ထောင်စုအစိုးရမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်" ဟူသောပြဋ္ဌာန်းချက်ကို ချိုးဖောက်၍ ခွင့်ပြုလိုက်သောလုပ်ငန်းဖြစ်ကြောင်း ဦးအောင်ကျော်ကျော်ဦး၏ ပြောကြားချက်အရ သိရသည်။

**(သတင်းစဉ်)**

# ခွေးရှည်ဖွံ့ဖြိုးရေးတာတမံ၌ ပျက်စီးနေသောတာတမံဆည်ရိုးများ ရန်ပုံငွေအပေါ်အခြေခံပြီး ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဇွန် ၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆည်မြောင်းကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ဖြေကြားခဲ့သည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **ဟိုပန်မြို့နယ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရှိ မော်ဟွေ့ကျေးရွာအုပ်စုနှင့် ဟင်းနားကျေးရွာတို့မှ ရေတိုက်စားကမ်းပါးပြိုကျမှုများ အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ လိုအပ်သည့် အသေးစိတ် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ခန့်မှန်းကုန်ကျငွေကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ မူလရန်ပုံငွေတွင်တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ်အခြေခံပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ



ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်

လုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ **ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ခွေးရှည်ကျေးရွာအုပ်စု ခွေးရှည်ဖွံ့ဖြိုးရေးတာတမံ၌ ပျက်စီးနေသော တာတမံဆည်ရိုးများကို ပြည်ထောင်စုအစိုးရမှ ပြန်လည်ဆည်ဖို့ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ခွေးရှည်လယ်သမားတာ၏ ကာကွယ်ရေိယာအတွင်းရှိ ရေငန်ငါးပုစွန်မွေးမြူရေးလုပ်ငန်းရှင်များနှင့် လယ်သမားများအကြား ဖြစ်ပွားနေသည့် မပြေလည်မှုများနှင့် အငြင်းပွားမှုများကို ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်သည့်ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ဒေသခံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပြီးနောက် မူလဦးစားပေး ရည်ရွယ်ချက်အတိုင်း မိုးစပါးစိုက်ပျိုးမြေများ ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် ခွေးရှည်လယ်သမားတာပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ရန် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ်အခြေခံပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်မှ ပြန်လည်ပေးပို့လာသည့် ပြင်ဆင်ချက်လေးခုအနက် ပြင်ဆင်ချက် သုံးခုကို အမျိုးသားလွှတ်တော်က သဘောတူခဲ့ပြီး ကျန်ပြင်ဆင်ချက်အား ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့သည်။

အမျိုးသားလွှတ်တော် အစည်းအဝေး ၃၉ ရက်မြောက်နေ့ကို ဇွန် ၉ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# မိုးရာသီ၌ ရေလုံလောက်စွာမရရှိသည့် ဆည်ရေသောက်လယ်ယာမြေများ ဆည်မြောင်းမှ ရေဖြည့်တင်းပေးသွားမည်

**နေပြည်တော် ဇွန် ၈**

"ယခုအချိန်ကစပြီး ဆည်ရေသောက်တဲ့ တစ်တိုင်းပြည်လုံးက တောင်သူလယ်သမားတိုင်း ဆည်ရေကို မိုးစပါးသီးနှံအတွက် လိုအပ်ရင်၊ လိုအပ်သလို နေရာတိုင်းမှာထုတ်ပြီး သုံးစွဲလို့ရတာကို ကျွန်တော်ဖြေကြားလိုပါတယ်"ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ယနေ့အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

"ဆည်နဲ့ပတ်သက်ပြီး မိုးတွင်းမှာ ရေမပေးရတဲ့မူဝါဒကို မိုးတွင်းမှာ စိုက်သမျှ ဆည်ရေနဲ့သုံးတဲ့ ဆန်စပါးစိုက်ပျိုးလုပ်ငန်းတွေကို လိုအပ်ရင်လိုအပ်တဲ့အချိန်မှာ အချိန်မီ လယ်သမားတွေကို ကျေးရွာအုပ်ချုပ်ရေးအဆင့်ဆင့်၊ ရေစီမံခန့်ခွဲအဖွဲ့အစည်းအားလုံးနဲ့ ညှိနှိုင်းပြီး ရေကို အခရင်လို နွေစိုက်ပျိုးဖို့၊ လူကြီးတွေလာရင်ပြဖို့အတွက် စုဆောင်းထားခြင်းမျိုးစတဲ့ အလုပ်မဖြစ်တဲ့လုပ်ငန်းတွေ ပယ်ဖျက်ပြီး လိုအပ်သလို ထုတ်ပြီးသုံးစွဲလို့ရပါတယ်။ ဆည်ရေနဲ့ပတ်သက်ပြီး မိုးရာသီမှာ စိုးရိမ်သောကနဲ့ သိမ်းဆည်းထားတဲ့ အနှောင့်အယှက်တွေကို ယခုလိုဖြေရှင်းပေးတဲ့အပြင် ကျန်ရှိမယ့် နွေရာသီမှာ ဆည်ရေကို စပါးသီးနှံသက်သက်အတွက် ရည်ရွယ်တာမဟုတ်ဘဲနဲ့ အစိုးရသစ်ရဲ့မူဝါဒအရ ဘယ်သီးနှံမဆို အကျိုးရှိတဲ့သီးနှံကို အကျိုးရှိသလောက် လယ်သမားစိတ်ကြိုက်ရွေးချယ်စိုက်ပျိုးနိုင်ပါတယ်။ လယ်သမားရဲ့ ဈေးကွက်စီးပွားရေးမှုအရ အကျိုးရှိတဲ့လုပ်ငန်းကို အကျိုးရှိသလို စီမံဆောင်ရွက်ခွင့်ပေးတဲ့အပြင် နွေမှာ ဆည်ရေသောက်လုပ်ငန်းတွေကို ကျေးရွာရဲ့စီမံခန့်ခွဲမှုအတိုင်း လွတ်လွတ်လပ်လပ် အကျိုးရှိတဲ့သီးနှံတွေကို အကျိုးရှိသလို စီမံဆောင်ရွက်နိုင်ပါတယ်"ဟု ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ပြောကြားသည်။

**နွေရာသီမှာ ဆည်ရေကို စပါးသီးနှံသက်သက်အတွက် ရည်ရွယ်တာမဟုတ်ဘဲနဲ့ အစိုးရသစ်ရဲ့မူဝါဒအရ ဘယ်သီးနှံမဆို အကျိုးရှိတဲ့သီးနှံကို အကျိုးရှိသလောက် လယ်သမား စိတ်ကြိုက်ရွေးချယ် စိုက်ပျိုးနိုင်**

လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ဒုတိယဝန်ကြီး၏ပြောကြားမှုကိုသေချာမှတ်သား၍ ဆည်ရေသောက်နေရာများနှင့်ပတ်သက်သော ကိုယ်စားလှယ်များက ဒေသတွင် ရှင်းလင်းပြောကြားပြီး ဆောင်ရွက်မှုမရှိပါက ပြန်လည်တင်ပြရန် အသိပေးလိုပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြောကြားသည်။

"မိုးခေါင်တဲ့ အညာဒေသတွေမှာက စပါးသီးနှံဖြစ်ထွန်းဖို့အတွက် ရေရရှိရေးကို နွေရော မိုးရောလိုနေမှာဖြစ်ပါတယ်။ အချို့ဒေသတွေမှာဆို တစ်နှစ်ပတ်လုံး မိုးရေချိန် ၃၀ လက်မ ရတဲ့ဒေသတွေရှိပါတယ်။ အဲ့ဒီဒေသတွေဆို ရေက အမြဲလိုနေတာ။ ဒါ့ကြောင့် စပါးအတွက် နွေရော မိုးရော ဆည်ရေပေးမယ်ဆိုရင် ကောင်းပါတယ်။ သီးနှံထွက်အောင် ရေက အဓိကပဲ စပါးဆိုတာ ရေကြိုက်တယ်။ ရေရလို့ကတော့ အထွက်နှုန်းလည်း တိုးတာပေါ့"ဟု လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဝန်ထမ်းဟောင်း ဦးသန်းဦးက ဆိုသည်။

ဆည်ရေသောက် လယ်ယာမြေများကို နွေသာမက မိုးရာသီတွင်ပါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အောင်ရေပံ့ပိုးပေးတော့မည်ဖြစ်သည်။ လယ်စိုက်တောင်သူများအနေဖြင့် မိုးရာသီတွင် မိုးပြတ်၍ အောင်ရေရရှိမှုအတွက် စိုးရိမ်ပူပန်မှုများကို လျော့ချနိုင်မည့်အပြင် သီးထပ်သီးညှပ်များ စိုက်ပျိုး၍ လယ်သမားများ ဝင်ငွေတိုးတက်လာမည်ဖြစ်သည်။

**သန့်ဇင်ဝင်း**

# မြေယာပြဿနာများ ဖြေရှင်းပေးရန် ခေတ်မီမြေတိုင်းကိရိယာများဖြင့် ကွင်းဆင်းလေ့ကျင့်သင်ကြားပေး

**ဝါးခယ်မ ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ရက် ၁၀၀ စီမံချက်အရ မြေတိုင်းတာခြင်းနှင့် မြေယာစီမံခန့်ခွဲရေးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ဖွင့်လှစ်ပို့ချလျက်ရှိပြီး ခေတ်မီ မြေတိုင်းကိရိယာများဖြင့် ကွင်းဆင်းလေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းသားများနေဖြင့် မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ခေတ်မီမြေတိုင်းကိရိယာများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန်၊ မြေယာပြဿနာများကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်၊ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်လုပ်ငန်းများကို လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်ကာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းကို ဇွန် ၁ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလမှာ ဇွန် ၁၀ ရက်အထိဖြစ်ကြောင်းနှင့် သင်တန်းသား ၅၈ ဦးတက်ရောက်လျက်ရှိကြောင်း သိရသည်။ ဇွန် ၇ ရက်တွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းရှိန်က သင်တန်းသားများအား ခေတ်မီမြေတိုင်းကိရိယာများဖြင့် မြေတိုင်းနည်းများကို မြို့ပေါ်ရက်ကွက်များ၌ လက်တွေ့ကွင်းဆင်းပို့ချခဲ့ကာ လက်တွေ့ကွင်းဆင်းလေ့ကျင့်မှုများဖြင့် ဆက်လက်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် စင်ကာပူဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇွန် ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံးတို့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ Parkroyal ဟိုတယ် ပတ္တမြားခန်းမ၌ တွေ့ဆုံကြသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် အာဆီယံတည်ငြိမ်အေးချမ်းရေးနှင့် ကမ္ဘာ့တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ အာဆီယံအသိုက် အဝန်းအတွင်း၌ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြားဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်နိုင်မည့်အခြေအနေများ၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေး၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး လုပ်ဆောင်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိ

စစ်တွေ ဇွန် ၈

**ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အကောင်အထည်ဖော်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီလေးခုကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီက ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသူများအတွက် နိုင်ငံသားကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်ခွင့်ရရှိစေရန် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်အတွက် ကျောက်ဖြူ၊ မြေပုံ၊ ပုဏ္ဏားကျွန်းမြို့နယ်တို့တွင် ကနဦးလုပ်ငန်းစဉ်အဖြစ် နိုင်ငံသားစိစစ်ခံမည့်သူ၏သက်သေခံကတ်ပြား (Identity Card for National Verification - NVC) များကို ဇွန် ၇ ရက်မှစ၍ ထုတ်ပေးလျက်ရှိသည်။

NVC ကတ်မှာ ကြည်ပြာရောင်ဖြစ်ပြီး နိုင်ငံသားဖြစ်ရန် ပထမအဆင့်ခြေလှမ်းဖြစ်ကာ ဒုတိယအဆင့်တွင် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းကတ်ကိုင်ဆောင်ထားခြင်းဖြင့် တစ်ဖက်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း၊ NVC ကတ်တွင် လူမျိုးနှင့် ဘာသာကို ဖော်ပြခြင်းမပြုကြောင်း ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလွင်က ပြောသည်။

နိုင်ငံသားစိစစ်ရေးကိစ္စလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လက်ရှိအိမ်ထောင်စုစာရင်းတွင်ရှိသော လူဦးရေအနက် အသက် ၁၀ နှစ် အထက်ရှိသူများအား NVC ကတ် ထုတ်ပေးသွားမည်ဖြစ်သည်။ ယင်းကတ်အပေါ်၌ မူတည်ပြီး ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံသားအဖြစ်ရရှိစေရန် မြို့နယ်အဆင့်၊ ပြည်နယ်အဆင့် ကော်မတီများဖွဲ့စည်းကာ စိစစ်ဆောင်ရွက်သွားမည်ဖြစ်သည်။

NVC ကတ်ထုတ်ပေးခြင်းလုပ်ငန်းကို ရခိုင်ပြည်နယ်တစ်ခုတည်းတွင်သာမဟုတ်ဘဲ နယ်စပ်နှင့်ထိစပ်လျက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



NVC ကတ်များကို စတင်ထုတ်ပေးသည့် ဇွန် ၇ ရက်တွင် မြေပုံမြို့နယ် တောင်ပေါ်ရပ်ကွက် IDP စခန်း၌ အမျိုးသား ၅၇ ဦး၊ အမျိုးသမီး ၆၉ ဦး၊ ကျောက်ဖြူမြို့နယ် ကျောက်တစ်လုံး IDP စခန်းတွင် အမျိုးသား ၄၁ ဦး၊ အမျိုးသမီး ၅၁ ဦး၊ ဇွန် ၈ ရက်တွင် မြေပုံမြို့နယ်၌ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၇ ဦး၊ ကျောက်ဖြူမြို့နယ်တွင် အမျိုးသား ၅၆ ဦး၊ အမျိုးသမီး ၈၄ ဦး စုစုပေါင်း ၃၉၀ ကို ထုတ်ပေးနိုင်ခဲ့သည်။ သို့ရာတွင် ပုဏ္ဏားကျွန်းမြို့နယ်တွင် NVC ကတ်ထုတ်ပေးမှုနှင့် ပတ်သက်၍ နားလည်မှုလွဲမှားခြင်းအနည်းငယ်ရှိသဖြင့် ထုတ်ပေးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

"NVC ကတ်ပုံစံမှာ လူမျိုးနဲ့ဘာသာကို ထည့်သွင်းထားတာမရှိတဲ့အတွက် ....... ပြန်စဉ်းစားမယ်လို့ ပြောတယ်။ ဒါကြောင့် ကျွန်တော်တို့က ပြန်လည်အကြောင်းပြန်ဖို့အတွက် တစ်ပတ်အချိန်ပေးခဲ့ပါတယ်။

"ကျောက်ဖြူနဲ့ မြေပုံမှာလည်း လူမျိုးဘာသာ ကောက်ယူတာမရှိပါဘူး။ အားလုံးနိုင်ငံသားဖြစ်တာကိုပဲ အဓိကထားဆောင်ရွက်တာ ဖြစ်ပါတယ်။ အဲဒီ နှစ်မြို့ကို အဆင်ပြေအောင် ဆောင်ရွက်သွားမယ်ဆိုရင် ပုဏ္ဏားကျွန်းမှာလည်း အဆင်ပြေသွားမယ်လို့ ထင်ပါတယ်" ဟု ဦးဝင်းလွင်က ပြောသည်။

NVC ကတ်များမထုတ်ပေးမီ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက လူထုအတွင်း ကွင်းဆင်းကာ ရှင်းလင်းပြသခဲ့သည်။ NVC ကတ်ထုတ်ပေးခြင်းလုပ်ငန်းအား လူဦးရေအနည်းအများအပေါ်မူတည်၍ အချိန်မည်မျှကြာမြင့်မည်ကို ခန့်မှန်းမရကြောင်း ဦးဝင်းလွင်၏ ပြောကြားချက်အရ သိရသည်။

**(မြန်မာ့အလင်း)**



# မန္တလေး-ကောလင်း ၁၅၅ မိုင်ခရီးကို RBE ရထားဖြင့် မကြာမီပြေးဆွဲသွားမည်

**ကောလင်း ဇွန် ၈**

မန္တလေးဘူတာမှ ကောလင်းဘူတာ ၁၅၅ မိုင်ခရီးကို ပြေးဆွဲပေးသွားမည့် RBE ရထားတွဲဆိုင်းအသစ်များ ဇွန် ၈ ရက်က ကောလင်းစက်ခေါင်းရုံသို့ ရောက်ရှိလာပြီဖြစ်သည်။ RBE ရထားတွင် မျက်နှာချင်းဆိုင်ထိုင်ခုံများ၊ အဲကွန်း၊ ပန်ကာများ တပ်ဆင်ထားရှိကြောင်း သိရသည်။

တွဲဆိုင်းအသစ်များသည် ခေတ်မီတွဲဆိုင်းများဖြစ်ပြီး ခရီးသွားပြည်သူများအနေဖြင့် အဆင်ပြေစွာ သွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီး ကောလင်းမြို့မှ မန္တလေးမြို့သို့ မော်တော်ယာဉ်လိုင်းများ အပြိုင်အဆိုင် ပြေးဆွဲလျက်ရှိနေသော်လည်း မီးရထားဖြင့် သွားလာနေသော ခရီးသွားပြည်သူများလျော့နည်းကျဆင်းမှုမရှိသေးဘဲ ယခုလို နိုင်ငံတော်အစိုးရက RBE ရထားကို ပြေးဆွဲပေးခြင်းကြောင့် ခရီးသွားပြည်သူများ ငွေကြေးသက်သာစွာဖြင့် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်တော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထား (ကောလင်း) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကိုကိုမောင်(ကောလင်း)**

# (၁၁) ကြိမ်မြောက် သုတစွယ်စုံစာပေဆု ဆုရရှိသူများ စာရင်းထုတ်ပြန်ကြေညာ

**ရန်ကုန် ဇွန် ၈**

စွယ်စုံမီဒီယာဂရု(ပ်) (Swe Sone Media Group) ၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် (၁၁)ကြိမ်မြောက် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ဇွန် ၇ ရက်က ထုတ်ပြန်ကြေညာလိုက်သည်။

(၁၁)ကြိမ်မြောက် သုတစွယ်စုံစာပေဆုရရှိသူများမှာ သုတစွယ်စုံတစ်သက်တာစာပေဆုအတွက် ဆရာ ဦးစိန်တင် (တက္ကသိုလ်စိန်တင်)၊ စာပဒေသာဘာသာရပ်အတွက် "ကျွန်တော်နဲ့----ဆောင်းပါးများစုစည်းမှု" စာအုပ်ဖြင့် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ ရည်ညွှန်းစာပေဘာသာရပ်အတွက် "ဦးသန့်၊ ကုလသမဂ္ဂနှင့် အတွင်းရေးမှူးချုပ်များ" စာအုပ်ဖြင့် ထွန်းသစ်၊ အတ္ထုပ္ပတ္တိစာပေဘာသာရပ်အတွက် "ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်ခဲ့သူနှင့် စာပေလူကြမ်းမင်းသား" စာအုပ်ဖြင့် ဝင်းငြိမ်း၊ နိုင်ငံတကာရေးရာ ဘာသာရပ်အတွက် "အနောက်ကမ္ဘာသို့ခရီးသွားခြင်း" စာအုပ်ဖြင့် သတိုးလွင် (ပထဝီဝင်)၊ ဝိဇ္ဇာဘာသာရပ်အတွက် "ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှုအရည်အသွေးကိုလေ့လာခြင်း (ပထမမြန်မာနိုင်ငံတော်)" စာအုပ်ဖြင့် ကျော်ကျော်လှိုင်၊ (SMART) အသုံးချ သိပ္ပံဘာသာရပ်အတွက် "လက်ပံတောင်းတောင်၊ ကြေးစင်တောင်၊ စံပယ်တောင်၊ မြန်မာ့ကြေးနီသတ္တုသိုက်နှင့် ကမ္ဘာ့ကြေးနီသတ္တုသိုက်များ" စာအုပ်ဖြင့် ပန်းတနော် ခင်မောင်မြင့် တို့ရရှိကြောင်း သိရသည်။

အဆိုပါဆုများကို တစ်သက်တာစာပေဆုအတွက် ငွေကျပ်သိန်း ၂၀ နှင့် စာအုပ် ဆုများအတွက် စာရေးဆရာတစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။ ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့တွင် ယခုလအတွင်းကျင်းပရန်စီစဉ်လျက်ရှိ၍ ဆုချီးမြှင့်မည့်ရက်၊ အချိန်နှင့်နေရာကို ဆက်လက်ကြေညာမည်ဖြစ်ပြီး ဆုရရှိသူများသည် စွယ်စုံမီဒီယာဂရု(ပ်) ဖုန်း-၀၁-၃၈၅၂၉၃၊ ၃၉၂၇၃၉၊ ၃၇၄၄၀၀ တို့သို့ အမြန် ဆက်သွယ်သတင်းပေးပို့ကြရန် အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

သုတစွယ်စုံစာပေဆုကို ၂၀၀၆ ခုနှစ်မှစတင်၍ နှစ်စဉ်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် (၁၁) ကြိမ်မြောက်ချီးမြှင့်ခြင်းဖြစ်ကာ ၂၀၁၄ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့်စာအုပ်များမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ စုစုပေါင်း ၁၂ ဆုချီးမြှင့်ရန်လျာထားသော်လည်း ယခုနှစ်အတွက် ဘာသာပြန်၊ လူမှုစီးပွား၊ နိုင်ငံရေးစာပေ၊ လူငယ်စာပေနှင့် သုတသိပ္ပံ ဘာသာရပ်များအတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိ၍ ဆုခုနှစ်ဆုသာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းနေမည်။

**(မိုး/ဇလ)**

# စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန်နှင့် တွေ့ဆုံ



**နေပြည်တော် ဇွန် ၈**

စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန်နှင့် ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ Parkroyal ဟိုတယ် ပတ္တမြားခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ သူရဦးအေးမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးတင်နိုင်သိန်း၊ ဗဟိုအလုပ်အမှုဆောင် ဦးစိုးနိုင်၊ ဦးခင်ရီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## လွှတ်တော်ရုံးအသီးသီးနှင့် UNDP / IPU တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လွှတ်တော်ကော်မတီများအတွက် ခေါင်းဆောင်မှုနှင့် ပညာရပ်ပိုင်းဆိုင်ရာစွမ်းရည်မြှင့်တင်ရေးအစီအစဉ် တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၈**

လွှတ်တော်ရုံးအသီးသီးနှင့် UNDP / IPU တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လွှတ်တော်ကော်မတီများအတွက် ခေါင်းဆောင်မှုနှင့်ပညာရပ်ပိုင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးအစီအစဉ် တတိယနေ့ကို ဇွန် ၈ ရက်က လွှတ်တော်သဘင်ဆောင်နှင့် ထမင်းစားခန်းမကြီးတို့၌ ဆက်လက်ကျင်းပသည်။

အဆိုပါအစီအစဉ်သို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ နိုင်ငံတကာလွှတ်တော်များမှ ကိုယ်စားလှယ်များနှင့် ကော်မတီကျွမ်းကျင်သူများ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ကမ္ဘောဒီးယားနိုင်ငံဘုရင်ထံ သံအမတ်ကြီး ဦးမြင့်စိုး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၉**

ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးဦးမြင့်စိုးသည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ဖနောင်ပင်မြို့၌ ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## တောရိုင်းတိရစ္ဆာန်များနှင့် သစ်တောမှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇွန် ၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် UNODC တို့ ပူးပေါင်းကျင်းပသည့် တောရိုင်းတိရစ္ဆာန်များနှင့် သစ်တောမှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၇ ရက် နံနက်ပိုင်းက နေပြည်တော် Park Royal Hotel ၌ ပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးမှ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Giovanni Broussard၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် သစ်တောရဲတပ်ဖွဲ့မှ အရာရှိများ တက်ရောက်ခဲ့ကြသည်။



ဆွေးနွေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်က အမှာစကားပြောကြားပြီး ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး၏ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Giovanni Broussard နှင့် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များက တောရိုင်းတိရစ္ဆာန်နှင့် သစ်တောမှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုလုပ်ငန်းအခြေအနေများ၊ ဥပဒေပြဋ္ဌာန်းချက်များ၊ ရှေ့ဆက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဒေါက်တာအမ်ဘူယာ အိုင်ဇတ် မန်လိုအား မာလာဝီနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် ဇွန် ၉**

နယူးဒေလီမြို့အခြေစိုက် မာလာဝီသမ္မတနိုင်ငံသံအမတ်ကြီး ဒေါက်တာအမ်ဘူယာ အိုင်ဇတ်မန်လိုအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မာလာဝီသမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပထမဦးဆုံး သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် မာလာဝီသမ္မတနိုင်ငံ၏ အဆိုပြုချက်ကို သဘောတူပြီးဖြစ်ပါသည်။

ဒေါက်တာ အမ်ဘူယာ အိုင်ဇတ် မန်လိုကို ၁၂-၃-၁၉၅၈ ရက်နေ့တွင် မာလာဝီသမ္မတနိုင်ငံ ချီရာဇုလုဒေသတွင် မွေးဖွားခဲ့ပါသည်။ ဗြိတိန်နိုင်ငံ ဟဲလ်တက္ကသိုလ်မှ ၁၉၉၄ ခုနှစ်တွင် တွေးခေါ်မှုပိုင်းဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ကို လည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် စီမံခန့်ခွဲမှုနည်းစနစ်များနှင့် သိပ္ပံဘာသာရပ်များဆိုင်ရာ ဒေါက်တာဘွဲ့ကိုလည်းကောင်း ရရှိခဲ့ပါသည်။ ထို့နောက် ၁၉၉၇ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဗြိတိန်နိုင်ငံ ဟန်းဘားဆိုက်ဒ်နှင့် လင်ကွန်းရှိုင်းယားတက္ကသိုလ်တွင် တွေးခေါ်မှုပိုင်းဆိုင်ရာ ကထိကအဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ အိုင်ဘစ်ဒိန်းမတ် ရန်ပုံငွေအဖွဲ့တွင် အာဏာရအဖွဲ့အစည်း၏ အကြံပေးအဖြစ် လည်းကောင်း၊ ၂၀၁၁ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အတွင်း မိုဇမ်ဘစ်အစိုးရပူးပေါင်းဆောင်ရွက်မှု၏ အိုင်ယာလန်ကူညီမှုအသင်း၌ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံကိန်း အကြံပေးအဖြစ် လည်းကောင်း၊ စားသောက်ကုန် ဘေးကင်းရေးနှင့်ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကြီးကြပ်ရေးမှူးအဖြစ်လည်းကောင်း၊ အီးယူ-မာလာဝီ အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှု၏ အမျိုးသားပူးပေါင်းဆောင်ရွက်ရေး ကြီးကြပ်ရေးမှူးအဖြစ်လည်းကောင်း၊ အာဖရိကသမဂ္ဂဆိုင်ရာ အာဖရိကနှင့် အခြားအာဖရိကနိုင်ငံ ၂၀ တို့၏ စီးပွားရေးကော်မရှင်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ဩဂုတ်လမှ ယခုအချိန်အထိ အရှေ့အာဖရိက ဒေသပိုင်းဆိုင်ရာ စားသောက်ကုန်နှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့အစည်းတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတိုင်ပင်ခံအကြံပေးအဖြစ်လည်းကောင်း၊ ငတ်မွတ်မှု အဆုံးသတ်ရန် ပူးပေါင်းဆောင်ရွက်မှုသစ်၏ ဒေသဆိုင်ရာ အရာရှိအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလမှ ယခုအချိန်အထိ အိန္ဒိယနိုင်ငံဆိုင်ရာ မာလာဝီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် နယူးဒေလီမြို့တွင် အခြေစိုက်၍ ပြည်ပနိုင်ငံခြောက်နိုင်ငံအား ပူးတွဲတာဝန်ယူလျက်ရှိပါသည်။ အင်္ဂလိပ်ဘာသာစကား၊ နာရမ်းဂျာဘာသာစကား၊ ပြင်သစ်ဘာသာစကားနှင့် ပေါ်တူဂီဘာသာစကားတို့ကို ပြောဆိုနိုင်ပါသည်။ ၎င်းသည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး သားသမီးလေးဦး ရှိပါသည်။

နယူးဒေလီမြို့အခြေစိုက်သည့် မာလာဝီသမ္မတနိုင်ငံသံအမတ်ကြီး ဒေါက်တာအမ်ဘူယာ အိုင်ဇတ် မန်လိုသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မာလာဝီသမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

ထိုသို့ရှင်းလင်းခြင်းနှင့်ပတ်သက်၍ ကောင်းမှုတုံရပ်ကွက်တွင် နေထိုင်သူ ဦးစိုင်းကျော်ဦးက "စည်ပင်သာယာရေးဌာနအနေဖြင့် ရက်(၁၀၀)စီမံချက်အတွင်းမှာ အခုလိုတရားမဝင်ဘဲ အခြေချနေထိုင်ဆောက်လုပ်ထားသော ကျူးကျော်တဲတွေ၊ ဈေးဆိုင်ခန်းတွေကို ရှင်းလင်းပေးခြင်းဖြင့် ကျွန်တော်တို့ ရပ်ကွက်နေပြည်သူများ အနေဖြင့် အဓိကကတော့ လုံခြုံရေးစိတ်ချရတာပေါ့၊ နောက်ပြီးတော့ သွားရေးလာရေး အဆင်ပြေချောမွေ့တယ်၊ မြို့အင်္ဂါရပ်နှင့်အညီ လမ်းဘေးဝဲ/ယာ တစ်လျှောက် သန့်ရှင်းသာယာလာတယ်၊ ကျွန်တော်တို့ကတော့ သဘောကျပါတယ်"ဟု ပြောကြားသည်။

**အယ်လ်စိုး(iprd)**

## သီပေါမြို့နယ်မှ တိုက်ပွဲရှောင်များအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**သီပေါ ဇွန် ၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ္မကျေးရွာအုပ်စု နားတော်ကျေးရွာများမှ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်နှင့် ဝိုင်းကောင်(မြို့ဟောင်း) ဘုန်းကြီးကျောင်းများ၌ ခိုလှုံလျက်ရှိကြသော တိုက်ပွဲရှောင် ပြည်သူများအား ရက်၁၀၀ စီမံချက် ဖြင့် မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီး အရာရှိ ဦးစိုင်းထွန်းအေးနှင့် ဝန်ထမ်းများက ဇွန် ၈ ရက်က နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ကွင်းဆင်း ဆောင်ရွက်ပေးကြသည်။

အဆိုပါ တိုက်ပွဲရှောင်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး (လားရှိုး) ဦးစောနိုင်နှင့်အဖွဲ့ဝင်များ၊ သီပေါမြို့နယ်မှ တာဝန်ရှိသူများနှင့် လူမှုရေးအဖွဲ့များက အားပေးစကားပြောကြားပြီး လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးသည်။

ထို့နောက် ဝိုင်းကောင်(မြို့ဟောင်း)နှင့် အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်မှ တိုက်ပွဲရှောင်ပြည်သူ ၁၂၈ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ပြီး ကျန်ရှိသည့် တိုက်ပွဲရှောင်များကိုလည်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# အမေရိကန်နှင့် အိန္ဒိယလုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်သဘောတူ

**ဝါရှင်တန် ဇွန် ၈**

အိန္ဒိယသမုဒ္ဒရာနှင့် တောင်တရုတ် ပင်လယ်ပြင်တွင် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် အမေရိကန်နှင့်အိန္ဒိယတို့က သဘောတူခဲ့သည်။ နှစ်နိုင်ငံသည် တရုတ်၏ရေကြောင်းလှုပ်ရှားမှုများကို ထိန်းသိမ်းရန် သိသိသာသာပြသလိုက်ခြင်းပင်ဖြစ်သည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီတို့သည် အင်္ဂါနေ့က အိမ်ဖြူတော်၌ တွေ့ဆုံခဲ့သည်။

နှစ်နိုင်ငံအနေဖြင့် ယခုနှစ်ဧပြီလက သဘောတူညီထားသော ဒေသတွင်း စစ်ရေးပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုခဲ့ကြသည်။

အမေရိကန်နှင့် အိန္ဒိယတို့သည် ၂၀၀၈ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သော အိန္ဒိယတွင် နျူကလီးယားဓာတ်ပေါင်းဖိုခြောက်ခု တည်ဆောက်ရေးအတွက် ၂၀၁၇ ခုနှစ်ဇွန်လတွင် အပြီးသတ်ရန် သဘောတူခဲ့သည်။



တွေ့ဆုံမှုအပြီး ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံနှစ်နိုင်ငံသည် ကဏ္ဍတိုင်းတွင် ပူးပေါင်းဆောင်ရွက်မှုကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း အိုဘားမားက ပြောခဲ့သည်။ မိုဒီကလည်းနှစ်နိုင်ငံ၏ မိတ်ရင်းဆွေရင်း ဆက်ဆံရေးအပေါ် ဂုဏ်ယူမိကြောင်းပြောခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# ဗင်နီဇွဲလားနိုင်ငံ၌ အစားအစာဖြန့်ဝေခြင်း အစီအစဉ်သစ်ပြုလုပ်

**ကရာကတ် ဇွန် ၈**

ဗင်နီဇွဲလားနိုင်ငံ၏ အစားအစာ ဖြန့်ဝေခြင်း အစီအစဉ်အသစ်သည် အစားအစာပြတ်လပ်မှုကို လျော့ပါးစေရေး ယာယီအစားထိုး အစီအစဉ်တစ်ခု ဖြစ်သည်ဟု ထိပ်တန်းအရာရှိတစ်ဦးက အင်္ဂါနေ့တွင်ပြောသည်။ ယခုပြုလုပ်သည့် အစီအစဉ်သည် အရေးပေါ်မူဝါဒဖြစ်သည် ဟုဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ကြီး လူးဝစ်မာကာနိုက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ဗင်နီဇွဲလားအစိုးရသည် အစားအစာရှားပါးမှုကို တိုက်ဖျက်ရန် ပြည်တွင်းထောက်ပံ့ရေးနှင့် ထုတ်လုပ်ရေးကော်မတီကို ဖွဲ့စည်းကာ ခရိုင်/မြို့နယ်များဆီသို့ အခြေခံစားသောက်ကုန်များ လစဉ်ဖြန့်ဝေပေးမည်ဖြစ်ပြီး ကွန်ရက်များဖြင့် အစားအသောက် ဖြန့်ဝေမည်ဖြစ်သည်။

သို့သော် ယင်းသို့ပြုလုပ်ခြင်းသည် အစားအစာပြတ်လပ်မှုကို ဖြေရှင်းနိုင်မည့် တိကျသည့် နည်းလမ်းမဟုတ်ဟု မာကာနိုက မှတ်ချက်ချသည်။ မာကာနိုသည် အခြေခံစားသောက်ကုန်များပြတ်လပ်ရခြင်းမှာ ဈေးကစားခြင်းကြောင့် ဖြစ်သည် ဟု ပြစ်တင်ခဲ့သည်။ သို့သော် အစားအသောက်ပြတ်လပ်ရခြင်းမှာ မကြာသေးမီနှစ်များက ပြုလုပ်ခဲ့သည့် အစိုးရ၏မှားယွင်းသော စီးပွားရေးစနစ်ကြောင့်ဟု ဝန်ခံခဲ့သည်။ မကြာမီနှစ်များအတွင်း ရေနံဈေးထိုးကျသွားခြင်းသည် အဓိကရေနံတင်ပို့သည့်နိုင်ငံကို စီးပွားရေးအကျပ်အတည်းများ ဖြစ်ပေါ်စေပြီး အာဏာရဆိုရှယ်လစ်ပါတီနှင့် အတိုက်အခံကွန်ဆာဗေးတစ်တို့အကြား နိုင်ငံရေးပဋိပက္ခများ ပိုမိုဆိုးရွားလာစေခဲ့သည်။

**(ဆင်ဟွာ)**

# မိုဟာမက်အလီ၏ အောက်မေ့ဖွယ်အခမ်းအနားသို့ အိုဘားမားတက်ရောက်မည်မဟုတ်

**နယူးယောက် ဇွန် ၈**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် သောကြာနေ့၌ပြုလုပ်မည့် လက်ဝှေ့ချန်ပီယံ မိုဟာမက်အလီ၏ အောက်မေ့ဖွယ် အခမ်းအနားကို တက်ရောက်မည်မဟုတ်ဟု အိမ်ဖြူတော်မှ ပြောသည်။

မိုဟာမက်အလီသည် အရီဇိုးနားပြည်နယ် ဖီးနစ်ဆေးရုံ၌ အသက် ၇၄ နှစ်တွင် ကွယ်လွန်ခဲ့သည်။ သောကြာနေ့၌ ပြုလုပ်မည့် အခမ်းအနားကို မိုဟာမက်အလီမွေးဖွားရာ ကင်တက်ကီပြည်နယ်၌ ပြုလုပ်မည်ဖြစ်ပြီး ကမ္ဘာ့ခေါင်းဆောင်များ တက်ရောက်မည်ဖြစ်သည်။

သမ္မတအိုဘားမားတို့ဇနီးမောင်နှံသည် ၎င်းတို့၏ သမီးဖြစ်သူ မာလီယာ၏ အထက်တန်းကျောင်းပြီးဆုံးခြင်းအခမ်းအနားသို့ တက်ရောက်မည်ဟု အိမ်ဖြူတော်မှပြောသည်။ ၎င်းတို့ သည် မိုဟာမက်အလီ၏မိသားစုထံသို့ စာတစ်စောင်ပို့မည်ဟု အိမ်ဖြူတော်မှ အကြီးတန်း အကြံပေးအရာရှိတစ်ဦးက ပြောသည်။

အခမ်းအနားသို့ တူရကီသမ္မတအာဒိုဂန်နှင့် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာတို့ တက်ရောက်မည်ဖြစ်သည်။ ဗြိတိန်ဟဲဗီးဝိတ်ချန်ပီယံဟောင်း လင်းနော့လူးဝစ်နှင့် ရုပ်ရှင်သရုပ်ဆောင် ဝီလ်စမစ်တို့သည် အခေါင်းထမ်းရာတွင် ပါဝင်ကြမည်ဖြစ်ပြီး အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်နှင့် သရုပ်ဆောင်ဘီလ်လီခရစ်စတယ်တို့သည် မိန့်ခွန်းပြောကြားကြမည်ဖြစ်သည်။

**(ဘီဘီစီ)**




# အရှေ့အလယ်ပိုင်း ပဋိပက္ခမှအစပြု၍ ကမ္ဘာလုံးဆိုင်ရာအကြမ်းဖက်မှုများ ပိုမိုဆိုးရွားလာ

**လန်ဒန် ဇွန် ၈**

၂၅နှစ်အတွင်းကမ္ဘာကြီးသည် အကြမ်းဖက်မှုများ ပိုမိုများပြားလာပြီး ပဋိပက္ခများအတွင်း သေဆုံးမှုများ မြင့်တက်လာသည်။ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ဒုတိယကမ္ဘာစစ်ပြီးကတည်းက နေရပ်စွန့်ခွာခဲ့ရသူများပိုမိုများပြားလာကြောင်း ၂၀၁၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးညွှန်းကိန်းအရ သိရသည်။

နှစ်စဉ်အညွှန်းကိန်းထုတ်ပြန်ချက်များအရ အညွှန်းတိုင်းတာချက် ၂၃ ခုတွင် အကြမ်းဖက်လုပ်ရပ်များ၊ တိုင်းပြည်စစ်ရေးအဆင့်အတန်းနှင့် လက်နက်တင်ပို့သည့်အချက်များလည်းပါဝင်ပြီးအရှေ့အလယ်ပိုင်း ပဋိပက္ခများသည် အဆိုးရွားဆုံးဖြစ်ကြောင်း သိရသည်။



အရှေ့အလယ်ပိုင်းအပြင် တစ်ကမ္ဘာလုံးသည် အညွှန်းကိန်းနောက်ကွယ်၌ အမှန်တကယ် ပို၍ငြိမ်းချမ်းကြောင်း သုတေသနပြုသူများက ပြောသည်။

"အရှေ့အလယ်ပိုင်း လတ်တလောဖြစ်ရပ်တွေက ကျွန်တော်တို့အနေနဲ့ အပြုသဘောဆောင်တဲ့ အမြင်တွေ ဆုံးရှုံးနေတယ်"ဟု အဆိုပါအညွှန်းကိန်းများ ထုတ်ပြန်သည့် စီးပွားရေးနှင့်ငြိမ်းချမ်းရေးဌာနတည်ထောင်သူ စတိကီလာလာက ပြောသည်။

"ပြီးခဲ့တဲ့နှစ်တွေကို ပြန်ကြည့်မယ်ဆိုရင် အရှေ့အလယ်ပိုင်းအရေးတွေကို ဖယ်ထုတ်ပစ်လိုက်ရင် ကမ္ဘာကြီးကပိုပြီး ငြိမ်းချမ်းတဲ့နေရာ ဖြစ်လာလိမ့်မယ်"ဟု ကီလာလာက ပြောခဲ့သည်။

ပဋိပက္ခအတွင်း သေဆုံးသူများသည် ၂၀၀၈ ခုနှစ်က ၂၀၀၀၀ နီးပါးရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်အတွင်းတစ်သိန်းကျော်ရှိလာကြောင်း အညွှန်းကိန်းများအရသိရသည်။

**(ရိုက်တာ)**

# ပါပူအာ နယူးဂီနီဝန်ကြီးချုပ် နုတ်ထွက်ပေးရန် ကျောင်းသားများဆန္ဒပြ

**ပါပူအာနယူးဂီနီ ဇွန် ၈**

ပါပူအာ နယူးဂီနီတွင် ရဲများက ဝန်ကြီးချုပ်ကို ဆန့်ကျင်ဆန္ဒပြသော ကျောင်းသားများကို သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဇွန် ၈ ရက်က ဖော်ပြခဲ့သည်။

ကျောင်းသားအများအပြား ဒဏ်ရာရရှိခဲ့ပြီး လေးဦးသေဆုံးခဲ့ကြောင်း အတိုက်အခံအမတ်များက ပြောသော်လည်း အတည်ပြုချက်မရှိသေးပေ။

ကျောင်းသားများသည် မြို့ထဲရှိ ၎င်းတို့၏အဆောင်များမှ ပါလီမန်သို့ ချီတက်လာကြသည်။ ကျောင်းသားများက ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးရန်နှင့် အကျင့်ပျက်ခြစားမှု စွပ်စွဲခံထားရခြင်းကိုဖြေရှင်းပေးရန် တောင်းဆိုလိုက်သည်။

ဝန်ကြီးချုပ်က အမှားတစ်စုံတစ်ရာပြုလုပ်ခြင်းကို ငြင်းဆိုလိုက်ပြီး ရာထူးမှနုတ်ထွက်ပေးမည်မဟုတ်ကြောင်း ပြောခဲ့သည်။

တစ်ပတ်အတွင်း နိုင်ငံရေးတင်းမာမှုများ နိုင်ငံအတွင်း မြင့်တက်လျက်ရှိပြီး ပါပူအာနယူးဂီနီတက္ကသိုလ်မှကျောင်းသားများ သပိတ်မှောက် ဆန္ဒပြကာ ဝန်ကြီးချုပ်အိုနေးကို အကျင့်ပျက်ခြစားမှုဖြင့် စွပ်စွဲခံထားရသောကြောင့် ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုလျက်ရှိသည်။

**(ဘီဘီစီ)**

# တရားမဝင် ဆော့ဖ်ဝဲတင်မိသည့်အတွက် ဆယ်ကျော်သက်တစ်ဦး အဖမ်းခံရ

**တိုကျို ဇွန် ၈**

တိုကျို၌ အသက် ၁၇ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးကို အခမဲ့ဆော့ဖ်ဝဲတစ်ခု အင်တာနက်တွင် တင်ခဲ့သည့်အတွက် ရဲတပ်ဖွဲ့ကဖမ်းဆီးခဲ့ကြောင်း သိရသည်။ အဆိုပါ ဆော့ဖ်ဝဲသည် ရုပ်မြင်သံကြားအစီအစဉ်များကို အသုံးပြုသူများအနေဖြင့် အခမဲ့ကြည့်ရှုနိုင်ခြင်းဖြစ်သည်။

၎င်းသည် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ဆာဂါစီရင်စု၌ နေထိုင်သူဖြစ်ပြီး ပြီးခဲ့သောနှစ်က ယင်းအစီအစဉ်ကို အင်တာနက်တွင် တင်ခဲ့ခြင်းဖြစ်ကြောင်း ရဲများက ပြောသည်။ စုံစမ်းသူများ၏ အပြောအရ တီဗွီအစီအစဉ် လျှို့ဝှက်နံပါတ်ကို ထည့်သွင်းပြီး ဆော့ဖ်ဝဲကို အင်စတောလုပ်ကာ ကွန်ပျူတာ၌အသုံးပြုသူများ အခမဲ့ကြည့်ရှုနိုင်ကြောင်းသိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ရွှေဥမင်တောင်ခြေရင်းမှ စက်ရေတွင်းအောင်မြင်



**ပင်းတယ ဇွန် ၈**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ဒေါ်လာတစ်သန်းခွဲတန် အင်္ဂလန်နိုင်ငံထုတ် DANDO အမျိုးအစား ရေတွင်းတူးစက်အသစ်ကြီးဖြင့် စက်ရေတွင်းများ တူးဖော်လှူဒါန်းပေးလျက်ရှိရာ ဇွန် ၄ ရက်မှ စတင်တူးဖော်ခဲ့သော ဒုတိယမြောက် စက်ရေတွင်းကို ဇွန် ၆ ရက်က ပင်းတယမြို့ ရွှေဥမင်လိုဏ်ဂူတောင်ခြေရင်း၌ မြေအောက် အနက်ပေ ၅၀၀ တွင် တစ်နာရီရေဂါလန် ၂၀၀၀ နှုန်းဖြင့် သန့်ရှင်းသော သောက်သုံးရေများ ရရှိနေပြီဖြစ်ပြီး အနီးပတ်ဝန်းကျင်ရှိ ငှက်ပျောတောရပ်ကွက်၊ ပြည်သာယာရပ်ကွက်နေပြည်သူများ နှင့် ရွှေဥမင်လိုဏ်ဂူသို့ လာရောက်ဘုရားဖူးကြသော ပြည်သူများ အား အကျိုးပြုနိုင်မည်ဖြစ်သည်။

ဖောင်ဒေးရှင်းမှ စုစုပေါင်း စက်ရေတွင်းကိုးတွင်းကို ရွှေဥမင်တောင်ခြေ၊ ဘဒ္ဒတောင်တရားစခန်း၊ ကုံလုံဘုန်းတော်ကြီးကျောင်း၊ ပင်ပျော်ကျေးရွာအုပ်စု(မြေကြားရွာ)၊ သစ်အယ်ပင်ကျေးရွာ၊ ရွာငယ်ရွာ၊ ပင်းတယ အထကခွဲ၊ မိုးကုတ်ဝိပဿနာတရားစခန်းတို့တွင် အောင်မြင်စွာ တူးဖော်လှူဒါန်းခဲ့ပြီးဖြစ်သည်။

ယခင်က ခြောက်မိုင်ခန့်ဝေးသော ပန်းစစ်ရေထွက်မှ ရေသွယ်တန်း အသုံးပြုကြသော်လည်း လူဦးရေတိုးပွားပြီး ဘုရားဖူးဧည့်သည်များ များပြားလာသောကြောင့် သောက်သုံးရေမှာ လုံလောက်မှုမရှိတော့ကြောင်း သိရသည်။ ဖောင်ဒေးရှင်းမှ စက်ရေတွင်းများ အောင်မြင်စွာတူးဖော်ပေးနိုင်ခဲ့သည့်အတွက် ဘုရားဖူးပြည်သူများ၊ ပင်းတယမြို့နေ ပြည်သူများနှင့် တရားစခန်းဝင်ယောဂီများအတွက် သန့်ရှင်းသောသောက်သုံးရေကို လုံလောက်စွာ ရရှိပြီဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အနာဂတ်မန္တလေးသစ်ဆီသို့ ကာတွန်းပြပွဲကြည့်ရှုသူများဖြင့်စည်ကား

**မန္တလေး ဇွန် ၈**

ပြည်သူများ အသိပညာဗဟုသုတရရှိရန် နှင့် အလွယ်တကူလာရောက်ကြည့်ရှုနိုင်စေရန်အတွက် မန္တလေးဒေသခံ ကာတွန်းဆရာ ၃၆ ဦး ပါဝင်ရေးဆွဲထားသည့် အနာဂတ်မန္တလေးသစ်ဆီသို့ ကာတွန်းပြပွဲကို မန္တလေးကျုံးပတ်လည်တွင် ဇွန်၇ ရက်မှ ၁၁ ရက်အထိ ငါးရက်ကြာ ပြသပေးလျက်ရှိပြီး ပြပွဲဒုတိယနေ့တွင် ကျုံးတောင်ဘက်ခြမ်းရှိ မန္တလေးဆီဒိုးနားဟိုတယ်ရှေ့၌ ပြသပေးလျက်ရှိသည်။ **(ယာပုံ)**



မန္တလေးဒေသခံများ စည်းကမ်းလိုက်နာမှုနှင့်ပတ်သက်၍ သိရှိနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ကွမ်းယာစားသုံးခြင်း၊ အမှိုက်စွန့်ပစ်ခြင်းနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ ပညာပေးကာတွန်းများကို ပြည်သူများ အလွယ်တကူကြည့်ရှုနိုင်ရန် ကျုံးပတ်လည်တွင် အလှည့်ကျ ပြသပေးခြင်းဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ပြောသည်။

"အကျိုးရှိပြီး ထိရောက်တဲ့ပြပွဲတစ်ခုပါ။ ကျုံးဘေးမှာ ဒီလိုကာတွန်းပြပွဲမျိုး အရင်က မလုပ်ဖူးသေးဘူး။ အဓိကကတော့ မြို့သူမြို့သားတွေ စည်းကမ်းလိုက်နာမှုနဲ့ပတ်သက်ပြီး သိရှိနိုင်အောင် ပညာပေးပြသခြင်း ဖြစ်တဲ့အတွက် လာရောက် ကြည့်ရှုစေချင်ပါတယ်"ဟု ၎င်းက ဆိုသည်။

"ကာတွန်းဆရာတွေဟာ ပြည်သူတွေနဲ့ တစ်သားတည်းရှိနေပြီး ပြည်သူတွေပြောချင်တာတွေကို ကာတွန်းပညာနဲ့ ပြောပြနေတဲ့ ပြည်သူရဲ့စကားပြန်တွေပဲဖြစ်ပါတယ်။ ကာတွန်းဆိုတာ အမြဲတမ်းသူများကို အပြစ်ပြောနေတာ မဟုတ်ပါဘူး။ လက်ရှိကာလမှာ တွေ့မြင်နေရတဲ့ မသင့်တော်တာလေးတွေကို ထောက်ပြပြီး အသိပေးနေတာတွေဟာ ကျွန်တော်တို့ ကာတွန်းဆရာတွေရဲ့ အလုပ်ပဲဖြစ်ပါတယ်"ဟု ကာတွန်းဆရာ လေရူးက ဆက်လက်ပြောကြားသည်။

အဆိုပါပြပွဲအား ပူးပေါင်းစီစဉ်ပေးသူ ကိုစန်းယုကျော် (မန္တလေးသတင်းစာပညာကျောင်း တာဝန်ခံ) ကလည်း "မန္တလေးကာတွန်းဆရာတွေက သူတို့ရဲ့လက်ရာတွေကို တစ်စုတစ်ဝေးတည်း အများသူငှာ အလွယ်တကူကြည့်ရှုလို့ရအောင် ဒီကျုံးဘေးမှာ ပြသပေးချင်တာက သူတို့ရဲ့အိပ်မက်တစ်ခုပါ။ ဒါကို ကျွန်တော်တို့က ပူးပေါင်းပြီး အကောင်အထည်ဖော်ပေးလိုက်တာပါ။ ကာတွန်းတစ်ပုဒ်က စာတစ်ပုဒ်ထက် ပိုပြီးမြင်လွယ်တယ်။ဒီမှာပြသထားတဲ့ ကာတွန်းတွေက မန္တလေးစည်ပင်ဝန်ထမ်းတွေ လိုက်နာသင့်၊ ပြင်ဆင်သင့်တာတွေနဲ့ ပြည်သူတွေ သိသင့်သိထိုက်တာတွေကို အသိပညာပေးထားတဲ့ ကာတွန်းတွေဖြစ်ပါတယ်" ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

မန္တလေးအခြေစိုက် ကာတွန်းဆရာ ၃၅ ဦး မှ ပုံပေါင်း ၁၅၇ ပုံ ပါဝင်ရေးဆွဲပြသပေးလျက်ရှိကာ ဇွန် ၇ ရက်တွင် ကျုံးတောင်ဘက် မန္တလေးမြို့တော် စည်ပင်သာယာရုံးရှေ့တွင်လည်းကောင်း၊ ဇွန် ၈ ရက်တွင် ဆီဒိုးနားရှေ့တွင် လည်းကောင်း၊ ဇွန် ၉ ရက်တွင် ကျုံးအရှေ့ဘက် ပန်တျာကျောင်းရှေ့တွင် လည်းကောင်း၊ ဇွန် ၁၀ ရက်တွင် ၁၂ လမ်းနှင့် စည်သာလမ်းထောင့်တွင်လည်းကောင်း၊ ဇွန် ၁၁ ရက်တွင် EPC ရုံးရှေ့တွင် လည်းကောင်း ကျုံးပတ်လည် အလှည့်ကျပြသပေးမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဇွန် ၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ကချင်၊ မွန်နှင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော မေလ ၂၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ ထွက်ရှိသော စာအုပ်စာရင်း











(ယမန်နေ့မှအဆက်)

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၂၇ | ထွန်းရီ (ရှေးဟောင်းသုတေသန) | A variety of myanmar designs မြန်မာလက်ရာပုံစံပဒေသာ | ၂၅၀၀ | စာနဒီစာအုပ်တိုက် |
| ၂၈ | ကလောင်စုံ | ပွဲတင်သံခပ်တိုးတိုးနှင့်အခြားစာတမ်းများ | ၃၅၀၀ | စိတ်ကူးချိုချို |
| ၂၉ | အောင်ဇံ | လီနင် | ၅၀၀၀ | မြနန္ဒာ |
| ၃၀ | နိုင်ဦး | နှလုံးသားစည်းချက်တို့သယ်ဆောင်ရာ | ၂၅၀၀ | အိပ်မက်သစ် |
| ၃၁ | ရဲစတိုင်း | မပြုံးဘဲဝါးလုံးကွဲဟာသများ | ၇၀၀ | စိတ်ကူးချိုချို |
| ၃၂ | မင်းသိခ် | ဘဝအသချေ | ၂၅၀၀ | ဘုမ္မာဝတီ |
| ၃၃ | ဟိန်းလတ် | နှစ်ဆယ်ရာစု | ၅၀၀၀ | Global Piece group |
| ၃၄ | နိုင်ဇော် | အသဝနီနက္ခတ်အလင်း | ၂၀၀၀ | သီရိဝစ္ဆ |
| ၃၅ | ငြိမ်းကျော် | ဝတ္ထုတိုပေါင်းချုပ် | ၈၀၀၀ | စိတ်ကူးချိုချို |
| ၃၆ | ရာပြည့် | လူစွမ်းကောင်းမဟုတ်သော နေဗီဆီးလ်တပ်ဖွဲ့ဝင်တစ်ယောက် | ၃၀၀၀ | မဟာစာပေ |
| ၃၇ | မောင်သာစိုး | မြစ်တစ်စင်းရဲ့ခရီးကဗျာစုစည်းမှု | ၂၀၀၀ | ယဉ်မျိုး |
| ၃၈ | အန်တီချို | နေကောင်းကျန်းမာစွပ်ပြုတ်ဟင်းလျာ | ၁၅၀၀ | စိတ်ကူးချိုချို |
| ၃၉ | အောင်နှင်း | အမုန်းများငြိမ်းစေသတည်းနှင့် ပညာတော်သင်ကာလနေ့ရက်များ | ၁၈၀၀ | စိတ်ကူးချိုချို |
| ၄၀ | မင်းဆက် | နေသွားလမ်းကြောင်းပေါ်ကလူသားသမိုင်း | ၁၀၀၀ | နေမျိုး |
| ၄၁ | လူထုစိန်ဝင်း | လူငယ်နှင့်အချစ် | ၁၅၀၀ | ဇွန်ပွင့် |
| ၄၂ | နတ်မှူး | ပန်းအိပ်မက်လှေဝတ္ထုတိုစု | ၂၅၀၀ | ဝန်ချတောင် |
| ၄၃ | မောင်မောင် ထွန်းအောင် | အရက်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကျန်းမာရေးပြဿနာ | ၃၀၀၀ | ဟိန်းထက်စာပေ |
| ၄၄ | အရှင်ဇဝန | သံတိုင်ကြားကရဟန်းတစ်ပါး၏ပန်းချီကားများ | ၂၅၀၀ | Global Piece group |
| ၄၅ | ကလောင်စုံ | အတွေးအမြင်အမှတ်(၂၈)၊ ၂၀၁၆ ဇွန် | ၂၀၀၀ | ဒေါင်းစာပေ |
| ၄၆ | ဇင်ဝေသော် | ကမ္ဘာ့နိယာမ | ၃၅၀၀ | ကမ်းလက်စာပေ |
| ၄၇ | ရဲတင့် | အာရအားပြိုင်ပွဲ(တရုတ်-ဂျပန်-အိန္ဒိယ) | ၂၅၀၀ | တူဒေး |
| ၄၈ | တက္ကသိုလ် စိန်မြင့်ထွန်း | မူးယစ်အန္တရာယ်လူ့ရန်စွယ်ကာကွယ်တိုက်ဖျက်လက်ချင်းဆက် | ၂၅၀၀ | ရွက်စိမ်းစာပေ |
| ၄၉ | | ရှာဖွေစွန့်စားဇာနည်ဘွား | ၁၅၀၀ | The Key |

*စာမျက်နှာ ၆ မှ*

အကျိုးကျေးဇူးတွေ အများကြီးရရှိပါတယ်။ ဒီသင်တန်းကို တက်ရောက်ခြင်းအားဖြင့် ဥပမာ အင်တာဗျူးတစ်ခု လုပ်မယ်ဆိုရင် ဘယ်လိုပြင်ဆင်ရမယ်၊ ဘယ်လိုပြောကြားရမယ်ဆိုတာတွေ၊ နောက်တစ်ခုက တွေ့ဆုံဆွေးနွေးခန်းတို့၊ ဘာတို့မှာ ကျွန်တော်တို့အနေနဲ့ အများကြီး အတွေ့အကြုံရှိပြီးတော့ ကောင်းမွန်စွာပြောကြားနိုင်တဲ့ အနေအထား ရှိလာပါတယ်။

**ဒေါက်တာခိုင်မြဲ**
**(ညွှန်ကြားရေးမှူးချုပ်)**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန**

ရရှိလာတဲ့ဗဟုသုတတွေ ကောင်းပါတယ်။ တစ်ခါမှ မီဒီယာနဲ့ပတ်သက်ပြီး သင်တန်းမတက်ဖူးပါဘူး။ မီဒီယာတွေနဲ့တော့ အမြဲမပြတ် တွေ့ဆုံဖြစ်ပါတယ်။ တွေ့ဖြစ်ပေမယ့်လို့လည်း ဆရာတို့က .... မီဒီယာအပေါ်မှာ ကိုယ်က ဘယ်လိုစည်းကမ်းတွေ သတ်မှတ်နိုင်တယ်။ မီဒီယာတွေကလည်း ကိုယ့်အပေါ်မှာ ဘယ်လိုစည်းကမ်းမျိုး သတ်မှတ်နိုင်သလဲဆိုတဲ့ အပြန်အလှန် စည်းကမ်းသတ်မှတ်နိုင်တာတွေ၊ မီဒီယာမှာ ဘယ်လိုကျင့်ဝတ်တွေရှိတယ်။ ဒါကြောင့် မီဒီယာကထားတဲ့ ကျင့်ဝတ်မျိုးတွေကို ကိုယ်က စောင့်ထိန်းရတဲ့အရာတွေ ရှိပါလားဆိုတာတွေ၊ နောက်ပြီး အင်တာဗျူးကိစ္စတွေမှာ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာကို သိလာပါတယ်။

မီဒီယာသဘောတရားတွေနဲ့ အဲဒီအပေါ်မှာ ဘယ်လိုတုံ့ပြန်ရမလဲဆိုတာ အသေးစိတ်သိရှိရတယ်။ နောက်ဆုံးကိုယ်ဟန်အမူအရာကအစ မျက်လုံးထားရမယ့် အနေအထားကအစ အသေးစိတ်ရရှိလိုက်ပါတယ်။ နောက်ဖြေကြားတဲ့အခါမှာ တစ်ခါတလေမှာ ဒီဖြေကြားမှုဟာ အချက်အလက်တွေကို မေးတာလား၊ ထင်မြင်ယူဆချက်ကိုမေးတာလား၊ အချက်အလက်ဆို အချက်အလက်တိတိကျကျ၊ ထင်မြင်ယူဆချက်ဆိုလည်း သဘောထားအမြင်ကို ဖြေဖို့လိုတဲ့အကြောင်းတွေ၊ သူ့ရဲ့ဧရိယာနယ်ပယ်ဘယ်အတိုင်းအတာထိဖြေရင် ကိုယ့်အတွက် အဆင်ပြေမယ်ဆိုတာကို ဘယ်အတိုင်းအတာ ဘောင်ကျော်သွားမယ်ဆိုတာတွေကအစ သိသွားတဲ့အတွက် တော်တော်အကျိုးရှိပါ တယ်။


ဗိုလ်မှူးကြီးအေးလွင်


ဒေါက်တာခိုင်မြဲ


ဦးအောင်ဝင်း

မီဒီယာတွေပေါ်မှာ ကျွန်တော့်အမြင်ကတော့ အစိုးရရယ်၊ ပြည်သူရယ်၊ မီဒီယာရယ်ဆိုတာ အစိုးရနဲ့ ပြည်သူကြားမှာ မီဒီယာက ကြားခံပေ့ါ။ အစိုးရဆီက လာတဲ့သတင်းကို မီဒီယာက ဖြန့်တဲ့အတွက် ပြည်သူထံရောက်တယ်။ ပြည်သူလူထုရဲ့ဖြစ်ချင်တဲ့ဆန္ဒတွေ၊ တုံ့ပြန်မှုတွေကို မီဒီယာကနေတစ်ဆင့် အစိုးရဆီကိုရောက်တယ်။ အဲဒီတော့ လှည့်ပတ်နေတဲ့ Circulation တစ်ခုပေ့ါ၊ ဒီ Circulation ဟာ ပုံမှန်လည်ပတ်နေမယ်ဆိုရင် ပြည်သူတွေရဲ့ဆန္ဒကို အစိုးရကလုပ်ပေးတာဖြစ်တဲ့အတွက် ပြည်သူတွေလည်း အကျိုးရှိမယ်။ ပြည်သူတွေက ဘာဖြစ်ချင်တာလဲဆိုတာကို သိနိုင်တဲ့အတွက် မီဒီယာဆိုတာ တကယ့်ကို အစိုးရနဲ့ ပြည်သူကြားမှာ အပြန်အလှန်ပေါင်းကူးနေတဲ့ တံတားတစ်ခုလို့ မြင်ပါတယ်။

**ဦးအောင်ဝင်း**
**အထွေထွေမန်နေဂျာ**
**မြန်မာ့မီးရထား၊**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

အလုပ်ရုံဆွေးနွေးပွဲက မီဒီယာရော အစိုးရဌာနဆိုင်ရာတွေအတွက်ပါ နှစ်ဦးနှစ်ဖက်အကျိုးရှိပြီး အလွန်ကောင်းပါတယ်။ ကျွန်တော်တို့ မီးရထားဆိုရင်လည်း အများပြည်သူစိတ်ဝင်စားတဲ့ ဌာနဖြစ်တယ်။ ဝေဖန်မှုတွေလည်း အများကြီးရှိခဲ့ပါတယ်။ ကျွန်တော်တို့ဘက်က များသောအားဖြင့် ဖြစ်ပေါ်လာတဲ့ သတင်းအခြေအနေတွေအပေါ်မှာ တုံ့ပြန်ပြီး သတင်းပေးရတာတွေ အားနည်းတာတွေရှိတယ်။ အဲဒီအပေါ်မှာ ကျွန်တော်တို့ဘက်က ဌာနဆိုင်ရာက ပြန်လည်ဖြေကြားတဲ့အခါမှာ စိုးရိမ်စိတ်တွေရှိတယ်။ အခု ဒီသင်တန်း တက်လိုက်တဲ့အချိန်မှာ ကျွန်တော်တို့အနေနဲ့ ဘယ်လိုမက်ဆေ့ပြန်ပေးရမလဲဆိုတာ သိလာတဲ့အချက်တွေ အများကြီးရှိပါတယ်။ ပြည်သူတွေကို ကျွန်တော်တို့ ပေးချင်တဲ့သတင်း ဘယ်လိုရအောင် ပေးရမယ်ဆိုတဲ့ အနေအထားလေးတွေကို အများကြီးသိလာရပါတယ်။

ဌာနအနေနဲ့ ကိုယ်ပေးချင်တဲ့မက်ဆေ့ကို ရအောင်ပေးနိုင်တဲ့ နည်းလမ်းကောင်းတွေရတယ်။ နောက်ပြီးတော့ မီဒီယာတွေဘက်ကလည်း ကျွန်တော်တို့ဆီကပေးတဲ့ သတင်းအမှန်ကို အချိန်မီသိရတယ်။ အဲဒါကြောင့် နှစ်ဦးနှစ်ဖက်အကျိုးရှိပါတယ်။ သတင်းထုတ်ပြန်မှု၊ မီဒီယာတွေဖြေကြားပေးဖို့ ဒီအလုပ်ရုံဆွေးနွေးပွဲလုပ်ရင်းနဲ့ စဉ်းစားမိတာကတော့ ပြောရေးဆိုခွင့်ရှိသူဆိုပြီး သတ်မှတ်လိုက်တော့ Public Relation နဲ့ ပတ်သက်ပြီးတော့ တာဝန်ယူရတဲ့အပိုင်းပါ။ အရင်တုန်းကလည်း တော်တော်များများ လုပ်ခဲ့ဖူးပါတယ်။ အခုလည်း လုပ်နေပါတယ်။ အခုလည်း ဆက်သွယ်လာတဲ့အခါမှာ များသောအားဖြင့် စိုးရိမ်စိတ်ရှိတယ်။ နောက်တစ်ခုက မေးလာတဲ့မေးခွန်းတွေအပေါ်မှာလည်း ကိုယ်ကမသိတာတို့၊ မပြည့်စုံမှာတို့ စိုးရိမ်တယ်။ များသောအားဖြင့် မေးခွန်းတွေကို ရှောင်လွှဲပြီး ဖြေတာများတာပေ့ါ။ အခုနောက်ပိုင်းတော့ ပေးသင့်တဲ့ သတင်းအချက်အလက်တွေကို တစ်ဦးတစ်ယောက်တည်းမဟုတ်ဘဲနဲ့ အချက်အချာကျတဲ့ ရန်ကုန်၊ နေပြည်တော်နဲ့ မန္တလေးလိုနေရာတွေမှာ Information Centre တွေထားပြီးတော့ လုပ်ဖို့လိုတယ်ဆိုတာ နားလည်လာပါတယ်။ အချက်အချာကျတဲ့နေရာတွေမှာ ဆက်သွယ်ရမယ့်လူတွေ အထောက်အကူပြုအဖွဲ့တွေဖွဲ့ပြီး ထားသွားဖို့ စဉ်းစားထားပါတယ်။

# နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ပါမောက္ခချုပ်များ အဆင့်မြင့်ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးပညာရှင်နှင့် ဆွေးနွေး

**ရန်ကုန် ဇွန် ၈**

ပညာရေးဝန်ကြီးဌာနနှင့် ဗြိတိသျှကောင်စီတို့ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ တက္ကသိုလ်နှင့် ပညာရေးကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ကမ္ဘာကျော် အဆင့်မြင့် ပညာရေးကျွမ်းကျင်ပညာရှင် ဒေါက်တာ ဂျမေးလ်ဆယ်လ်မီတို့ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ နှစ်ရက်တာ တွေ့ဆုံကာ ၂၁ ရာစုတွင် အဆင့်မြင့်ပညာရေးဖွံ့ဖြိုးတိုးတက်လာရေး စိန်ခေါ်မှုများနှင့်ပတ်သက်၍ ဖိုရမ်တစ်ရပ်အဖြစ် ဆွေးနွေးခဲ့ကြကြောင်း အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာနေဝင်းဦးက ပြောသည်။



"၂၁ ရာစုမှာ အဆင့်မြင့်ပညာရေး ကဏ္ဍမှာရင်ဆိုင်ရမယ့်အခက်အခဲတွေ ဘယ်လို ရင်ဆိုင်ကျော်လွှားမလဲ၊ အဆင့်မြင့်ပညာရေးကဏ္ဍမှာ ဘယ်လိုဆက်သွားသင့်သလဲ၊ တက္ကသိုလ်အသီးသီးရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံ၊ Quality Assurance လို့ခေါ်တဲ့ အရည်အသွေးရှိတဲ့ အဆင့်မြင့်ပညာရေးဖြစ်ဖို့၊ တက္ကသိုလ်ကောလိပ်တွေ လွတ်လပ်စွာရပ်တည်နိုင်ဖို့၊ ငွေကြေးဘတ်ဂျက်တွေဘယ်လိုရအောင် လုပ်မလဲဆိုတာတွေ ဆွေးနွေးပါတယ်"ဟု ဒေါက်တာ နေဝင်းဦးက ပြောသည်။

ကမ္ဘာကျော်အဆင့်မြင့်ပညာရေး ကျွမ်းကျင်ပညာရှင်ဒေါက်တာ ဂျမေးလ်ဆယ်လ်မီအနေဖြင့် ပထမရက်တွင် ပါမောက္ခချုပ်များနှင့် ၂၁ရာစု ပညာရေး စိန်ခေါ်မှုများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး နောက်ဆုံးနေ့ ဇွန် ၇ ရက်တွင် အဆင့်မြင့်ပညာရေးကဏ္ဍနှင့် တိုက်ရိုက်နီးနွယ်ပတ်သက်နေသည့်ဆရာ ဆရာမများနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ဗြိတိသျှ ကောင်စီအနေနဲ့ မြန်မာနိုင်ငံအဆင့်မြင့်ပညာရေးမြှင့်တင်ရာမှာ တစ်ဖက်တစ်လမ်းမှကူညီတဲ့အနေနဲ့ ကမ္ဘာ့အရပ်ရပ်မှာ အဆင့်မြင့်ပညာရေးနဲ့ ပတ်သက်ပြီး လှည့်လည်ပြီးပို့ချနေတဲ့ ဒေါက်တာ ဂျမေးလ်ဆယ်လ်မီကို ဖိတ်ကြားပေးခဲ့ပါတယ်။ သူက မော်ရိုကိုနိုင်ငံမှာ အခြေစိုက်နေထိုင်ပြီး ကမ္ဘာ့အရပ်ရပ်မှာ အဆင့်မြင့်ပညာရေးပြုပြင်ပြောင်းလဲရေးတိုးတက်ဖို့အတွက် ဆွေးနွေး ဟောပြောနေဆဲ ပညာရှင်ဖြစ်ပါတယ်"ဟု ဗြိတိသျှကောင်စီမှ မန်နေဂျာ ဒေါက်တာ ခိုင်ဖြူထွဋ်က ပြောသည်။

အဆိုပါအဆင့်မြင့်ပညာရေးဖိုရမ် သို့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ် နှင့် ကောလိပ် ၁၅၇ ကျောင်းမှပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**


**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန**
**(တင်ဒါခေါ်ယူခြင်း)**

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းချပေးနိုင်မည့်ဈေးနှုန်း၊ ပစ္စည်းနမူနာနှင့်အတူ တင်ဒါလာရောက်ပေးသွင်းနိုင်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ခွင့်ပြုငွေ(ကျပ်သန်း) |
|---|---|---|---|
| ၁ | ပလတ်စတစ်ရေချိုးခွက် | ၁၀၀၀၀ခု | ၅.၀၀၀ |
| ၂ | နှစ်ယောက်အိပ်ပလတ်စတစ်ဖျာ | ၁၀၀၀၀ချပ် | ၈၀.၀၀၀ |
| ၃ | အိမ်မိုးသွပ်(၇'၊ လိုင်း ၁၁လိုင်းပါ Gate 33) | ၃၀၀၀၀ချပ် | ၁၂၀.၀၀၀ |
| ၄ | စတီးလ်ဇလုံ(၂၂စီအမ်) | ၁၀၀၀၀လုံး | ၆.၀၀၀ |
| ၅ | Family Kit<br>-စတီးလ်ခားအသွား ၅"၁ ချောင်း<br>-ကျားလုံချည်(အသင့်ချုပ်ပြီး)၃ ထည်<br>-မလုံချည်(အထက်ဆင်ပါချုပ်ပြီး) ၃ထည်<br>-တဘက်(အလျား ၅၄"၊ အနံ ၂၇")၂ထည်<br>-တဘက်(အလျား ၃၀"၊ အနံ ၁၅")၂ထည်<br>-တီရှပ်(XL Size)၂ထည်<br>-တီရှပ်(၅-၁၀ နှစ်)၂ထည်<br>-တီရှပ်(၃-၅ နှစ်)၃ထည်<br>-စောင်(ကိုရီးယား)၃ထည်<br>-စတီးလ်ပန်ကန်ပြား ၅ချပ်<br>-စတီးလ်ဟင်းခပ်ဇွန်း ၅ချောင်း<br>-ဆပ်ပြာမွှေး ၂တုံး<br>-ဆပ်ပြာကြမ်း ၂တောင့်<br>-ဒန်အိုး(၁၀")၁လုံး<br>-ဒန်အိုး(၈")၂လုံး<br>-စတီးလ်ဇလုံ(၂၂စီအမ်)၂လုံး<br>-စတီးလ်သောက်ရေခွက်(အသေး)၃လုံး<br>-နှစ်ယောက်အိပ်ခြင်ထောင် ၂လုံး<br>-ဇွန်းခွက်ကြီး(၁၂" အရှည်လက်ကိုင်ပါ)၁ ချောင်း<br>-ပလတ်စတစ်ရေချိုးခွက် ၁ခု<br>-နှစ်ယောက်အိပ်ပလတ်စတစ်ဖျာ ၁ချပ်<br>-လေးထောင့်ပလတ်စတစ်ပုံး(အကြီး)၁ပုံး(ဘီးမပါ) | ၄၇၆ စုံ | ၄၇.၆ |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၆-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။
(ခ) **တင်ဒါပုံစံပိတ်မည့်ရက်** - ၁၇-၆-၂၀၁၆ရက် ၁၆း၀၀နာရီ
(ဂ) **တင်ဒါပုံစံတစ်စောင်ဈေးနှုန်း** - ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)
(ဃ) **တင်ဒါရောင်းချမည့်နေရာ** - ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်

၃။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဝယ်ယူမည့်ကယ်ဆယ်ရေးပစ္စည်းများ၏ အသေးစိတ်စာရင်းကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ် ၂၃၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၀၄၃၆၉၊ ၀၆၇-၄၀၄၃၈၅၊ ၀၆၇-၄၀၄၃၁၇တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

**မိဘအမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့ အထက စတုတ္ထတန်းမှ မသံသာဦး၏ မိဘအမည်မှန်မှာ ဦးငွေလမင်း ၁၄/ကဝန(နိုင်)၀၆၂၄၇၉နှင့် ဒေါ်မာလာဝင်း ၇/ကဝန(နိုင်)၁၁၀၉၁၇ ဖြစ်ပါသည်။




**အမည်ပြောင်း**
ဦးအေးဝင်း၏သမီး မပပခိုင် ၇/ပခန(နိုင်)၃၃၉၇၀၄အား ယနေ့မှစ၍ မပပမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မပပမောင်**

**ဖခင်အမည်မှန်**
သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်၊ အထက-၂၊ တက္ကသိုလ်ဝင်တန်းမှ မောင်ကြည်စိုးလင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းအောင် ၁၁/သတန (နိုင်) ၀၄၆၇၅၀ဖြစ်ပါကြောင်း။**ဦးထွန်းအောင်**

**၁-၆-၂၀၁၆ရက်စွဲ မြန်မာ့အလင်းသတင်းစာပါ ဒေါ်တင်ရီ၊ အထက်တန်းရှေ့နေ ဒေါ်အေးအေးသက်နှင့် ဒေါ်တင်မီကိုတို့၏ အများသိစေရန်ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း**

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ၈၁ လမ်း၊ ၁၄×၁၅လမ်းကြား၊ ဝါးရောင်းဝင်းနေ ဦးလွင်မိုးဟန်(ဘ) ဦးဟုတ် ၁၂/လကန(နိုင်) ၁၃၃၆၄၃၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၅ ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်၇၄၀၊ အကျယ်ပေ(၄၀×၆၀)ရှိမြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်သည် ကျွန်ုပ်တို့ မိတ်ဆွေဖြစ်သူ ဦးလွင်မိုးဟန် ၁၂/လကန(နိုင်)၁၃၃၆၄၃၏ အမည်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် နှစ်(၆၀)ဂရန် အမည်ပေါက်လျက်ရှိသည့် ပစ္စည်းဖြစ်ပါသည်။

၂။ ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူသည် နိုင်ငံရပ်ခြားတွင်အလုပ်လုပ်ကိုင်၍ ရရှိသည့်ငွေကြေးကို မိခင်ဖြစ်သူ ဒေါ်တင်ရီထံပေးပို့ပြီး အထက်ပါနေအိမ်ခြံမြေကို မိခင်၏ အမည်ငှားဖြင့် ဝယ်ယူခဲ့ပြီးနောက်ပိုင်း မိခင်ဒေါ်တင်ရီက ဦးလွင်မိုးဟန်ထံသို့ ဥပဒေနှင့်အညီ ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်ချုပ်ဆို လွှဲပြောင်းပေးအပ်သဖြင့် ၃-၄-၂၀၀၇ရက်တွင် ဦးလွင်မိုးဟန်၏အမည်ဖြင့် နှစ်(၆၀)ဂရန် အမည်ရရှိခဲ့ပြီး ဖြစ်ပါသည်။

၃။ ထိုသို့ပြန်လည်လွှဲပြောင်းပေးအပ်သည့်အပေါ်တွင်လည်း မိခင်ဒေါ်တင်ရီနှင့် ကျွန်ုပ်တို့ မိတ်ဆွေ၏ညီအစ်ကို၊ မောင်နှမအားလုံးမှ သဘောတူ၊ ကြည်ဖြူစွာ စာချုပ်စာတမ်းများဖြင့် လွှဲပြောင်းပေးအပ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

၄။ ယနေ့ထက်တိုင် အထက်အပိုဒ်(၁)ပါ နေအိမ်ခြံမြေနှင့်တကွ ဂရန်မူရင်း၊ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများအားလုံးတို့သည် ကျွန်ုပ်တို့၏မိတ်ဆွေ လက်ဝယ်ပိုင်ဆိုင် ထားရှိသည်ကိုသိလျက်နှင့် လူကြီးမင်းတို့ဘက်မှ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများရှိပါသည်ဟု မမှန်မကန်ကြေညာနေခြင်းသာဖြစ်ပါသည်။

၅။ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးတည်းမှသာ တရားဝင်အမည်ပေါက်ပိုင်ဆိုင်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည့် အထက်အပိုဒ်(၁)ပါ နေအိမ်ခြံမြေနှင့်ပတ်သက်၍ လူကြီးမင်းတို့ဘက်မှ ကျွန်ုပ်တို့၏မိတ်ဆွေ နစ်နာစေရန် မမှန်မကန်ကြေညာခဲ့သည့် ၁-၆-၂၀၁၆ရက် မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ထာနွယ်ခင်**
**(LL.B,D.I.R,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၂၁)**
**ဖုန်း-၀၉-၅၁၉၇၉၃၂၊ ၀၉-၉၆၅၁၉၇၉၃၂**

**ဦးကျော်မိုးလွင်**
**(LL.B,D.I.L)စဉ်-၃၇၉၂၃**
**ဒေါ်သန္တာအောင်(LL.B,D.M.L)**
**စဉ်-၄၆၉၃၅**

**ရှေ့နေနားနေခန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) (အထက်တန်းရှေ့နေများ) မြို့နယ်၊ တရားရုံးအတွင်း**

**အမည်ပြောင်း**
ဦးဝင်းထူး၁၂/မဂဒ(နိုင်)၀၂၁၁၀၄၏သမီး ဗိုလ်တထောင်မြို့နယ်၊ အထက-၄ နဝမတန်း(က)မှ မမေသူသူကျော်အား မအိန္ဒြေမိုးမြင့်ဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မအိန္ဒြေမိုးမြင့်ဝင်း**

**ဖခင်အမည်မှန်**
မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ကံသာအောင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းဝင်အမှတ်(က-၀၀၁၅) သတ္တမတန်းမှ မောင်မင်းခန့်သွေး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇင်မင်း ၉/မခန(နိုင်)၁၅၉၉၉၂ ဖြစ်ပါကြောင်း။

**ပြင်ဆင်ဖတ်ရှုပါရန်**
၇-၆-၂၀၁၆ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၁၂) ငြင်းချက်ထုတ်ရန်သမ္မန်စာကြော်ငြာတွင် တရားမကျင့်ထုံး ဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀၊ တာမွေမြို့နယ် တရားရုံးတော်၌ ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁နှင့် ဒေါ်သန်းမြင့်က အိမ်ငှားနှင်ထုတ်ဖယ်ရှားပေးစေလိုမှုဟု ပြင်ဆင်ဖတ်ရှုပါရန်။

# အမေရိကန်နိုင်ငံ Butterfly Foundation အဖွဲ့မှ ခါးရိုးစောင်းနှင့်ခါးကုန်းရောဂါရှင်များအား မန္တလေးတွင် အခမဲ့ကုသ

**မန္တလေး ဇွန် ၈**

မန္တလေးမြို့ အရိုးရောဂါအထူးကုဆေးရုံကြီးတွင် အမေရိကန်နိုင်ငံ Butterfly Foundation မှ ခါးရိုးခွဲစိတ်အထူးကုဆရာဝန်ကြီးဒေါက်တာ Kim ဦးဆောင်သော ခွဲစိတ်အထူးကုဆရာဝန် လေးဦးနှင့် သူနာပြုနှစ်ဦးတို့ ပါဝင်သည့်အဖွဲ့သည် မန္တလေးမြို့အရိုးရောဂါအထူးကု ဆေးရုံကြီးမှ ခါးရိုးအထူးကုဆရာဝန်ကြီးများဖြစ်သော ဒေါက်တာဇော်မင်းဟန်၊ ဒေါက်တာအောင်မျိုးတို့ ဦးဆောင်သည့် မြန်မာ့အရိုးရောဂါခွဲစိတ်အထူးကု ဆရာဝန်ခြောက်ဦးတို့ ပူးပေါင်းပြီး ခါးရိုးရောဂါ ဝေဒနာရှင်များ ဇွန်၆ ရက်က စတင်ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။



ယခုခွဲစိတ်ကုသမှုကို ဇွန် ၆ ရက်မှ ၁၀ ရက်အထိ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ပြီး ခါးရိုးစောင်းခြင်းနှင့်ခါးကုန်းသော ရောဂါဝေဒနာ ခံစားနေရသူ လူနာ ၂၀ခန့်အားခွဲစိတ်ကုသပေးနိုင်ရန် စီစဉ်ထားကြောင်း အဆိုပါဆေးရုံမှ သိရသည်။

ယခုလာရောက် ခွဲစိတ်ကုသပေးသည့် Butterfly Foundation အား မန္တလေးအရိုးရောဂါ အထူးကုဆေးရုံကြီးမှ ဒေါက်တာဇော်မင်းဟန်နှင့် ဒေါက်တာအောင်မျိုးတို့ ပြည်ပနိုင်ငံသို့ သွားရောက်စဉ် တွေ့ဆုံဖိတ်ခေါ်ခဲ့ခြင်းကြောင့် ယခုအစီအစဉ်အား ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ခွဲစိတ်ကုသခံယူသည့် လူနာများအား မန္တလေးအရိုးရောဂါကုဆေးရုံကြီးမှ နောက်ဆက်တွဲ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကုသမှုများအတွက် အခမဲ့ ဆောင်ရွက်ပေးခြင်းဖြစ်ကာ လိုအပ်သော ဆေးဝါးများအတွက် စရိတ်မျှပေး အစီစဉ်စနစ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ကျွန်တော်တို့နိုင်ငံမှာ ခါးရိုးစောင်းဝေဒနာနဲ့ ခါးကုန်းဝေဒနာတွေဟာ ဝဋ်နာကံနာသဘောထားပြီး သေတစ်ပန်သက်ဆုံး ဒီခါးကုန်း ခါးစောင်းဘဝနဲ့ပဲ နေသွားကြရတယ်။ ယခုအချိန်အခါမှာ ဒီဝေဒနာရှင်တွေကို အခြားနိုင်ငံကြီးတွေမှာ ခွဲစိတ်ကုသနိုင်ပြီ ဖြစ်ပေမယ့် မြန်မာနိုင်ငံတော့ ခွဲစိတ်ခန်းသုံးကိရိယာနှင့် နည်းပညာလိုအပ်ချက်တွေအရ ဆောင်ရွက်မပေးနိုင်သေးဘူး။ အခုလို တတ်ကျွမ်းတဲ့ ဆရာဝန်ကြီးတွေ လာရောက်ပြီးမြန်မာနိုင်ငံက ဆရာဝန်တွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နည်းပညာဆိုင်ရာတွေ အတွေ့အကြုံတွေ ရရှိပြီး ကိုယ်တိုင်ကုသပေးနိုင်တော့မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ အရိုးကုသရေးအတွက် များစွာအထောက်အကူဖြစ်စေနိုင်ပါတယ်”ဟု မန္တလေးမြို့ အရိုးရောဂါအထူးကုဆေးရုံကြီး ဒေါက်တာကြည်လွင်က ပြောသည်။

Butterfly Foundation မှအဖွဲ့ခေါင်းဆောင် Dr.Kim သည်၎င်း၏အစ်ကိုအရင်းဖြစ်သူ ကိုယ်တိုင်ခါးရိုးရောဂါခံစားနေရမှုအား ကုသပေးနိုင်ရန်ကြိုးစား ရာမှယခုကဲ့သို့ ဆရာဝန်ကြီးဖြစ်လာကာ တတိယနိုင်ငံများရှိ ခါးရိုးရောဂါဝေဒနာရှင်များအား အခမဲ့လိုက်လံကုသပေးလျက်ရှိပြီး ခွဲစိတ်မှုနည်းပညာဆိုင်ရာလည်း မျှဝေပေးနေသည့် စေတနာရှင်ဆရာဝန်ကြီးတစ်ဦးဖြစ်ကြောင်း သိရသည်။ အဆိုပါခွဲစိတ်အဖွဲ့သည် ပထမအကြိမ် ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက မန္တလေးမြို့အရိုးရောဂါဆေးရုံ၌ လူနာ ၁၂ ဦးအား ခါးရိုးရောဂါများ ခွဲစိတ်ကုသပေးခဲ့ရာ ၁၀၀ ရာခိုင်နှုန်းအောင်မြင်မှုရှိခဲ့ပြီးယနေ့စတင်ခွဲစိတ်ကုသသည့်လူနာငါးဦးကိုလည်း အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**တင်မောင်၊အေးမြ(မန်းကိုယ်ပွား)**

# စည်းကမ်းပျက်ယာဉ်များ မော်တော်ယာဉ်ဥပဒေနဲ့အညီ အရေးယူပြီ



**ရေစကြို ဇွန် ၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရဲတပ်ဖွဲ့မှ ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်နှင့်အညီ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး၊ လုံခြုံရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးတို့နှင့်ပတ်သက်၍ မေလအတွင်း ရပ်ကွက်နှင့်ကျေးရွာအုပ်စုများအတွင်း ကွင်းဆင်း၍ ပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ကြောင်းနှင့် ဇွန်လဆန်းမှစ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သည့် စည်းကမ်းပျက် ယာဉ်များကို တည်ဆဲမော်တော်ယာဉ်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ မြို့နယ်ရဲတပ်ဖွဲ့အနေနဲ့ ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ကျွန်တော်အပါအဝင် တာဝန်ရှိသူတွေအားလုံး ကျေးရွာများအထိ ကွင်းဆင်းပြီး ပညာပေး ဟောပြောပွဲတွေလုပ်ဆောင်ပါတယ်။ ဒါပေမယ့် ပြည်သူတွေဘက်က စည်းကမ်းလိုက်နာမှုအားနည်းနေသေးတာကို တွေ့ရပါတယ်။ မေလအတွင်း ပညာပေးဆောင်ရွက်ခဲ့ပြီး အခုဇွန်လမှာတော့ ထိထိရောက်ရောက် ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်နေပါတယ်”ဟု မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးလွင်က ပြောသည်။

“ပြည်သူ့အတွက် ရက် ၁၀၀ ဆိုတဲ့ စီမံချက်နဲ့အညီ အများပြည်သူယာဉ်အန္တရာယ်ကင်းရှင်းစေဖို့ သတ်မှတ်ထားတဲ့ စည်းကမ်းတွေကို တိတိကျကျလိုက်နာတဲ့ အလေ့အကျင့်ကောင်းတွေဖြစ်ထွန်းလာစေဖို့အတွက် အခုဇွန်လကစပြီး ယာဉ်မောင်းလိုင်စင်မရှိဘဲ ယာဉ်မောင်းသူတွေ ယာဉ်လိုင်စင်မရှိဘဲ သွားလာနေတဲ့ယာဉ်တွေ ဆိုင်ကယ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်မရှိဘဲ ဆိုင်ကယ်စီးနင်းသူတွေ၊ ဆိုင်ကယ်ဦးထုပ် မဆောင်းဘဲ ဆိုင်ကယ်စီးနင်းသူတွေ၊ နှစ်ဦးထက်ပိုပြီး တင်ဆောင်စီးနင်းသူတွေ၊ ဆိုင်ကယ်အိတ်ဇော ပြောင်းလဲပြီး စီးသူတွေကို မော်တော်ယာဉ်ဥပဒေနှင့်အညီ စတင်အရေးယူဆောင်ရွက်နေပါတယ်”ဟု ဒုတိယရဲမှူးစည်သူအောင်က ပြောပြသည်။

ယခုအခါ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ၊ ပုဂ္ဂလိကပိုင်လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများ ပါဝင်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ဇွန် ၆ ရက် နံနက်တွင် ရေစကြိုမြို့အဝင်လမ်းမကြီးတွင် မော်တော်ယာဉ် မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များကို စနစ်တကျ စစ်ဆေးပြီး စည်းကမ်းပျက်ယာဉ်များကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေထွဏ်းဇော်(ရေစကြို)**

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မော်လမြိုင် ဇွန် ၈**

မွန်ပြည်နယ် မော်လမြိုင်မြို့မြိုင်သာယာရပ်ကွက် လေယာဉ်ကွင်းအနီး၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မွန်ပြည်နယ် သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးရေးပွဲတော်သို့ မွန်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ မင်းကြည်ဝင်း၊ ညွှန်ကြားရေးမှူး ဦးမင်းသိန်းမြင့်နှင့်အဖွဲ့ဝင်များ မော်လမြိုင်တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ရပ်ကွက်နေပြည်သူများနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ငန်းတေးကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ဧကအတွင်း မဟော်ဂနီ ၆၀၀၊ မန်ကျည်းရှား ၆၀၀ နှင့် မြိုင်သာယာရပ်ကွက် လေယာဉ်ကွင်းဘေး ဇေဝက်တွင် ကျွန်းပင် ၃၀၀ တို့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ဖြင့် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

# လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၈**

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းရေးတွင် အခန်းကဏ္ဍတစ်ခုအဖြစ်ပါဝင်သည့် လယ်ယာသုံးစက်ကိရိယာကိုတွင်ကျယ်စွာ အသုံးပြုနိုင်ရန်ရည်ရွယ်ပြီး အမှတ်(၈၄)စက်မှုလယ်ယာစခန်း ပျဉ်းမနားမြို့မှ တာဝန်ယူဖွင့်လှစ်သည့်(၁/၂၀၁၆) လယ်ယာသုံးစက်ကိရိယာ မောင်းနှင်မှုအခြေခံသင်တန်းကို ဇွန် ၆ ရက်က အဆိုပါစက်မှုလယ်ယာစခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်) နေပြည်တော်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးခွန်အေးနိုင်က အမှာစကားပြောကြားပြီး ဒက္ခိဏခရိုင်ဦးစီးဌာနမှူး ဦးဝင်းသန့်က သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများကို သင်တန်းနည်းပြဦးစိုးမြင့်အောင်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# သစ်သီးဝလံအခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်

**မြောက်ဦး ဇွန် ၈**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာတွင် ကျေးလက်နေပြည်သူများ လူနေမှုဘဝမြင့်တင်ရန်နှင့်တစ်ပိုင်တစ်နိုင် အိမ်တွင်းမှု စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့်လူသုံးကုန်ထုတ်လုပ်နည်းသင်တန်းကို ဇွန် ၆ ရက်က ရွာလယ်အာရုံခံသိမ်တော်ကြီးအတွင်း၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအောင်ဖြိုးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး အဆိုပါသင်တန်းကာလမှာ ရက်သတ္တပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပြည်နယ်စာရင်းစစ်ချုပ်နှင့် ဒေသစာရင်းစစ်ရုံး ဝန်ထမ်းများ၏ လုပ်ငန်းညှိနှိုင်း

**မြစ်ကြီးနား ဇွန် ၈**

မြစ်ကြီးနားမြို့သီတာရပ်ကွက်ရှိ ကချင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ဇွန် ၆ ရက်က ကချင်ပြည်နယ် စာရင်းစစ်ချုပ်မှ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ဒေသစာရင်းစစ်ရုံးဝန်ထမ်းများအား လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်စာရင်းစစ်ချုပ် ဦးတင်လှိုင်က ပြည်ထောင်စုစာရင်းစစ်ချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းကာ စာရင်းစစ်စစ်ဆေးခြင်းနှင့် အစီအရင်ခံခြင်းတို့ကို ထိထိရောက်ရောက် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။ ထို့နောက် ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ/စစ်ဆေးရေး) ဦးခင်မောင်လွင်က စာရင်းစစ်ဝန်ထမ်းများ အဂတိလိုက်စားမှုမရှိစေရေး တာဝန်ကျေပွန်စွာ ထမ်းဆောင်ရေး ရှင်းလင်းပြောကြားပြီး ကချင်ပြည်နယ်အတွင်း ခရိုင်လေးခုနှင့် မြို့နယ်များမှ စာရင်းစစ်ရုံးများရှိ တာဝန်ရှိသူများက ဒေသအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်စာရင်းစစ်ချုပ်က လိုအပ်သည်များကို ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ရာဇာဖွား(မြစ်ကြီးနား)**

## သတင်းတိုများ

### လယ်ယာသုံးစက်ကိရိယာပြုပြင်မောင်းနှင်မှုအခြေခံသင်တန်းဖွင့်

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ အမှတ်(၈) အလတ်စား စက်ပြင်အလုပ်ရုံတွင် တောင်သူအကျိုးပြု လယ်ယာသုံးစက်ကိရိယာပြုပြင်မောင်းနှင်ရေး အခြေခံသင်တန်းကို ဇွန် ၆ ရက်မှ ဇူလိုင် ၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းသိရသည်။

သင်တန်းသို့ အင်းလေးဒေသမှ သင်တန်းသား ၂၀ နှင့် တောင်ကြီးမြို့နယ်အတွင်းမှ သင်တန်းသား ၂၂ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

သင်တန်းဖွင့်ပွဲသို့ စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး လယ်ယာသုံးထွန်စက်အမျိုးမျိုး၊ ရေခုတ်စက်၊ ရေတင်စက်၊ စပါးခြွေလှေ့စက်တို့ကို စက်ပစ္စည်းကိရိယာ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်မှုများအား စာတွေ့၊ လက်တွေ့သင်ကြားပေးမည်ပြီးဖြစ်ကြောင်း သိရသည်။

**နိုင်ထွန်း(TGI)**

### ဘိုးဘွားရိပ်သာအမှုဆောင်သစ်ရွေးချယ်

နေပြည်တော် ပျဉ်းမနားမြို့နယ် ဘိုးဘွားရိပ်သာ၏ အမှုဆောင်သစ်ရွေးချယ်ခြင်းအခမ်း အနားကို ဇွန် ၅ရက်က အဆိုပါ ဘိုးဘွားရိပ်သာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့မိမြို့ဖ ဦးမြင့်စိုးက အမှုဆောင်သစ်ရွေးချယ်ရေးနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများကိုအသေးစိတ်ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ ဆန္ဒကို လျှို့ဝှက်မဲစနစ်ဖြင့်အမှုဆောင်သစ်ရွေးချယ်ရာ ဥက္ကဋ္ဌအဖြစ် ဦးလှမြင့် (စိန်ဒေါင်း) ပါဝင်သော အမှုဆောင်သစ် ၁၃ ဦးကို ရွေးချယ်အတည်ပြုခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရွေးချယ်ရေးအဖွဲ့ ကော်မရှင် အဖွဲ့ဝင်များ၊ နာယကကြီးများနှင့်သတင်းမီဒီယာများတက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

### လူထုကျန်းမာရေးလုပ်သားသင်တန်းဖွင့်ပွဲ

ပလက်ဝမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့(IRC/-myanmar) ပူးပေါင်း၍ လူထုကျန်းမာရေးလုပ်သားသင်တန်း (ကနဦး) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၆ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန နိုက်တင်ဂေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီးဒေါက်တာစန်းမာက ချင်းပြည်နယ်ပလက်ဝမြို့နယ်တွင် သားဖွားဆရာမများမရှိသောကြောင့် ကျေးရွာများမှ ယခုလိုစေတနာ့ ဝန်ထမ်းလူထုကျန်းမာရေးလုပ်သားများ ပေါ်ပေါက်လာမည်ဖြစ်သည်နှင့်အညီ မိမိတို့ကျေးရွာများတွင် ကျန်းမာရေးနှင့်ပတ်သက်သည့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရေးပေါ် လူနာများ အချိန်မီလွှဲပြောင်းခြင်းများကို တစ်တပ်တစ်အားဖြင့် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်မှလည်း မိမိတို့ဌာန၏ ရက် ၁၀၀စီမံချက်အတွက် အကျိုးကျေးဇူးသက်ရောက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အောင်မြဦး(ပြန်/ဆက်)**

### အခြေခံရုံးလုပ်ထုံးလုပ်နည်း သင်တန်းဆင်း

နေပြည်တော် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင်ဌာနတွင်း ဝန်ထမ်းများအခြေခံရုံးလုပ်ထုံးလုပ်နည်း သင်တန်းဆင်းပွဲကို ဇွန် ၆ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးကိုကိုနိုင်က အမှာစကားပြောကြားကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်စိုးက ပထမ၊ ဒုတိယ၊ တတိယရရှိသောသင်တန်းသား သင်တန်းသူများကို ဆုများချီးမြှင့်ပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို မေ ၁၀ ရက်မှ ဇွန် ၆ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ၊ ရုံးစာရေးသားနည်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ဝန်ထမ်းဆိုင်ရာ နည်းဥပဒေများနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ဘာသာရပ်များ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

### ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဟောပြော

ဟားခါးမြို့ အမှတ်(၁) အခြခံပညာအထက်တန်းကျောင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၆ ရက်က ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲ တွင် ဟားခါးမြို့ အမှတ်(၁၆)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကျော်ဦးက လမ်းဘေးမှကပ်၍ လျှောက်ရန်၊ ရင်ပေါင်တန်း မလျှောက်ရန်၊ လမ်းဖြတ်ကူးလျှင် မြင်ကွင်းကွယ်သောနေရာမှ လမ်းဖြတ်မကူးရန်နှင့် အသက် ၁၆နှစ် မပြည့်သူများကို မော်တော်ဆိုင်ကယ်စီးနင်းခွင့်မပြုကြောင်း စသည်ဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက် )**



## ရေလမ်းခရီးများသောင်ထွန်း၍ ရေတိမ်နေမှုကြောင့် ဒေသခံများ ခရီးသွားလာရေး အခက်အခဲကြုံ

**တနသ်္ာရီ ဇွန် ၈**

တနသ်္ာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနသ်္ာရီမြို့နယ်သည် ရေခရီးလမ်းကြောင်းအားဖြင့် ထားဝယ်ခရိုင် မေတ္တာမြို့နယ်ခွဲမှတစ်ဆင့် မြစ်ဖျားခံ၍ သဘော်ဦးကျေးရွာအုပ်စု၊ ကော့မပြင်းကျေးရွာအုပ်စု၊ သိန္ဓောကျေးရွာအုပ်စု၊ သာရဘွင်ကျေးရွာအုပ်စု၊ တကူကျေးရွာအုပ်စု၊ ဘန်လောကျေးရွာအုပ်စုတို့မှ အစဉ်အလိုက်အားဖြင့် တနသ်္ာရီမြို့သို့ ရောက်ရှိခဲ့ပြီးမှ မြိတ်မြို့သို့ ဆက်လက်စီးဆင်းခဲ့ခြင်းဖြစ်သည်။

ယင်းကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများ၏ ကုန်စည်ဆက်သွယ်မှုအရ ရေကြောင်းလမ်းကိုသာအားထားနေရပြီး ကုန်လမ်းခရီးအားဖြင့်မော်တော်ဆိုင်ကယ်ဖြင့်ပင်လျှင် ခက်ခဲစွာသွားလာနေရသည့် ကျေးလက်ဒေသများဖြစ်သည်။

အဆိုပါ ရေကြောင်းခရီးလမ်းအတိုင်း ရေကြောင်းခရီးဖြင့် အဓိကဒေသထွက်ကုန်များဖြစ်သည့် ကွမ်းသီး၊ ရော်ဘာ၊ ငှက်ပျော၊ ထုံးနှင့် အခြားသစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ အိမ်မွေးတိရစ္ဆာန်များကို တနသ်္ာရီမြို့နှင့် ယင်းမှတစ်ဆင့် မြိတ်မြို့သို့ တင်ပို့ရောင်းချခြင်းဖြင့် ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းပြု၍ ဘဝရပ်တည်နေကြခြင်းဖြစ်ပြီး ယခုကဲ့သို့ ရေလမ်းကြောင်းအခက်အခဲကြောင့် ခရီးကြန့်ကြာခြင်းနှင့်အတူ ဒေသထွက်ကုန်ပစ္စည်းများ ဆုံးရှုံးခြင်းကို ကြုံတွေ့နေကြရကြောင်း သိရသည်။

ယခုအချိန်တွင် သဘော်ဦးကျေးရွာအုပ်စုမှစ၍ ကော့မပြင်းကျေးရွာအုပ်စု၊ သိန္ဓောကျေးရွာအုပ်စုတို့ကို ကျော်ဖြတ်ကာ သာရဘွင်ကျေးရွာအုပ်စု၊ တကူ ကျေးရွာအုပ်စုတို့အထိ ယခင်သွားနေကျ ရေလမ်းခရီးတစ်လျှောက်တွင် သောင်ထွန်းပြီး ရေတိမ်နေသဖြင့် လှေကြီး၊ လှေလတ်အရွယ် လှေများ ဖြတ်သန်းသွားလာ၍ မရရှိတော့ဘဲ ဝမ်းစောက် နှစ်ပေခန့်သာရှိသည့် လှေအငယ်များဖြင့်သာ ခေါက်တုံ့ခေါက်ပြန်ကုန်စည်ကူးသန်း ဈေးရောင်းဈေးဝယ်ပြုနေရသည်။ ထို့ကြောင့် ဒေသခံများအနေဖြင့် အခက်အခဲများစွာ ကြုံတွေ့နေရသောကြောင့် အဆိုပါအခက်အခဲများအပေါ် တာဝန်ရှိသူများမှ ကွင်းဆင်းဆောင်ရွက်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နန်းသာရီ၊ ထိန်ဝင်း**

## ကျေးလက်လမ်းနှင့် ရေပေးရေးလုပ်ငန်းများ စစ်ဆေး

**ဗန်းမော် ဇွန် ၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်အတွင်းရှိ ကျေးရွာများ ကျေးလက်လမ်းနှင့် ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးမှုကို ဗန်းမော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး



ဦးစီးဌာနမှူး ဦးစီးမှူး ဦးသောင်းညွှန့်နှင့်အဖွဲ့သည် ဇွန် ၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးမှုတွင် ရက် ၁၀၀ စီမံချက်အရ မိုးမောက်မြို့နယ်အတွင်းရှိ ပန်ချိုးဟိုင်-နောင်ပေါင်းလမ်း ကျောက်ဖြည့်ခြင်းလုပ်ငန်း အရှည်နှစ်မိုင်၊ ရွှေမြောင်းကျေးရွာ စိမ့်စမ်းရေပိုက်လိုင်းပြုပြင်ခြင်း လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ သတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးနိုင်ရန်နှင့် လိုအပ်သည်များကို ပြုပြင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## အရန်သားဖွားဆရာမသင်တန်းဆင်းပွဲနှင့် အရန်သားဖွားဆရာမ မွမ်းမံသင်တန်းဖွင့်

**ဖြူး ဇွန် ၈**

ကျေးလက်ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အရ အရန်သားဖွားဆရာမသင်တန်းဆင်းပွဲနှင့် အရန်သားဖွားဆရာမ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ ခုတင် ၁၀၀ဆံ့ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဇွန် ၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်၊ ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာသိန်းထွေးနှင့် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်ထွေးတို့က အမှာစကားပြောကြားပြီး အလှူရှင် Capital Diamond Star Foundation အတွင်းရေးမှူး ဦးအေးသော်က သင်တန်းသူများအတွက် ဖောင်ဒေးရှင်းမှ လိုအပ်သည်များ လှူဒါန်းရခြင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မျိုးလှိုင်က သင်တန်းဆိုင်ရာ သင်ကြားမှု၊ သင်ယူမှုအခြေအနေများကို ရှင်းလင်းတင်ပြကာ အရန်သားဖွားသင်တန်းဆင်းလက်မှတ်များနှင့် ကစ်ပုံးများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

**မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် စိုက်ပျိုးရေနှင့်သုံးရေအတွက် အဓိကအားထားရာ ကြေးနီကန်ကြီးအတွင်းသို့ ဇွန်လပထမပတ်အတွင်းက ရွာသွန်းခဲ့သော မိုးကြောင့် ကန်အတွင်း ရေစတင်ဝင်ရောက်နေသည်ကို တွေ့ရစဉ်။** (အဆိုပါ ကြေးနီကန်ကြီးအား သဲနုန်းတူးဖော်ခြင်းနှင့် အကြီးစား ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ပြီးနောက် ယခုရေသည် ပထမဦးစွာဝင်ရောက်ခြင်းဖြစ်သည်။)
**အတ်ကလေး(ရမည်းသင်း)**



# လွန်းပြန်ယာဉ် သို့မဟုတ် အာကာသသယ်ယူပို့ဆောင်ရေးစနစ်

**သိပ္ပံစာရေးဆရာကိုကိုအောင်**

ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်တို့သည် ဗုံးကြဲ လေယာဉ်ကို ဒုံးပျံအင်ဂျင်တပ်ဆင်ကာ ကမ္ဘာပတ်လမ်းကြောင်းထဲထိတိုင် ပစ်လွှတ်ပြီး အမေရိကန်နိုင်ငံပေါ်သို့ ဗုံးများကြဲချရန် ကြံစည်ခဲ့ကြဖူးသည်။ သို့ရာတွင် နည်းပညာဆိုင်ရာ အခက်အခဲများကြောင့် လက်တွေ့၌ လုပ်ဆောင်နိုင်ခဲ့ခြင်း မရှိပေ။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသည့်အခါ စစ်အောင်နိုင်သူဖြစ်သော အမေရိကန်တို့သည် ဒုံးပျံအင်ဂျင်တပ်ဆင်ထားသော အတောင်ပံတပ် ယာဉ်ဖြင့် အာကာသထဲသို့တက်ရောက်နိုင်ရေး ကြံစည်ခဲ့ကြသည့် ဂျာမန်တို့၏ စီမံကိန်း အချက်အလက်များကို အကြောင်းပြုလျက် အတောင်ပံတပ် အာကာသယာဉ်စီမံကိန်းကို လုပ်ဆောင်ရန် စတင်ကြိုးပမ်းခဲ့ကြသည်။ ၁၉၇၂ ခုနှစ် ဇန်နဝါရီလတွင် အတောင်ပံတပ် အာကာသ လွန်းပြန်ယာဉ်ကို တည်ဆောက်ပျံသန်းမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ရစ်ချတ်နစ်ဆင်က ထုတ်ဖော်ကြေညာခဲ့သည်။

ယင်းနောက် ငါးနှစ်အကြာ ၁၉၇၇ ခုနှစ် ဇန်နဝါရီလတွင် အင်တာပရိုက်စ်ဟုအမည်ပေးထားသော ရှေ့ပြေး စမ်းသပ်လွန်းပြန်ယာဉ်ကို ဘိုးရင်း ၇၄၇ လေယာဉ်ကြီး၏ ကျောပေါ်၌တင်၍ ကမ္ဘာ့လေထုအတွင်းပစ်လွှတ်သည့် စမ်းသပ်မှုများကို စတင်လုပ်ဆောင်နိုင်ခဲ့သည်။ ရှေ့ပြေး စမ်းသပ်လွန်းပြန်ယာဉ် အင်တာပရိုက်စ်ဖြင့် စမ်းသပ်မှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီးနောက် ၁၉၈၁ ခုနှစ် ဧပြီလ ၁၂ ရက်တွင် ကိုလံဘီယာဟု အမည်ပေးထားသော ကမ္ဘာ့ပထမဦးဆုံး လွန်းပြန်ယာဉ်ကို ကမ္ဘာပတ်လမ်းကြောင်းထဲသို့ပို့လွှတ်ကာ စတင်ပျံသန်းနိုင်ခဲ့သည်။ ၁၉၈၁ ခုနှစ် ဧပြီလ ၁၄ ရက်တွင် ကိုလံဘီယာ လွန်းပြန်ယာဉ်သည် ကနေဒီအာကာသစခန်းသို့ အောင်မြင်စွာဖြင့် ပြန်လည်ဆင်းသက်နိုင်ခဲ့ သည်။

ကိုလံဘီယာ အာကာသလွန်းပြန်ယာဉ်ကို ကမ္ဘာပတ်လမ်းကြောင်းထဲသို့ ပို့လွှတ်ကာ အလွတ်သဘော စမ်းသပ်ပျံသန်းမှုများကို လေးကြိမ်တိုင်တိုင် အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပြီးနောက် အမေရိကန် အာကာသသိပ္ပံပညာရှင်တို့သည် အာကာသသုတေသနဆိုင်ရာ ပျံသန်းမှုများအတွက် အဆိုပါလွန်းပြန်ယာဉ်ကို စတင်အသုံးပြုခဲ့ကြသည်။ ၁၉၈၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်တွင်စတင်သော အာကာသသုတေသနဆိုင်ရာပျံသန်းမှု ပထမခရီးစဉ်တွင် ကိုလံဘီယာ လွန်းပြန်ယာဉ်ပေါ်၌ ဂြိုဟ်တုနှစ်လုံးကိုတင်ဆောင်သွားပြီးကမ္ဘာပတ်လမ်းကြောင်းထဲအရောက်၌ ပစ်လွှတ်ကာ နေရာချထားနိုင်ခဲ့ကြသည်။

ကိုလံဘီယာ အာကာသလွန်းပြန်ယာဉ်ဖြင့် အောင်မြင်မှုများကို ဆက်တိုက်ရရှိခဲ့ကြသော အမေရိကန်တို့သည် ချဲလင်ဂျာ၊ ဒစ္စကာဗာရီ၊ အတ္တလန်တစ်နှင့် အင်ဒဲဗားဟု အသီးသီးအမည်ပေးထားသည့် လွန်းပြန်ယာဉ်လေးစီးကို ထပ်မံတည်ဆောက်နိုင်ခဲ့ကြသည်။ အာကာသလွန်းပြန်ယာဉ်များ၏ အရွယ်အစားမှာ အလတ်စား ခရီးသည်တင်ဂျက်လေယာဉ်ကြီးများ၏ အရွယ်ပမာဏခန့်ရှိပြီး ကမ္ဘာမြေပြင်နှင့် အာကာသအကြား ခေါက်တုံ့ခေါက်ပြန် ပစ်လွှတ်မောင်းနှင်အသုံးပြုနိုင်သည့် အတောင်ပံတပ် အာကာသယာဉ်များ ဖြစ်ကြသည်။

အမေရိကန် နာဆာအဖွဲ့အစည်းက လွန်းပြန်ယာဉ်ကို အာကာသ သယ်ယူပို့ဆောင်ရေးစနစ်ဟု ခေါ်ဝေါ်သုံးနှုန်းပြီး ထိုလွန်းပြန်ယာဉ်များ၌ တပ်ဆင်ထားသော စက်ကိရိယာများသည် ရောက်ဆဲ ခေတ်ကာလများ၏ နည်းပညာအရ အမြင့်မားဆုံးဖြစ်ကာ တည်ဆောက်တပ်ဆင်ထားပုံအရလည်း အရှုပ်ထွေးဆုံးသော အာကာသယာဉ်များပင် ဖြစ်ကြသည်။ ထိုလွန်းပြန်ယာဉ်များကို ပစ်လွှတ်နိုင်ရန်အတွက် ယာဉ်တပ်ဆင်ရေးအလုပ်ရုံမှ ဒုံးပစ်စင်ရှိရာ ကနေဒီအာကာသစခန်းသို့ ရွှေ့ပြောင်းသယ်ဆောင်သောလုပ်ငန်းစဉ်က အလွန်အရေးကြီးပြီး သတိကြီးစွာထားကြရသည့် လုပ်ငန်းစဉ်အဆင့်လည်း ဖြစ်သည်။

ဦးစွာ အာကာသလွန်းပြန်ယာဉ်ကို လှဲ့လျက် အနေအထားမှ အာကာသထဲသို့ ပစ်လွှတ်ရန်



**ပထမဆုံးအာကာသလွန်းပြန်ယာဉ် ကိုလံဘီယာကို စတင်လွှတ်တင်စဉ်**

အသင့်အနေအထားဖြစ်အောင် မတ်မတ်ထောင်ကာ သယ်ယူမည့်ယာဉ်ပေါ်သို့ တင်ဆောင်ရသည်။ လွန်းပြန်ယာဉ်ကို သယ်ယူရွှေ့ပြောင်းမည့်ယာဉ်ကြီးသည် အလေးချိန် ၂၆၀၀ တန်လေးပြီး မြင်းကောင်ရေ ၂၇၅၀ စွမ်းအားရှိသော ဒီဇယ်အင်ဂျင်ကို တပ်ဆင်ထားသည်။ အဆိုပါယာဉ်ကြီးပေါ်၌ပင် ပစ်လွှတ်မည့်လွန်းပြန်ယာဉ်အား ပြင်ပလောင်စာကန်နှင့် လည်းကောင်း၊ လောင်စာခဲကိုသုံးစွဲထားသည့် တွန်းကန်အားမြှင့်ဒုံးအင်ဂျင်တို့နှင့်လည်းကောင်း တွဲစပ် ချိတ်ဆက်ပေးရသည်။

ယင်းကဲ့သို့ တွဲစပ်ချိတ်ဆက်ပြီးသော လွန်းပြန်ယာဉ်ကို ဒုံးပစ်စင်ရှိရာသို့ သယ်ယူရွှေ့ပြောင်းရာ၌ တစ်နာရီလျှင် တစ်မိုင်နှုန်းထက်မပိုသော အလွန်နှေးကွေးသည့်နှုန်းဖြင့်သာ တရွေ့ရွေ့ချင်း သယ်ယူရွှေ့ပြောင်းကြရသည်။ အာကာသလွန်းပြန်ယာဉ်နှင့် ချိတ်ဆက်ထားသော ပင်မဒုံးအင်ဂျင်သုံးလုံးနှင့် တွန်းကန်အားမြှင့် ဒုံးအင်ဂျင်နှစ်လုံးတို့သည် စုစုပေါင်းတွန်းကန်အား ပေါင်ခုနစ်သန်းနီးပါးဖြင့် လွန်းပြန်ယာဉ်ကြီးကို အာကာသထဲသို့ရောက်အောင် မောင်းနှင်တွန်းပို့ပေးကြသည်။

တည်ဆောက်မှုကုန်ကျစရိတ် အမေရိကန်ဒေါ်လာ သန်းနှစ်ထောင်ရှိသော အာကာသလွန်းပြန်ယာဉ်သည် အရှည် ၁၂၂ ပေရှိပြီး တောင်ပံကန့်လန့်ဖြတ်အလျား ၇၈ ပေ ရှိသည်။ ယာဉ်မှူး ခုနှစ်ဦးအထိ လိုက်ပါနိုင်သောအခန်းသည် ကုဗပေ ၂၅၀၀ ကျယ်ဝန်းပြီး အထပ်သုံးထပ် ပါရှိသည်။ အပေါ်ဆုံးထပ်တွင် လွန်းပြန်ယာဉ်ကွပ်ကဲရေးမှူးနှင့် ပိုင်းလော့တစ်ဦးတို့ လိုက်ပါပြီး ကျန်ယာဉ်မှူးတို့က အလယ်ထပ်တွင် လိုက်ပါရသည်။ ထိုအလယ်ထပ်တွင် စက်ကိရိယာများကို အပြည့်အစုံတပ်ဆင်ထားပြီး အာကာယာဉ်မှူးများအတွက် အဝင်အထွက်တံခါးပေါက် ပါရှိကာ အိပ်ခန်းနှင့် သန့်စင်ခန်းများကိုပါ တစ်ပါတည်းဖွဲ့စည်းတည်ဆောက်ထားသည်။

အာကာသလွန်းပြန်ယာဉ်ဖြင့် ကမ္ဘာ့အပြင်ဘက်သို့ မောင်းနှင်ထွက်ခွာပြီး အာကာသထဲသို့အရောက်တွင် ယာဉ်မှူးများအနေဖြင့် လွန်းပြန်ယာဉ်အတွင်းမှ အာကာသထဲသို့ ထွက်ခွာရန်နှင့် ကုန်တင်အခန်းသို့ကူးသန်းရာ၌ အသုံးပြုသော ကြားခံလေလုံခန်းတစ်ခန်းကိုလည်း လွန်းပြန်ယာဉ်ထဲ၌ တည်ဆောက်ထားသည်။ ယာဉ်မှူးများသည် အာကာသထဲသို့ထွက်၍ လုပ်ငန်းဆောင်တာများလုပ်ဆောင်နိုင်ရန် ကြားခံလေလုံခန်းကို ဖြတ်သန်းပြီးမှသာ ထွက်ခွာကြရသည်။ အာကာသလွန်းပြန်ယာဉ်အတွင်း ထည့်သွင်းပေးထားသည့်လေဖိအား လျော့ပါးဆုံးရှုံးခြင်းမရှိစေရန်အတွက် ကြားခံလေလုံခန်းကို အသုံးပြုကြရသည်။

အာကာသလွန်းပြန်ယာဉ်အတွင်း၌ ထည့်သွင်းပေးထားသော လေဖိအားသည် ကမ္ဘာ့မြေပြင်ပေါ်မှ လေဖိအားအတိုင်း တစ်စတုရန်းလက်မပေါ်၌ ၁၄ ဒသမ ၇ပေါင် ရှိသည်။ သို့ရာတွင် အာကာသ၏ ဆွဲအားမဲ့အခြေအနေကြောင့် ယာဉ်မှူးများသည် အာကာသလွန်းပြန်ယာဉ်အတွင်း၌ ပေါလောမျောအနေအထားဖြင့် ရွေ့လျားနေကြရသည်။ အာကာသဟင်းလင်းပြင်ကမူ လေဖိအားကင်းမဲ့ရုံမျှမက ဒြပ်ဆွဲအားမဲ့သောနေရာလည်း ဖြစ်သည့်အတွက် ယာဉ်မှူးများအနေဖြင့် အာကာသထဲသို့ မထွက်မီ အာကာသဝတ်စုံကို စနစ်တကျ ဝတ်ဆင်ကြရသည်။ အာကာသဝတ်စုံမပါဘဲ အာကာသဟင်းလင်းပြင်သို့ ထွက်မည်ဆိုပါက ခန္ဓာကိုယ်ဖောင်းကားလာပြီး တစ်ခဏအတွင်းမှာပင် ပေါက်ကွဲလွင့်စဉ်ကာ အသက်ဆုံးရှုံးလိမ့်မည် ဖြစ်သည်။

အာကာသဝတ်စုံသည်ပင်လျှင် လေဖိအားကို ထည့်သွင်းပေးထားသည်ဆိုသည့်တိုင် အာကာသဝတ်စုံထဲရှိ လေဖိအားမှာ တစ်စတုရန်း လက်မပေါ်၌ ၄ ဒသမ ၃ ပေါင် ပမာဏမျှသာ ရှိသည့်အတွက် အာကာသဝတ်စုံကို ရုတ်တရက် ဝတ်ဆင်လိုက်မည်ဆိုလျှင် လေဖိအား ရုတ်ခြည်းကျဆင်းသွားမှုကြောင့် ပြင်းထန်စွာ နာကျင်သည့်ဝေဒနာကို ခံစားရလိမ့်မည်ဖြစ်ပြီး အခန့်မသင့်လျှင် အသက်ဆုံးရှုံးသွားနိုင်သည်။

လွန်းပြန်ယာဉ်အတွင်းမှ အာကာသထဲသို့ ထွက်ခွာမည့် ယာဉ်မှူးများသည် ယာဉ်ပေါ်ရှိ လေ့ကျင့်ရေးစက်ဘီးကိုနင်းပြီး သန့်စင်ထားသည့် အောက်ဆီဂျင်ဓာတ်ငွေ့စစ်စစ်ကို ရှူရှိုက်ကြရသည်။ ယင်းနောက် ကြားခံလေလုံခန်းထဲသို့ဝင်ရောက်ကာ လေဖိအားကို တဖြည်းဖြည်းချင်း လျှော့ချပေးရသည်။ ဖိအားလျော့ကျသွားသည့်အခါ အာကာသဝတ်စုံကို ဝတ်ဆင်ပြီး အောက်ဆီဂျင်ဓာတ်ငွေ့စစ်စစ်ကို နောက်ထပ် တစ်နာရီတိတိ ရှူရှိုက်ကြရသည်။ ပြီးလျှင် လေလုံခန်း၏တစ်ဖက်ခြမ်းရှိ လူနေခန်းထဲသို့ ဝင်ရောက်ကာ လူနေခန်းနှင့် အာကာသဝတ်စုံထားရှိသော အခန်းကြားရှိတံခါးကို လုံခြုံအောင် ဦးစွာပိတ်ရသည်။ လုံခြုံစိတ်ချရပြီဆိုမှသာ လူနေခန်း၏အခြားတစ်ဖက်ရှိ တံခါးကိုဖွင့်ကာ အာကာသထဲသို့ ထွက်ခွာကြရသည်။

လွန်းပြန်ယာဉ်ရှိ အာကာသယာဉ်မှူးများ အခန်း၏ နောက်ဘက် လွန်းပြန်ယာဉ်၏ ကျောပေါ်တွင်ရှိသော ကုန်တင်အခန်းသည် အလျား ပေ ၆၀ ရှိပြီး ၁၅ ပေ ကျယ်ဝန်းသည်။ ထိုအခန်းထဲ၌ အာကာသသုတေသနဆိုင်ရာ စမ်းသပ်ကိရိယာများ၊ ဂြိုဟ်တုများ၊ ပြင်ဆင်ရေး စက်ကိရိယာများ၊ နိုင်ငံတကာအာကာသ စခန်းယာဉ် တည်ဆောက်ရေးနှင့် ပြင်ဆင်မွမ်းမံရေးလုပ်ငန်းသုံး စက်ပစ္စည်းများကို တင်ဆောင်ထားသည်။

လွန်းပြန်ယာဉ်များသည် ကမ္ဘာမြေပြင်အထက် မိုင် ၁၅၀ မှ မိုင် ၃၅၀ အတွင်းရှိ ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ ၁၇ရက် ကြာမြင့်သည်အထိ ပျံသန်းနိုင်စွမ်းရှိကြသည်။ အာကာသအတွင်းသို့ ကုန်စည်ပို့ဆောင်ရေးနှင့် အာကာသအတွင်း၌ ပြင်ဆင်မွမ်းမံရေးလုပ်ငန်းများကို လုပ်ဆောင်ပြီးစီးသည့်အခါ ကမ္ဘာမြေပြင်ပေါ်သို့ ပြန်လည်ဆင်းသက်ရန် ပြင်ဆင်ကြရသည်။ လွန်းပြန်ယာဉ် ပြန်လည်ဆင်းသက်မှုလုပ်ငန်းစဉ်၏အစကို အိန္ဒိယသမုဒ္ဒရာ အပေါ်တည့်တည့်သို့ ရောက်ရှိချိန်၌ စတင်လုပ်ဆောင်ကြရသည်။

ထိုအချိန်တွင် လွန်းပြန်ယာဉ်သည် အိန္ဒိယသမုဒ္ဒရာ၏အပေါ် ၇၅ မိုင်အမြင့်၌ တစ်စက္ကန့်လျှင် ၄ ဒသမ ၇၅ မိုင်နှုန်းဖြင့် ရွေ့လျားနေပြီး ကမ္ဘာမြေပြင်ကိုကျောပေးကာ ပျံသန်းလျက်ရှိနေသည်။ ထိုအနေအထားကို ပြောင်းပြန်လှန်၍ ကမ္ဘာမြေပြင်ဘက်သို့ မှောက်ခုံအနေအထားဖြစ်အောင် တစ်ပတ်လှည့်ကာ မြေပြင်သို့ဆင်းရန် စတင်ပြင်ဆင်ရသည်။ ထိုအချိန်တွင် လွန်းပြန်ယာဉ်၏ ပျံသန်းနေသောအရှိန်နှင့် ကမ္ဘာမြေပြင်မှအမြင့်ကို လျှော့ချနိုင်ရန် ယာဉ်ကို ရှေ့နောက်ပြောင်းပြန်လှည့်ပေးခြင်းအားဖြင့် အမြီးပိုင်းက ရှေ့၌ရှိကာ ဦးပိုင်းက နောက်ဘက်သို့ ရောက်ရှိသွားသည်။

**အာကာသဟင်းလင်းပြင်ကမူ လေဖိအားကင်းမဲ့ရုံမျှမက ဒြပ်ဆွဲအားမဲ့သောနေရာလည်း ဖြစ်သည့်အတွက် ယာဉ်မှူးများအနေဖြင့် အာကာသထဲသို့မထွက်မီ အာကာသဝတ်စုံကို စနစ်တကျ ဝတ်ဆင်ကြရသည်။ အာကာသဝတ်စုံမပါဘဲ အာကာသဟင်းလင်းပြင်သို့ ထွက်မည်ဆိုပါက ခန္ဓာကိုယ်ဖောင်းကားလာပြီး တစ်ခဏအတွင်းမှာပင် ပေါက်ကွဲလွင့်စဉ်ကာ အသက်ဆုံးရှုံးလိမ့်မည် ဖြစ်သည်။ အာကာသဝတ်စုံသည်ပင်လျှင် လေဖိအားကို ထည့်သွင်းပေးထားသည်ဆိုသည့်တိုင် အာကာသဝတ်စုံထဲရှိ လေဖိအားမှာ တစ်စတုရန်း လက်မပေါ်၌ ၄ ဒသမ ၃ ပေါင် ပမာဏမျှသာ ရှိသည့်အတွက် အာကာသဝတ်စုံကို ရုတ်တရက်ဝတ်ဆင်လိုက်မည်ဆိုလျှင် လေဖိအား ရုတ်ခြည်းကျဆင်းသွားမှုကြောင့် ပြင်းထန်စွာ နာကျင်သည့်ဝေဒနာကို ခံစားရလိမ့်မည်ဖြစ်ပြီး အခန့်မသင့်လျှင် အသက်ဆုံးရှုံးသွားနိုင်သည်**

ဤသို့အားဖြင့် အာကာသထဲမှ ကမ္ဘာ့လေထုထဲသို့ ပြန်လည်ဝင်ရောက်နိုင်ရန် စတင်ပြင်ဆင်ချိန်မှစ၍ ၂၅ မိနစ်အကြာတွင် လေထုအတွင်းသို့ စတင်ချဉ်းနင်းဝင်ရောက်လာသည်။ ကမ္ဘာ့လေထုအတွင်းသို့ စတင်ရောက်ရှိသည်နှင့် လွန်းပြန်ယာဉ်၏ဦးပိုင်းကို ရှေ့သို့ပြန်လှည့်ကာ ရေပြင်ညီမှ ၄၀ ဒီဂရီ ဦးမော့နေသည့်အနေအထားဖြင့် မြေပြင်ပေါ်သို့ ဆင်းသက်သည်။

လေယာဉ်ပြေးလမ်းပေါ်သို့ လွန်းပြန်ယာဉ်ကြီး ချဉ်းကပ်ဆင်းသက်ရာ လမ်းကြောင်းသည် ခရီးသည်တင်လေယာဉ်များ ချဉ်းကပ်ဆင်းသက်ရာ လမ်းကြောင်းထက် ခြောက်ဆပို၍ မတ်စောက်ပြီး ခရီးသည်တင်လေယာဉ်များကဲ့သို့ အင်ဂျင်နိုးလျက်ဖြင့် ဆင်းသက်ခြင်းမဟုတ်ဘဲ စက်မဲ့လေယာဉ်ဆင်းသက်သကဲ့သို့ ကမ္ဘာ့မြေဆွဲအားကိုယူ၍ လေဟုန်စီးကာ ဆင်းသက်လာခြင်းသာဖြစ်သည်။ လွန်းပြန်ယာဉ်ကြီး ဆင်းသက်လာသည့်မြန်နှုန်းသည် တစ်နာရီလျှင် မိုင် ၁၇၀၀၀ နီးပါးရှိပြီး ထိုမျှသောအမြန်နှုန်းဖြင့် လေထုအတွင်းသို့ ဝင်ရောက်ဆင်းသက်ရာတွင် လေထုကြီး၏ ပွတ်တိုက်မှုကြောင့် လွန်းပြန်ယာဉ်၏ အပူချိန်သည် ၃၀၀၀ ဒီဂရီ ဖာရင်ဟိုက်အထိ မြင့်တက်လာသည်။

ဤမျှ ပြင်းထန်လွန်းသော အပူချိန်သည် လွန်းပြန်ယာဉ်တစ်စီးလုံးကို လွယ်လင့်တကူ မီးလောင်ပျက်စီးသွားစေနိုင်သော်လည်း အရည်အသွေးအလွန်မြင့်မားသော ဆီလီကာဖြင့် ပြုလုပ်ထားသည့် အပူကာပြား ၂၄၀၀၀ ခန့်ကို တပ်ဆင်ထားသည့် လွန်းပြန်ယာဉ်ကြီးများသည် ဘေးမသီရန်မခဘဲ အာကာသစခန်းရှိ အထူးလေယာဉ်ပြေးလမ်းပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့ကြသည်။

အမေရိကန်တို့၏ အာကာသလွန်းပြန်ယာဉ်ငါးစီးအနက် ချဲလင်ဂျာလွန်းပြန်ယာဉ်မှလွဲ၍ ကျန်လွန်းပြန်ယာဉ်များအားလုံးသည် ကမ္ဘာမြေပြင်နှင့် အာကာသအကြား ပျံသန်းမှု အကြိမ်ကြိမ်ပြုလုပ်ကာ အာကာသသုတေသနလုပ်ငန်းများနှင့် အာကာသစီမံကိန်းဆိုင်ရာလုပ်ငန်းများကို အဓိကအခန်းကဏ္ဍမှနေ၍ များစွာ အထောက်အကူပြုပေးနိုင်ခဲ့ကြသည်။

၁၉၈၆ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်က ပစ်လွှတ်ခဲ့သော ချဲလင်ဂျာလွန်းပြန်ယာဉ်သည် စတင်ပစ်လွှတ်ပြီးနောက် တစ်မိနစ်နှင့် ၁၃ စက္ကန့်အကြာတွင် ပေါက်ကွဲပျက်စီးသွားပြီး လိုက်ပါသွားသည့် ယာဉ်မှူး ခုနစ် ဦးစလုံး အသက်ဆုံးရှုံးခဲ့ကြရသည်။ တွန်းကန်အားမြှင့် ဒုံးအင်ဂျင်၏ အဆက်နေရာကို ပိတ်ဆို့ထားသောရော်ဘာကွင်း ပျက်စီးသွားမှုကြောင့် အင်ဂျင်အတွင်းမှ လောင်စာဓာတ်ငွေ့နှင့် မီးတောက်များ စိမ့်ထွက်လာကာ ပြင်ပလောင်စာကန်ကို မီးဟပ်ရာမှတစ်ဆင့် လောင်စာကန်ကြီးပေါက်ကွဲပျက်စီးကာ လွန်းပြန်ယာဉ်တစ်စီးလုံး မီးလောင်ပျက်စီးခဲ့ရခြင်း ဖြစ်သည်။

အမေရိကန်တို့အနေဖြင့် ၁၉၈၁ ခုနှစ်ကတည်းက လွန်းပြန်ယာဉ်များဖြင့် ကမ္ဘာမြေပြင်နှင့် အာကာသအကြား ခေါက်တုံ့ခေါက်ပြန် ပျံသန်းပြေးဆွဲနေသည်ကို တွေ့မြင်နေရသော ဆိုဗီယက်တို့သည် အားကျမခံ စိတ်ဓာတ်ဖြင့် လွန်းပြန်ယာဉ်ကို လျှို့ဝှက်စွာတည်ဆောက်နေခဲ့ကြသည်။ ဆိုဗီယက်တို့အနေဖြင့် အာကာသလွန်းပြန်ယာဉ်စီမံကိန်းကို စတင် လုပ်ဆောင်ရန် ၁၉၇၆ခုနှစ်ကတည်းက ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ရာ အမေရိကန်သမ္မတ ရစ်ချတ်နစ်ဆင်က လွန်းပြန်ယာဉ်စီမံကိန်းကိုစတင်ရန် ကြေညာခဲ့ပြီးနောက် လေးနှစ်အကြာတွင် စတင်ကြံစည် အားထုတ်ခဲ့ကြခြင်းပင်ဖြစ်သည်။

အမေရိကန်တို့က လွန်းပြန်ယာဉ်ကို အသုံးပြုပြီး ဆိုဗီယက်မြေပေါ်သို့ အဏုမြူဗုံးများ ကြဲချမည်ကို စိုးရိမ်စိတ်ဝင်နေကြသည့် ဆိုဗီယက်တို့သည် ၄င်းတို့၏ လွန်းပြန်ယာဉ်ကို စစ်ရေးကိစ္စများ၌ ဦးစားပေးသုံးစွဲရန် အစီအစဉ်ချမှတ်ခဲ့ကြသည်။ အမေရိကန်တို့က အရပ်ဘက်ဆိုင်ရာ အာကာသစီမံကိန်းလုပ်ငန်းများအတွက် လွန်းပြန်ယာဉ်များကို တည်ဆောက်ပျံသန်းနေချိန်တွင် နှင်းမုန်တိုင်းဟုအဓိပ္ပာယ်ရသော စစ်ဘက်ဆိုင်ရာဦးစားပေး လွန်းပြန်ယာဉ်ကို ဆိုဗီယက်တို့က လူသိမခံဘဲ တည်ဆောက်နေခဲ့ကြသည်။ ဆိုဗီယက်ဘာသာအားဖြင့် ဘူရန်(Buran)ဟု အမည်ပေးထားသော စစ်ဘက်ဆိုင်ရာလွန်းပြန်ယာဉ်သည် အမေရိကန်တို့၏လွန်းပြန်ယာဉ်နှင့် ပုံစံတူပင်ဖြစ်သည်။

လွန်းပြန်ယာဉ်ဘူရန်ကို ဆိုဗီယက်တို့၏ သယ်ယူပို့ဆောင်ရေးလေယာဉ်ကြီး အန်တိုနော့၏ကျောပေါ်၌ တင်ဆောင်သွားပြီး စမ်းသပ်ပျံသန်းမှုများကို ပြုလုပ်ခဲ့ကြသည်။ ယင်းနောက် လွန်းပြန်ယာဉ်ဘူရန်ကို အီနာဂျီယာဒုံးပျံဖြင့် ကမ္ဘာပတ်လမ်းကြောင်းထဲသို့ ပစ်လွှတ်ကာ မြေပြင်မှထိန်းချုပ်မှုဖြင့် ပျံသန်းစေပြီး ကမ္ဘာမြေပြင်ပေါ်သို့ ပြန်လည်ဆင်းသက်စေခဲ့သည်။ ဆိုဗီယက်တို့၏လွန်းပြန်ယာဉ်သည် အာကာသအတွင်း တစ်ကြိမ်သာစမ်းသပ်ပျံသန်းပြီးနောက် ကုန်ကျစရိတ်ကြီးမားလွန်းသည့်အတွက် လွန်းပြန်ယာဉ်စီမံကိန်းကို ဆိုင်းငံ့ထားလိုက်ကြသည်။ ထို့နောက် ဆိုဗီယက်ယူနီယံကြီး ပြိုကွဲသွားခဲ့ရာ ဆိုဗီယက်တို့၏ လွန်းပြန်ယာဉ်စီမံကိန်းကြီးသည်လည်း နိဂုံးကမွတ် အဆုံးသတ်သွားခဲ့ရရှာတော့သည်။

အမေရိကန်ပြည်ထောင်စု၌မူ နှစ်ပေါင်းသုံးဆယ်ကျော်ကြာ ပျံသန်းပြေးဆွဲပြီး အာကာသစီမံကိန်းလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အာကာသ လွန်းပြန်ယာဉ်ကြီးများကို အများသူငါတို့ လေ့လာကြည့်ရှုနိုင်ကြစေရန်အတွက် ပြတိုက်များအတွင်း၌ စနစ်တကျ စီစဉ်ပြသထားလျက် ရှိနေကြပြီဖြစ်ပေသည်။ ။

# မီးရထားလမ်းပေါ်လဲပြိုကျသော ခရေပင်ကြီးကို အမြန်ဆုံးရှင်းလင်းခဲ့

**ပျဉ်းမနား ဇွန် ၈**

နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ရွှေသာယာ(၂)နယ်မြေ ရန်ကုန်-မန္တလေး ရထားလမ်းအနီးရှိ သက်တမ်းရင့်ခရေပင်ကြီးတစ်ပင်မှာ ဇွန် ၄ ရက်က ရထားသံလမ်းပေါ်သို့ လဲပြိုကျခဲ့ရာ တာဝန်ရှိသူများ ပူးပေါင်း၍ အမြန်ဆုံး ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရသည်။

ပျဉ်းမနားမြို့တွင် ဇွန် ၁ ရက်မှစ၍ အဆက်မပြတ် မိုးရွာသွန်းမှုကြောင့် ရွာကောက်ရပ်ကွက် သံလမ်းဘေးရှိ သက်တမ်းရင့် ခရေပင်ကြီးမှာ ဇွန် ၄ ရက် ည ၁၁ နာရီကျော်အချိန်တွင် သံလမ်းပေါ်သို့ လဲပြိုကျခဲ့ခြင်းဖြစ်သည်။

သစ်ပင်ကြီး လဲပြိုကျသည့်အတွက် လျှပ်စစ်ဝိုင်ယာကြိုးများပေါ်သို့ ကျရောက်သော သစ်ကိုင်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဒုလက်ထောက်အင်ဂျင်နီယာ ဦးချမ်းငြိမ်းနှင့် ဝန်ထမ်းများက လျှပ်စစ်ဓာတ်ကြိုးများ အန္တရာယ်ကင်းရှင်းစေရန် လာရောက်ဆောင်ရွက်ပေးပြီး မီးရထားဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦး ဦးဆောင်သည့် ရပ်ကွက်နေပြည်သူများက သံလမ်းပေါ်ကျနေသည့် သစ်ကိုင်းများကို စုပေါင်း၍ ဖယ်ရှားရှင်းလင်းခဲ့ကြရာ ဇွန် ၅ ရက် နံနက် ၉ နာရီခန့်တွင် သစ်ပင်လဲပြိုကျမှုကို အပြီးသတ် ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။ သစ်ပင်လဲပြိုကျမှုကြောင့် ပတ်ဝန်းကျင်မှ လူနှင့် နေအိမ်များကို ထိခိုက်ပျက်စီးမှု မရှိခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ညှိနှိုင်းဆွေးနွေး

**မြိတ် ဇွန် ၈**

ကျေးရွာစာကြည့်တိုက်များရှင်သန်ခိုင်မာရေး၊ စာကြည့်တိုက်များကို ပံ့ပိုးမှုများ ပေးနိုင်ရေးနှင့် ကျေးလက်နေပြည်သူများအား အသိပညာဖြန့်ဝေပေးရေးတို့အတွက် ဌာနဆိုင်ရာများ၊ မြိတ်ခရိုင် စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးလုပ်ငန်းကော်မတီ ဝင်များ၊ မြို့နယ်စာရေးဆရာအသင်းဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများ မြိတ်ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ဇွန် ၆ ရက်က ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြိတ်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်က ဆွေးနွေးပွဲပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆောင်ရွက်မည့်နည်းလမ်းများ၊ စာကြည့်တိုက်များကို ပြည်သူများအသုံးချစေရေး၊ စာကြည့်တိုက်မှူးများ၏ အခက်အခဲများ၊ စာအုပ်စာစောင်တိုးပွားရေးနှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ရန်နည်းလမ်းများ၊ စာကြည့်တိုက်များ အစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးနိုင်မည့်နည်းလမ်းများ၊ ကျေးရွာစာသင်ကျောင်းများတွင် အသိပညာပေးဟောပြောပွဲများ ကျင်းပနိုင်ရေး စသည့်အကြောင်းအရာများကို တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မကြာမီ ကျရောက်တော့မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲများနှင့် ပညာပေးပြပွဲများ၊ ပြခန်းများ ကျင်းပနိုင်ရန်အတွက် တာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်)**



# ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးသင်တန်းဖွင့်

**ထန်တလန် ဇွန် ၈**

ချင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန၏ ပြည်သူ့အကျိုးပြု ရက် ၁၀၀ စီမံချက်အရဖွင့်လှစ်သော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းဖွင့်ပွဲကို ထန်တလန်မြို့ မြို့နယ်ခန်းမဆောင်၌ ဇွန် ၆ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်းက အမှာစကားပြောကြားပြီး ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချန်ပဲ့က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းကို ဇွန် ၆ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ ထန်တလန်မြို့နယ်အတွင်းရှိ ကျေးရွာ ၈၄ ရွာမှ သင်တန်းသား ၁၈၂ ဦး တက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းတက်ရောက်သူများကို လူမှုဝန်ထမ်းဦးစီးဌာနက သင်တန်းဆင်းလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲနှင့် ပြပွဲကျင်းပ

**ဝေါ ဇွန် ၈**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်စာစောင်များပြပွဲကို ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဝေါမြို့ အထကကျောင်း၌ ဇွန် ၆ ရက်က ပြုလုပ်ခဲ့သည်။



ပြပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသက်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမောင်မောင်လွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်သန်းသန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဟောပြောပွဲ ဆက်လက်ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ဝေါမြို့မ ရဲစခန်းမှ ဒုရဲမှူးဌေးခိုင်က မူးယစ်ဆေးဝါး အန္တရာယ် တိုက်ဖျက်ရေးဆိုင်ရာများကို အသေးစိတ်ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝေါအထကမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပြခန်းတွင် ပြသထားသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အသိပညာပေး ဓာတ်ပုံနှင့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုခဲ့သည်။

**အောင်မြတ်လင်း(ပြန်/ဆက်)**

## သတင်းတိုများ

### ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာရှိ အနန္တမုနိ ဓာတုစေတီတော်မြတ်ကြီး၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ပြုလုပ်ခဲ့ပြီး နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်၊ မြို့နယ်သစ်တော ဦးစီးဌာနမှူး၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ အထက(ဖားကန့်)မှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ လုံးခင်းကျေးရွာ ရပ်မိရပ်ဖများက ကျွန်း ၁၂၅ ပင်၊ ပျဉ်းကတိုးပင် ၁၂၀၊ ကဗွီးပင် ၅၀၊ မဂျန်ရှား ၁၁ ပင်၊ မယ်ဇလီ ၉ ပင်၊ အော်ရီရှားပင် ၆၀ စုစုပေါင်းသစ်ပင် ၃၈၄ ပင်ကို စိုက်ပျိုးခဲ့ကြသည်။

**စိုးနိုင်ဦး(ဖားကန့်)**

### မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ သိန်းပေါင်း ၄၂၀၀ ကျော် ထုတ်ချေးပြီး

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းမှ တောင်သူများအား မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက မေ ၂၀ ရက်မှ စတင်၍ ထုတ်ချေးပေးခဲ့ရာ ဇွန် ၆ ရက်အထိ ချေးငွေကျပ်သိန်းပေါင်း ၄၂၀၀ ကျော်ကို ထုတ်ချေးပေးထားပြီး ကျန်ချေးငွေများကိုလည်း ဆက်လက်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ မြစ်သားမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၆ ခုနှစ် မိုးသီးနှံ စိုက်ပျိုးစရိတ် ချေးငွေလျာထားချက်မှာ ကျေးရွာအုပ်စု ၈၈ အုပ်စုမှ တောင်သူဦးရေ ၁၅၀၀၀ ခန့်အတွက် ကျပ်သိန်းပေါင်း ၉၅၃၀၀ ခန့် လျာထားကြောင်း၊ ဇွန် ၆ ရက်အထိ ကျေးရွာ အုပ်စု ရှစ်အုပ်စုမှ တောင်သူဦးရေ ၇၃၇ ဦးအတွက် ချေးငွေကျပ် ၄၂၄၄ သိန်းကျော်ကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မြစ်သားမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာက ပြောသည်။

**ရဲဝင်းထွန်း(မြစ်သား)**

### လူမှုကူညီရေးအသင်းသို့ မော်တော်ယာဉ်တစ်စီး ပေးအပ်လှူဒါန်း

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဒေါင်းရွေးကျေးရွာ ရွာဦးကျောင်းဆရာတော် ဦးစီးတည်ထောင်ထားသော ပရမတ္ထသစ္စာ လူမှုကူညီရေးအသင်းသို့ နိဗ္ဗာန်ယာဉ်တစ်စီးကို မန္တလေးမြို့နေ ဦးညွန့်ဝင်း+ဒေါ်ငြိမ်းငြိမ်း(အုန်း၊ ငှက်ပျောရောင်းဝယ်ရေးမိသားစု)က ဇွန် ၇ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။ နိဗ္ဗာန်ယာဉ်အဖြစ်အသုံးပြုရန် Alphard အမျိုးအစားယာဉ်ကို အသင်းဥက္ကဋ္ဌ ဦးမောင်ကိုထံသို့ အလှူရှင်များက ပေးအပ်လှူဒါန်းခဲ့ပြီး ယာဉ်လှူဒါန်းပွဲသို့ လာရောက်သော ဧည့်ပရိသတ်များကိုလည်း အလှူရှင်များက ထမင်း၊ဟင်းများ ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# ကျေးရွာရေနုတ်မြောင်းကို စက်ယန္တရားများဖြင့် တူးဖော်လျက်ရှိ

**မတ္တရာ ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ရွှေစုကျေးရွာ၌ မိုးရာသီကာလအတွင်း မိုးသည်းထန်စွာရွာသွန်းပါက နှစ်စဉ်ရေကြီးရေလျှံမှုများ ဖြစ်ပွားသဖြင့် ရေစီးရေလာကောင်းမွန်မှုမရှိသော ကျေးရွာရေနုတ်မြောင်းကို ရက် ၁၀၀ စီမံချက်အရ စက်ယန္တရားများ အသုံးပြု၍ ပြန်လည်တူးဖော်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာရေနုတ်မြောင်းမှာ အရှည် ၉၀၀၅ ပေရှိပြီး ပိတ်ဆို့နေသည့်အတွက် မိုးရွာသွန်းပါက မိုးရေများမှာ ကျေးရွာအဝင်လမ်းမှစ၍ စာသင်ကျောင်းနှင့် ကျေးရွာအတွင်းသို့ ဝင်ရောက်ကာ ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်ပေါ်ခဲ့ကြောင်း၊ စာသင်ကျောင်းအတွင်းတွင် မိုးရေဝင်ရောက်သည့်အတွက် ကျောင်းသား ကျောင်းသူများမှာ ဘုန်းတော်ကြီးကျောင်းသို့ပြောင်းရွှေ့ကာ စာသင်ကြားရပြီးအိမ်ခြေ ၇၀ ခန့်မှာလည်း ရေဝင်ရောက်မှုဒဏ်ကို ခံစားခဲ့ရကြောင်း သိရသည်။

ယခု ရေနုတ်မြောင်းကိုတူးဖော်ရာတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရွှေတချောင်းမြောင်းအထိ တူးဖော်မည်ဖြစ်ကာ တူးဖော်ပြီးစီးပါက ကျေးရွာအတွင်းနှင့် ရွာအဝင်လမ်းပေါ်သို့ ရေဝင်ရောက်မှုမှ ကာကွယ်နိုင်မည်ဖြစ်ပြီး မြေဧက ၆၀၀၀ ခန့်ကိုလည်း ရေကြီးနစ်မြုပ်မှုဒဏ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရေနုတ်မြောင်း တူးဖော်နေရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေးနှင့် ဦးမင်းမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းတို့က ဇွန် ၆ ရက်တွင် လာရောက်ကြည့်ရှုခဲ့ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းထိန်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# တောင်သူပညာပေးသင်တန်းဖွင့်

**သံတွဲ ဇွန် ၈**

ရက် ၁၀၀ စီမံချက်အရ သံတွဲခရိုင် သံတွဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် တောင်သူပညာပေးသင်တန်းကို ဇွန်လပထမပတ်က သံတွဲမြို့နယ် တလင်းဆိပ်ကျေးရွာ၌ ကျင်းပသည်။

သင်တန်းတွင် သံတွဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဝင်းမောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင် သီးနှံတာဝန်ခံ ဒေါ်တင်မြင့်ရီ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်စမ်းစမ်းလွင်နှင့် မြို့နယ်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဇင်မာဆွေတို့က ပိုးသတ်ဆေးဥပဒေနှင့် ပိုးသတ်ဆေးစနစ်တကျ ကိုင်တွယ်သုံးစွဲနည်း၊ မျိုးစေ့ဥပဒေ၊ မျိုးကောင်းမျိုးသန့်များကို စနစ်တကျသုံးစွဲရေးနှင့် မြေဩဇာ အချိန်ကိုက် အချိုးကျသုံးစွဲနည်းတို့ကို သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ယူရို ၂၀၁၆ အဖွင့်ပွဲစဥ်မှာ အိမ်ရှင်ပြင်သစ်တို့ မျက်နှာပန်းလှနိုင်ပါ့မလား

**မိုးမြင့်လင်းလက်**




ကမ္ဘာတစ်ဝန်းက စိတ်ဝင်စားမှု မြင့်မားနေတဲ့ ယူရို ၂၀၁၆ ဘောလုံးပြိုင်ပွဲကတော့ အိမ်ရှင်ပြင်သစ်နိုင်ငံရဲ့ဘောလုံးကွင်း ၁၀ ကွင်းမှာ ဇွန် ၁၀ ရက်မှာ စတင်ကျင်းပတော့မှာဖြစ်ပါတယ်။ ယခင် ပြိုင်ပွဲဝင် အသင်း ၁၆ သင်းကနေပြီး ဒီနှစ်ယူရိုပြိုင်ပွဲမှာ ၂၄ သင်းအထိ တိုးချဲ့ယှဉ်ပြိုင်ခွင့်ပေးထားတဲ့ ယူရို-၂၀၁၆ ပြိုင်ပွဲမှာ ပွဲစဉ်ပေါင်း ၅၁ ပွဲ ဆင်နွှဲရဖို့ ရှိတာကြောင့် ပွဲကောင်းတွေ မျှော်လင့်တောင့်တနေတဲ့ ဘောလုံးပရိသတ်တွေအတွက်ကတော့ လက်မလွှတ်တမ်း ကြည့်ရှုအားပေးရမယ့်ပွဲတွေပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် လုံခြုံရေးအတွက် ရဲတပ်ဖွဲ့၊ ပုဂ္ဂလိကလုံခြုံရေးနဲ့ စစ်သားတွေပါဝင်တဲ့ အရေအတွက် ၉၀၀၀၀ ကျော်က တာဝန်ယူဆောင်ရွက်ကြမှာမို့ ပရိသတ်တွေအတွက် အန္တရာယ်ကင်းကင်း၊ ဘေးကင်းကင်းနဲ့ ကြည့်ရှုရဖို့ရှိနေပါတယ်။

ဒီနှစ် ယူရိုပြိုင်ပွဲမှာ ချန်ပီယံဖြစ်ဖို့ ရေပန်းအစားဆုံး အသင်းတွေကတော့ အိမ်ရှင်ပြင်သစ်၊ လက်ရှိကမ္ဘာ့ဖလား ချန်ပီယံ ဂျာမနီနဲ့ လက်ရှိ ယူရို ချန်ပီယံ စပိန်အသင်းတွေပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် အင်္ဂလန်၊ အီတလီနဲ့ ဘဲလ်ဂျီယံအသင်းတွေကလည်း ဗိုလ်စွဲနိုင်တဲ့ အသင်းတွေအဖြစ် ထင်ကြေးပေးကြတာမို့ ပရိတ်သတ်တွေ မျှော်လင့်ခန့်မှန်းထားတဲ့ အသင်းတွေ ချန်ပီယံဖြစ်မဖြစ်ကတော့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၆ ယူရိုပြိုင်ပွဲ ဇွန် ၁၀ ရက် အဖွင့်ပွဲစဉ် သုံးပွဲရဲ့ အနေအထားကိုကြည့်ရင်တော့ ပြင်သစ်နဲ့ ရိုမေးနီးယား၊ အယ်လ်ဘေးနီးယားနဲ့ ဆွစ်ဇာလန်၊ ဝေးလ်နဲ့ ဆလိုဗက်ကီးယား တို့ရဲ့ပွဲစဉ်တွေနဲ့ ယူရို ၂၀၁၆ကန့်လန့်ကာကိုစဖွင့်မှာ ဖြစ်ပါတယ်။

**ပြင်သစ်နှင့် ရိုမေးနီးယား**

အုပ်စု(A)မှာ အဖွင့်ပွဲစဉ်အဖြစ် အိမ်ရှင်ပြင်သစ်တို့ရဲ့ ခြေစွမ်းကို ထုတ်ဖော်ပြသရမယ့်ပွဲပါပဲ။ ပြင်သစ်အသင်းဟာ ဒီပွဲမတိုင်မီ ခြေစမ်းပွဲ လေးပွဲအဖြစ် နယ်သာလန်၊ ရုရှား၊ ကင်မရွန်း၊ စကော့တလန်တို့နဲ့ ကစားခဲ့ရာမှာ နိုင်ပွဲတွေချည်း ရရှိခဲ့ပါတယ်။ ပြင်သစ်တိုက်စစ်မှူးတွေဟာ လေးပွဲမှာ ဂိုးပေါင်း ၁၂ ဂိုး သွင်းယူခဲ့ပြီး ခုနှစ်ဂိုးပေးခဲ့ရတာမို့ ရိုမေးနီးယားဟာ ပြင်သစ်ရဲ့ အားသာချက် အားနည်းချက်တွေကို သိထားပါတယ်။ ရိုမေးနီးယားတို့ကတော့ လောလောဆယ် ခြေစမ်းပွဲ ခြောက်ပွဲ ကစားခဲ့ရာမှာ အီတလီ၊ စပိန်၊ ကွန်ဂိုအသင်းတွေကို သရေပွဲတွေ ကစားခဲ့ပြီး ဂျော်ဂျီယာကိုတော့ ငါးဂိုး-တစ်ဂိုးနဲ့ နိုင်ကာ လစ်သူယေးနီးယားကိုလည်း နိုင်ပွဲရထားပါတယ်။ ရိုမေးနီးယားတို့က ဘောလုံးအပေးအယူ မြန်ဆန်ပြီး တိုက်စစ်ဖွင့်ကစားတတ်တာမို့ ပြင်သစ်ရဲ့ခံစစ်ပိုင်း အားနည်းမှုကို အသုံးချသွားနိုင်ပါတယ်။ ပြင်သစ်တို့ကတော့ ကွင်းလယ်ရောတိုက်စစ်မှာပါ ရိုမေးနီးယားတို့ထက် တည်ငြိမ်ကောင်းမွန်ပြီး အဆုံးသတ်ဂိုးသွင်းမှုလည်း သေချာနေပါတယ်။ အတွေ့အကြုံရင့်ကျက်တဲ့ ကစားသမားတွေနဲ့ လူငယ်တွေ ဟန်ချက်ညီ စုဖွဲ့ထားတဲ့ ပြင်သစ်ကို ရိုမေးနီးယားတို့ ယှဉ်ပြိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် အီတလီနဲ့ စပိန်တို့လို အသင်းတွေကို သရေပွဲရအောင် အားထုတ်နိုင်တဲ့ ရိုမေးနီးယားတို့ဟာ အဖွင့်ပွဲစဉ်မှာ တစ်မှတ်ရအောင် မျှော်မှန်းပြီး ကြိုးစားမှာဖြစ်တာမို့ အခုပွဲဟာ ပြင်သစ်တို့ ထင်တိုင်းမပေါက်နိုင်ပါဘူး။ ဒါပေမယ့် ဒီနှစ် ယူရိုဖလားကို ရရှိဖို့ ရည်မှန်းထားတဲ့ ပြင်သစ်ဟာ အဖွင့်ပွဲစဉ်မှာ အောင်ပွဲခံဖို့ တိုက်စစ်ဖွင့် ကစားမှာဖြစ်ပြီး အနိုင်ရလဒ်နဲ့အတူ အောင်ပွဲခံဖို့ စွမ်းဆောင်ပါလိမ့်မယ်။

**ဝေးလ်နှင့် ဆလိုဗက်ကီးယား**

ဂါးရတ်ဘေး အားကိုးနဲ့ ကစားမယ့် ဝေးလ်တို့လည်း ခြေစမ်းပွဲမှာ ဆွီဒင်ကို သုံးဂိုးပြတ် ရှုံးခဲ့လို့ လိုအပ်ချက်တွေ များပြားနေဆဲဖြစ်နေပါတယ်။ အသင်းလိုက်စုစည်းမှု အားနည်းနေပြီး အဆုံးသတ်ဂိုးသွင်းမှုအပိုင်းမှာလည်း မသေချာမှုတွေရှိနေဆဲ ဖြစ်ပါတယ်။ တစ်ဦးချင်း စွမ်းရည်နဲ့ထိုးဖောက် တိုက်စစ်ဆင်မယ့် ဝေးလ်အသင်းဟာ အုပ်စု(B)ရဲ့ အဖွင့်ပွဲစဉ်မှာ နိုင်ပွဲရရှိဖို့ အတွက် ဆလိုဗက်ကီးယားကို ခက်ခက်ခဲခဲရင်ဆိုင်ရဖို့ ရှိနေပါတယ်။ ဝေးလ်အသင်းဟာ နောက်ဆုံးငါးပွဲ ကစားခဲ့ရာမှာ ဆွီဒင်၊ ယူကရိန်း၊ နယ်သာလန်တို့ကို ရှုံးပြီး မြောက်အိုင်ယာလန်ကို တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သလို အင်ဒိုရာကိုတော့ နှစ်ဂိုးပြတ် နိုင်ပွဲရခဲ့ပါတယ်။ ခြေစွမ်းပိုင်းအရ ဝေးလ်ဟာ အားရစရာတော့ မရှိပါဘူး။ ဆလိုဗက်ကီးယားတို့က နောက်ဆုံးငါးပွဲ ကစားခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင် တစ်ပွဲမှ မရှုံးခဲ့တဲ့အပြင် ဂျာမနီနဲ့ ဂျော်ဂျီယာတို့ကို အနိုင်ကစားခဲ့ပြီး ကျန်သုံးပွဲက သရေပွဲတွေ ဖြစ်ခဲ့ပါတယ်။ ဆလိုဗက်ကီးယားတို့က ခံစစ်လုံအောင် အခြေပြုပြီး တိုက်စစ် ဆင်ကစားတတ်တာမို့ ဝေးလ်တို့မလွယ်ပါဘူး။ ဒီပွဲမှာ ဝေးလ်တို့ထက် ဆလိုဗက်ကီးယားတို့က အောင်ပွဲခံဖို့များနေတာတော့အမှန်ပါပဲ။ ။



## အာဆင်နယ်တိုက်စစ်မှူး ဖြစ်လာမယ်လို့ သတင်းတွေထွက်နေတဲ့ ဗာဒီ

ပြီးခဲ့တဲ့ရာသီက လက်စတာအသင်းနဲ့အတူ ခြေစွမ်းပြပြီး ပရီမီယာလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တဲ့ ဗာဒီဟာ အာဆင်နယ်သို့ ပြောင်းရွှေ့ဖို့ သဘောတူလိုက်ပြီလို့ဆိုပါတယ်။ ဗာဒီကို တစ်ပတ်ပေါင် ၁၂၀၀၀၀ နဲ့ အာဆင်နယ်က သုံးနှစ်စာချုပ်နဲ့ ခေါ်ယူဖို့သဘောတူလိုက်တယ်လို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။ ဗာဒီအနေနဲ့ သုံးနှစ်စာချုပ်ကနေ နောက်ထပ် ၁၂ လ ထပ်မံ စာချုပ်နိုင်တဲ့ အခွင့်အလမ်းလည်း ရှိတယ်လို့ ဆိုပါတယ်။ ဗာဒီအနေနဲ့ နိုင်ငံတကာ တာဝန် ကစားနေတဲ့အတွက် အမ်းမရိတ်ကိုသွားဖို့ အင်္ဂလန်နည်းပြ ရွိုင်းဟော့ဆင်ရဲ့ ခွင့်ပြုချက်ရယူဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဗာဒီဟာ ပြီးခဲ့တဲ့ သီတင်းပတ်က အာဆင်နယ်က ခေါ်ယူဖို့ ကြိုးစားနေချိန်မှာ ပြင်သစ်နိုင်ငံသို့ ယူရို ၂၀၁၆ ပြိုင်ပွဲကစားဖို့ ရောက်ရှိလာခဲ့ပါတယ်။ ဗာဒီဟာ အင်္ဂလန်အသင်းမှာ ရှစ်ပွဲပါဝင် ကစားပြီး သုံးဂိုး သွင်းယူထားပါတယ်။ လက်စတာအသင်းမှာ ၂၀၁၂ ခုနှစ်မှ ၂၀၁၆ အထိ ပွဲပေါင်း ၁၄၄ ပွဲ ပါဝင်ကစားခဲ့ပြီး ဂိုးပေါင်း ၅၀ အထိ သွင်းယူခဲ့ကာ အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဗာဒီဟာ လက်စတာအသင်းနဲ့အတူ ဆက်လက်ရှိနေသင့်ပေမယ့် ဘဝသစ်တစ်ခုအတွက် အာဆင်နယ်အသင်းကို ပြောင်းဖို့ ဆုံးဖြတ်ခဲ့တယ်လို့ ဆိုပါတယ်။

## မန်ယူမှာ ဆက်ရှိနိုင်တဲ့ ရိုင်ယံဂစ်

မန်ယူလက်ထောက်နည်းပြ ရိုင်ယံဂစ်ဟာ မန်ယူမှာ ဆက်ရှိဖို့ သေချာနေပါတယ်။ သို့ပေမယ့် လက်ထောက်နည်းပြတော့ မဟုတ်ဘူးလို့ မန်ယူတာဝန်ရှိသူတွေက ဆိုပါတယ်။ ဗန်ဟားလ်ကို အလုပ်ဖြုတ်လိုက်ပြီးနောက် ရိုင်ယံဂစ်ဟာ မန်ယူမှာ ဆက်ရှိဖို့ စဉ်းစားနေတယ်လို့ ဆိုပါတယ်။ အသက် ၄၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရိုင်ယံဂစ်ဟာ မန်ယူမှာ အလုပ်ဆက်လုပ်ခွင့်ရခဲ့ပေမယ့် လက်ထောက်နည်းပြတော့ မဟုတ်ဘူးလို့ ဆိုပါတယ်။ ရိုင်ယံဂစ်ဟာ မန်ယူအသင်းနဲ့အတူ ၂၉ နှစ်ကြာ ကစားခဲ့သူပါ။ သူဟာ အိုးထရက်ဖို့ဒ်မှာ နည်းပြဖြစ်လာဖို့ မျှော်လင့်ထားသူပါ။ ဒီအတောအတွင်းမှာ နည်းပြသစ် မော်ရင်ဟိုကတော့ မျက်နှာသစ်တွေနဲ့ တွေ့ဆုံဖို့ ကြိုးစားနေပါတယ်။ ပြီးခဲ့တဲ့ ရာသီက ချယ်လ်ဆီးရဲ့အလုပ်ဖြုတ်ခြင်းခံလိုက်ရတဲ့ မော်ရင်ဟိုဟာ လာမယ့်ရာသီမှာ မန်ယူကို ဘယ်လိုကိုင်တွယ်မလဲဆိုတာ စိတ်ဝင်စားစရာပါ။ ဒါပေမယ့် ရိုင်ယံဂစ်ကတော့ မော်ရင်ဟိုရဲ့လက်ထောက်နည်းပြဖြစ်လာဖို့ မရှိဘူးလို့ ပြောဆိုနေကြပါတယ်။ ရိုင်ယံဂစ်ဟာ ဗန်ဟားလ်ထွက်ခွာသွားပြီး မန်ယူမှာ နည်းပြဖြစ်လာဖို့ မျှော်လင့်ထားသူပါ။ လာမယ့်ရာသီမှာ ရိုင်ယံဂစ် ဘယ်အပိုင်းက ပါဝင်လာမယ်ဆိုတာ စောင့်ကြည့်ရမှာပါ။






## မန်ယူကို ရောက်လာဖို့ သေချာနေတဲ့ ဗီလာရီးရဲ နောက်တန်းလူ အဲရစ်ဘိုင်လီ

ဗီလာရီးရဲ နောက်တန်းကစားသမားတစ်ဦးဖြစ်တဲ့ အဲရစ်ဘိုင်လီဟာ မန်ယူကို ရောက်လာဖို့ နီးစပ်နေပါတယ်။ မန်ယူကတော့ ပေါင် ၂၅ သန်းနဲ့ ကမ်းလှမ်းထားတာပါ။ ဗီလာရီးရဲကတော့ ပေါင်သန်း ၃၀ အထိရဖို့ တောင်းဆိုနေပါတယ်။ ဒါနဲ့ ပတ်သက်ပြီး မန်ယူတာဝန်ရှိသူတွေက ဘိုင်လီကို ခေါ်ဖို့၊ မခေါ်ဖို့ သုံးသပ်နေပါတယ်။

ဒီအတောအတွင်းမှာပဲ နည်းပြသစ်ဖြစ်လာတဲ့ မော်ရင်ဟိုက ချယ်လ်ဆီး နောက်ခံလူ မာတစ်ကို ခေါ်ဖို့ ကြိုးစားနေတာပါ။ ပြီးခဲ့တဲ့လကတော့ မန်ယူက မာတစ်ကို ခေါ်ဖို့ စိတ်ဝင်စားမှု အရှိဆုံးလို့ ဆိုပါတယ်။ အိုးထရက်ဖို့အနေနဲ့ အသက် ၂၂ နှစ်အရွယ်ရှိတဲ့ ဗဟိုခံစစ်မှူး ဘိုင်လီကို ပေါင်သန်း ၃၀ နဲ့ ခေါ်ယူဖို့ စပိန်ကလပ်နဲ့ ဆွေးနွေးနေပါတယ်။ ဗီလာရီးရဲကတော့ ပေါင်သန်း ၃၀ ကျော်ရရင် ထွက်ခွာခွင့်ပြုဖို့ အဆင့်ရှိနေတယ်လို့ဆိုပါတယ်။ ဘိုင်လီဟာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလက အက်စ်ပန်ညိုအသင်းမှ ဗီလာရီးရဲသို့ ပေါင် ၄ ဒသမ ၄ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာပါ။ သို့ပေမယ့် ဘိုင်လီကို ပေါင်သန်း ၃၀ ရဖို့ ဗီလာရီးရဲက မျှော်လင့်ထားပါတယ်။

**ကောင်းမြတ်သူ-စုစည်းသည်။**

# ရေကြောင်းခရီးများတွင် ပြည်သူများအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဆွေးနွေး

**တာချီလိတ် ဇွန် ၈**

တာချီလိတ်မြို့နယ်အတွင်းမှ ရေကြောင်းခရီးသွားလာလုပ်ကိုင်နေရသူ ပြည်သူများအနေဖြင့် မိုးရာသီကာလအတွင်း စက်တပ်ရေယာဉ်များဖြင့် ရေကြောင်းခရီးများ သွားလာရာတွင် အန္တရာယ်ကင်းရှင်းစေရေးနှင့် မိုးဒဏ်၊ လေဒဏ်၊ လှိုင်းဒဏ်စသည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကို တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာဆိပ်ကမ်း၌ ဇွန် ၆ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ဝမ်ပုံ)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးလှမိုးက ရေယာဉ် မောင်းနှင်သူများအတွက် ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ မဲခေါင်မြစ်အတွင်း ရေယာဉ်များတွင် အန္တရာယ်ကျရောက်ပါက ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ၊ မိုးဦးကာလများတွင် ကျရောက်နိုင်သည့် အန္တရာယ်များအကြောင်းစသည်တို့ကို ဟောပြောပြီး တပ်ဖွဲ့ဝင်ရေယာဉ် ရဲရန်ခွင်း(၁၇၁)၏ ရေယာဉ်မှူး ရဲမှူးဇာနည်အောင်က စက်တပ်သမ္ဗာန်များပေါ်တွင် ပါရှိရမည့် ပစ္စည်းများ၊ ရေယာဉ်တိမ်းမှောက်မှု မဖြစ်စေရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ အရေးပေါ်အခြေအနေနှင့် ကြုံတွေ့ရသည့်အခါ လိုက်နာဆောင်ရွက်ရမည့် အချက်များ စသည်တို့ကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။




ဆွေးနွေးပွဲသို့ ရေကြောင်းရဲတပ်ဖွဲ့ဝင်များ၊ ဝမ်ပုံကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မဲခေါင်မြစ်အတွင်း ရေကြောင်းခရီးသွားလာလုပ်ကိုင်နေသူများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများကလည်း မဲခေါင်မြစ်အတွင်း ရေကြောင်းသွားလာမှုနှင့် ပတ်သက်၍ သိရှိလိုသည့်အချက်များကို တာဝန်ရှိသူများအား မေးမြန်းဆွေးနွေးခဲ့ကြကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **မြင့်မိုရ်(တာချီလိတ်)**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

**မင်းလှ**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မင်းလှ-သရက် ကားလမ်းဘေး မိုင်တိုင် အမှတ်(၅၄/၅)အနီး၌ ဇွန် ၅ ရက်က ပြုလုပ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော် ဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဇော်လှိုင်ဆွေ ဦးဆောင်သော သစ်တောဦးစီးဌာန ဝန်ထမ်းများက ယူကလစ်ပင် ၄၀၀ နှင့် မယ်ဇလီပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

**နောင်ချို**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပွဲကို ရှမ်းပြည်နယ် နောင်ချိုမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ နောင်ချိုမြို့ သပြေရပ်ကွက်ရှိ သပြေတောင် သံသရာအေးစေတီတော်အနီး၌ ပြုလုပ်ခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ယူကလစ်၊ မယ်ဇလီ၊ စိန်ပန်း၊ ကံ့ကော်၊ ပျဉ်းကတိုး၊ ယမနေနှင့် ပိတောက်စသည့် သစ်ပင်မျိုးစုံ ၇၀၀ ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်သစ်တောဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များက စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**စိုးဝင်း(နောင်ချို)**

# ကျေးရွာရေမီတာစနစ်အတွက် ရေပိုက်များသွယ်တန်း

**ဗန်းမောက် ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် အောင်သာကုန်းကျေးရွာ၌ ပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ ဆောင်ရွက်နေသော လူထုဗဟိုပြုစီမံကိန်းအရ ရေမီတာများတပ်ဆင်သုံးစွဲနိုင်ရန် ရေပိုက်များကို ဇွန် ၆ ရက်မှစ၍ အိမ်တိုင်ရာရောက် သွယ်တန်းပေးလျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ ထောက်ပံ့သည့်ရန်ပုံငွေ ကျပ်သိန်း ၂၀၀ ကို အောင်သာကုန်းကျေးရွာအုပ်စုအတွက် ထောက်ပံ့ပေးအပ်ကာ ကျေးရွာရှိ အိမ်ခြေ ၂၆၀ တွင် အိမ်တိုင်ရာရောက် ရေပိုက်များ သွယ်တန်းနိုင်ရန် ဆောက်ရွက်ပေးနေခြင်းဖြစ်ပြီး ဒေသခံပြည်သူများကလည်း ရေပိုက်ချရန် မြောင်းများတူးခြင်း၊ ရေပိုက်များ ဆက်ခြင်းတို့အတွက် လုပ်အားဒါနပါဝင်ကူညီပေးနေကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

**နေပြည်တော် ဇွန် ၈**

ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးများကို သိရှိစေရန်အတွက်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ်လည်းကောင်း ပျဉ်းမနားမြို့ အထက(၁)ကျောင်း ရတနာမွန်ခန်းမ၌ (၁၉)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၆ ရက်က ကျင်းပခဲ့သည်။



ပြိုင်ပွဲသို့ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း မြို့နယ်ရှစ်ခုရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းများမှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ကာတွန်းပြိုင်ပွဲတွင် ၂၅ ဦး၊ ပန်းချီပြိုင်ပွဲ တွင် ၄၅ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၁၆ ဦး၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲတွင် နှစ်ဦး စုစုပေါင်း ၈၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲများကို နေပြည်တော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မင်းနောင်၊ အတွင်းရေးမှူး ရဲမှူးကြီးကိုကိုအောင်၊ နေပြည်တော်ရဲတပ်ဖွဲ့မှူးနှင့် ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့်အောင်၊ ပျဉ်းမနားမြို့နယ်ပညာရေးမှူး ဦးသန်းလင်း၊ ခရိုင်တရားသူကြီး ဦးမြကျော်ဋ္ဌေးနှင့် အထက(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာတို့က ကြီးကြပ်ကျင်းပခဲ့ပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဇွန် ၂၆ ရက်တွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ မသန်စွမ်းသူများ၏ နေ့စဉ်လူမှုဘဝအခြေအနေများတိုးတက်ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်မည်

**မုံရွာ ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ မျက်စိမမြင်သူများအပါအဝင် မသန်စွမ်းသူများ၏ နေ့စဉ်လူမှုဘဝအခြေအနေများ တိုးတက်စေရေး လုပ်ငန်းများကို အစွမ်းကုန် ကြိုးပမ်းကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မျက်မမြင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံမျက်မမြင်များအသင်း(မမသ)နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အသင်းများမှ အကျိုးတော်ဆောင်များ၊ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ NGO များနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ မုံရွာမြို့ရှိ တိုင်းဒေသကြီး(မမသ)ရုံးခွဲ၌ ကျင်းပခဲ့သော တိုင်းဒေသကြီး(မမသ)ရုံးခွဲ တစ်နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားခြင်းဖြစ်သည်။

"တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေထဲမှာ စစ်ကိုင်းတိုင်းဒေသကြီး(မမသ)ရုံးဟာ ပထမဆုံးဖွင့်လှစ်တဲ့ရုံး ဖြစ်ပါတယ်။ ဒီကနေ့မှာ တစ်နှစ်တိတိ ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ဒီနှစ်ထဲမှာလည်း မသန်စွမ်းသူတွေဘဝ မြှင့်တင်ဖို့အတွက် တစ်ခြားပြည်နယ်နဲ့ တိုင်းဒေသကြီးတွေဖြစ်တဲ့ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှာ (မမသ)ရုံးတွေဖွင့်လှစ်ကာ ကူညီဆောင်ရွက်နေပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်တာကာလအတွင်းမှာ မြန်မာနိုင်ငံ မျက်မမြင်များအသင်း(မမသ)ရန်ကုန်နဲ့ အဖွဲ့တွေပူးပေါင်းပြီး ရုံးလုပ်ငန်းဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း၊ မျက်မမြင် တွေ့ဆုံ/နှစ်သိမ့်ဆွေးနွေးပညာပေးသင်တန်း၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းနဲ့ ကွန်ပျူတာသင်တန်းတွေ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ပထမအဆင့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၁၀ မြို့နယ်က မျက်မမြင်တွေကို (မမသ)အဖွဲ့တွေ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးတွေ၊ NGO တွေပူးပေါင်းပြီး စာရင်းတွေလိုက်ပြီး ကောက်ခံပါတယ်။ သူတို့တွေကို စိတ်ဓာတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးနိုင်ဖို့အတွက် မျက်မမြင်ဆိုင်ရာဟောပြောပွဲတွေ၊ ဒေသအသီးသီးကမျက်မမြင်တွေ တွေ့ဆုံဆွေးနွေးပွဲတွေ ပြုလုပ်ပေးခဲ့ပါတယ်။ ကျန်ရှိတဲ့မြို့နယ်တွေမှာလည်း အလားတူလုပ်ငန်းတွေ ဆောင်ရွက်သွားဖို့ ဆက်လက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ မျက်စိမမြင်ပေမယ့် စွမ်းဆောင်ရည်ရှိတဲ့သူတွေအဖြစ် သူတို့တွေကို စိတ်ဓာတ်ပိုင်းဆိုင်ရာတွေ မြင့်မားလာပြီး နေ့စဉ်လူမှုဘဝဖြတ်သန်းမှုနဲ့ အသက်မွေးဝမ်းကျောင်း အခြေအနေတွေမှာ ကိုယ့်အားကိုယ်ကိုးပြီး ဆောင်ရွက်တတ်စေဖို့ ရည်ရွယ်ပြီး ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး (မမသ) အကျိုးတော်ဆောင်အဖွဲ့မှ ဆရာချိုက အခမ်းအနားတွင် ပြောကြားသည်။

တစ်နှစ်ပြည့်အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး(မမသ)ရုံးတာဝန်ခံ ဦးစန်းတင့်က ပြီးခဲ့သည့် တစ်နှစ်တာအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အသင်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် အကျိုးတော်ဆောင်လူငယ်များဖြစ်သော ဦးပိုင်သူ၊ ဦးကိုကိုမင်းတို့က မသန်စွမ်းသူများနှင့် ပတ်သက်၍ ကူညီဆောင်ရွက်ခဲ့ကြသည့် လုပ်ငန်းအတွေ့အကြုံများကိုလည်းကောင်း၊ မြို့သစ်ရပ်ကွက်အုပ်ချုပ်ရေးမှူးက လုပ်ငန်းများ တိုးတက်အောင်မြင်အောင် ပရဟိတကွန်ရက်များဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန်လည်းကောင်း၊ အကျိုးတော်ဆောင်ကော်မတီဝင် ဦးကံလှိုင်က လတ်တလောတွင် စုပေါင်းမတည်အလှူငွေများဖြင့် မျက်မမြင်များကူညီမှုပြုရေးဆိုင်ရာ ကိစ္စများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး (မမသ)ရုံးအဖွဲ့ဝင်များ၊ ရောင်ခြည်သစ်မျက်မမြင်ကျောင်း (မုံရွာ)မှ ကျောင်းအုပ်ကြီး ဦးကြည်၊ မျက်မမြင်နှင့် မသန်စွမ်းအကျိုးတော်ဆောင်ကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မုံရွာမြို့ပေါ်မှ မျက်မမြင်များ တက်ရောက်ခဲ့ကြသည်။

**ဖိုးချမ်း(မုံရွာ)**





## မိဘမဲ့မိန်းကလေးကျောင်းမှ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေး

**ချောင်းဦး ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ ရေပ်မွန်(၂) မိဘမဲ့မိန်းကလေးကျောင်းမှ ကျောင်းသူများအား ချောင်းဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ပြုလုပ်ပေးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇွန် ၄ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ရာတွင် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံသားစိစစ်ရေး ကတ်ပြားတွင် သာမန်နှင့်ယာယီဟူ၍ နှစ်မျိုးရှိကြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပိုင်ဆိုင်ရရှိသောသူသည် နိုင်ငံတော်မှချမှတ်ထားသော နိုင်ငံသားစိစစ်ရေးကတ်ပြားဥပဒေကို လိုက်နာရမည်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းသူများအား ပေးအပ်ခဲ့သည်။

ကျောင်းသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၈ ကတ် ပြုလုပ်ပေးခြင်းအတွက် ကုန်ကျစရိတ်ကို တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး၏ ဇနီးက မွေးနေ့အထိမ်းအမှတ်အဖြစ် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကျောင်းသူများအတွက် စာအုပ် ကိုးဒါဇင်၊ ကျောင်းစိမ်းလုံချည် ၄၈ ထည်၊ ကျောင်းစိမ်းဘောင်းဘီ ၃၂ ထည်နှင့် အဝတ်အထည်များကိုလည်း တာဝန်ခံဆရာမ ဒေါ်ခင်ခင်ခိုင်သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မယု(ချောင်းဦး)**

## ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် မြေလျော်ကြေးပေးအပ်ပွဲကျင်းပ

**ဒိုက်ဦး ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဇွန် ၇ ရက် နံနက် ၁၀ နာရီက ဒိုက်ဦး-စစ်တောင်းရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော ဒိုက်ဦးမြို့နယ် ပုကိုင်၊ နတ်ကင်း၊ အိမ်ခြေလေးဆယ်၊ မင်္ဂလွန်ကျေးရွာ အုပ်စုများမှ လယ်ယာမြေများအတွက် မြေလျော်ကြေးပေးအပ်ပွဲအခမ်းအနားကျင်းပရာ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးငြိမ်းထွန်းကျော်က ပုကိုင်ကျေးရွာ တောင်သူများကိုယ်စား ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌထံသို့လည်းကောင်း၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးနေဝင်းက နတ်ကင်းကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌထံသို့ လည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်ဦးသိန်းဝင်းက အိမ်ခြေလေးဆယ်ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌထံသို့လည်းကောင်း၊ တိုင်း(၆)မြန်မာ့ မီးရထားအင်ဂျင်နီယာမှူး ဦးကျော်လင်းမှ မင်္ဂလွန်ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ လည်းကောင်း လျော်ကြေးငွေများပေးအပ်ခဲ့သည်။

အဆိုပါ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းတွင် လယ်ယာမြေဧက ၂၆၆ ဒသမ ၃၇ ဧကပါဝင်သွားသော တောင်သူ ၁၅၆ ဦးအတွက် တစ်ဧကလျော်ကြေးငွေကျပ် ၁၁၀၀၀၀၀ နှုန်းဖြင့် လျော်ကြေးငွေစုစုပေါင်းငွေကျပ်သိန်း ၂၉၃၀၀၇၀၀၀ ကိုပေးလျော်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်**

## ရထားရဲတပ်ဖွဲ့ဝင်များအား မြန်မာနိုင်ငံကြက်ခြေနီအသင်းက ရှေးဦးပြုစုခြင်းသင်တန်းပို့ချပေး

**မန္တလေး ဇွန် ၈**

ရထားရဲတပ်ဖွဲ့ဝင်များအနေဖြင့် ခရီးသွားပြည်သူများအား အရေးပေါ်ကိစ္စရပ်များတွင် ကူညီနိုင်ရန်အတွက် ရှေးဦးပြုစုခြင်းသင်တန်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရထားရဲတပ်ဖွဲ့ အမှတ်(၆)တပ်ခွဲ(မြစ်ငယ်) စာသင်ခန်းမ၌ မြန်မာနိုင်ငံကြက်ခြေနီအသင်း မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ဇွန် ၆ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဇဟိုကောင်စီဝင် ဦးဘုန်းကျော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရထားရဲတပ်ဖွဲ့ အမှတ်(၁)တပ်ဖွဲ့ခွဲ(မန္တလေး)မှ တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးမြင့်ဆွေတို့က အမှာစကားပြောကြားကာ သင်တန်းကို ဆက်လက်ဖွင့်လှစ်ပို့ချခဲ့သည်။

"ကျွန်တော်တို့က ရထားနဲ့ခရီးသွားနေကြတဲ့ အများပြည်သူကို စောင့်ရှောက်တဲ့အခါ လမ်းမှာ ထိခိုက်ဒဏ်ရာတွေရတယ်၊ ခြေချော်ကျတာတွေ၊ တစ်ခါတလေ ရထားပေါ်မှာ ကလေးမွေးတာတွေ၊ သက်ကြီးရွယ်အိုတွေ မျိုးစုံပါပဲ။ ထိခိုက်ဒဏ်ရာရရင် ဘာမှ မလုပ်ပေးတတ်ဘူးလေ။ ဒီရှေးဦးပြုစုနည်းပညာတွေ တတ်ထားတော့ ရထားပေါ် တစ်ခုခုဆို အများပြည်သူအတွက် ကူညီလို့ရတာပေါ့။ ဖွင့်လည်းဖွင့်သင့်ပါတယ်"ဟု သင်တန်းသား ရထားရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

သင်တန်းတွင် လူ့အသက်တစ်ချောင်းမှသည် အသက်ပေါင်းများစွာကို ကူညီကယ်တင်နိုင်သော ရှေးဦးပြုစုခြင်းနည်းပညာများဖြစ်သည့် လူနာစမ်းသပ်ခြင်းနှင့် ရှေးဦးပြုစုခြင်း၏ သဘောတရားများ၊ အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်း၊ ဒဏ်ရာနှင့် သွေးယိုစီးခြင်း၊ ဆို့နင်ခြင်း၊ အဆိပ်သင့်ခြင်း၊ သတ္တဝါများ ကိုက်ခြင်း တုပ်ခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း၊ အရိုးကျိုးခြင်း၊ အကြောအဆစ် ကြွက်သားဒဏ်ရာများကုသခြင်း၊ ပတ်တီးလိပ်စည်းနည်း၊ သုံးထောင့်ပတ်တီးစည်းနည်းများ၊ ဦးခေါင်းနှင့် ကျောရိုးတန်းမကြီး ဒဏ်ရာများကုသခြင်း၊ ဆေးသေတ္တာ ကိုင်တွယ်အသုံးပြုခြင်း၊ လူနာသယ်ဆောင်နည်း စသောဘာသာရပ်များကို စာတွေ့လက်တွေ့ စနစ်တကျ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ ရထားရဲတပ်ဖွဲ့ဝင် သင်တန်းသား ၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက် ကြာမြင့်မည်ဖြစ်ကာ သင်တန်းပြီးဆုံးပါက ရထားရဲတပ်ဖွဲ့ဝင်များအနေဖြင့် ရထားဖြင့် ခရီးနှင်ကြသော ပြည်သူများအတွက် လုံခြုံရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာမှ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ ရှေးဦးပြုစုခြင်းနည်းပညာများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကိုပါ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ရာ ခရီးသည်များအတွက် ပို၍ အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးဦး(မန္တလေး)**

## လယ်ယာလုပ်သားရှားပါး၍ လုပ်အားခများကို ယခင်နှစ်ထက် ပိုပေးနေရ

**ရမည်းသင်း ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ယခုနှစ် မိုးဦးသီးနှံများစိုက်ပျိုးပြီးနောက် ပေါင်းပေါက်ချိန်တွင် ပေါင်းမြက်များကိုရှင်းရန် လယ်ယာလုပ်သားများ လိုအပ်လာပြီး လုပ်သားရှားပါးနေမှုကြောင့် လုပ်အားခများကို ယခင်နှစ်ကထက်ပိုပေး၍ လုပ်သားများ ခေါ်ယူနေရကြောင်း သိရသည်။



"နေ့စားအလုပ်သမားတွေက တခြားအရပ်တွေမှာ သွားပြီး အလုပ်လုပ်နေကြတော့ အလုပ်သမားခေါ်ရတာ ခက်တယ်။ သူတစ်လှည့်ကိုယ့်တစ်လှည့်(လက်စား)ရှိတဲ့ သူကတော့ အလုပ်သမား သိပ်မခက်ဘူး။ ကိုယ်ခွဲမရှိတဲ့သူတွေကတော့ ခက်တယ်။ ဒီအတိုင်းဆို နောက်ပိုင်း ပဲကောက်ချိန်မှာလည်း အလုပ်သမားခက်နိုင်တယ်"ဟု ရမည်းသင်းဒေသခံ တောင်သူတစ်ဦးက ပြောသည်။

လယ်ယာများတွင် ပေါင်းမြက်များရှင်းရန် လုပ်သားများ လိုအပ်နေခြင်းဖြစ်ကာ ပြီးခဲ့သည့်နှစ်က ပေါင်းမြက်များ ရှင်းရန် နေ့စားအလုပ်သမားတစ်ဦးလျှင် စရိတ်ငြိမ်း ၂၀၀၀ ကျပ်မှ ၂၅၀၀ ကျပ်သာ ပေးရသော်လည်း ယခုနှစ်တွင် ၃၀၀၀ ကျပ်ပေးရကြောင်း၊ စရိတ်ငြိမ်းဟုဆိုသော်လည်း အလုပ်ရှင်(ယာခင်းရှင်)က အလုပ်သမားများအတွက် ဟင်းတစ်မျိုးချက်ပေးရပြီး နေ့လယ်ပိုင်းတွင် မုန့်တစ်မျိုးမျိုး စီစဉ်ကျွေးမွေးရကြောင်း သိရသည်။

ယခုနှစ် မိုးဦးရာသီတွင် ရမည်းသင်းမြို့နယ်အတွင်း မိုးရွာသွန်းမှုညီမျှသောကြောင့် နေရာအနှံ့အပြားတွင် သီးနှံများစိုက်ပျိုးနိုင်ကြသည်ဖြစ်ရာ ယာခင်းအများအပြားတွင် လုပ်သားများကို လိုအပ်နေသဖြင့် လိုအပ်သောနေ့စားအလုပ်သမား ရရှိရေးအတွက် ကြိုတင်စီစဉ်ရကြောင်း သိရသည်။ ယာခင်းများအတွင်း၌ ပေါင်းမြက်များရှင်းရာတွင် မများသေးခင်အချိန်တွင် ရှင်းပေးခြင်းဖြင့် သီးနှံပင်များ ဖြစ်ထွန်းမှုကောင်းပြီး နောက်ပိုင်းတွင်လည်း ပေါင်းရှင်းရန်သက်သာသည်ဟု သိရသည်။ ထို့ကြောင့် ယာခင်းရှင်များမှာ နေ့စားပေါင်းရှင်းအလုပ်သမားရရှိရန် ကြိုတင်စီစဉ်ရသကဲ့သို့ အလုပ်သမားစုဆောင်းပေးသူ အလုပ်သမား ခေါင်းဆောင်ကိုလည်း တစ်ဦးစာ ပိုပေးရကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

## ဝက်လက်မြို့တွင် တိုင်းရင်းဆေးကုဌာနအဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**ဝက်လက် ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့၌ တိုင်းရင်းဆေးကုဌာနအဆောက်အအုံသစ် ဖွင့်ပွဲကို ဇွန် ၆ ရက်က ကျင်းပခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ တိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးဌာနမှူး ဦးကျော်ဆွေနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးမှူးက တိုင်းရင်းဆေးကုဌာန အဆောက်အအုံဆိုင်ရာအချက်များကို ရှင်းလင်းပြောကြားကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

အဆိုပါ တိုင်းရင်းဆေးကုဌာန အဆောက်အအုံနှင့် သုံးခန်းတွဲဝန်ထမ်းအိမ်ရာကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၆၀၀ ဖြင့် မော်ဒန်မန္တလေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ပြီး တိုင်းရင်းဆေးကုဌာန ဖွင့်လှစ်ပေးခြင်းကြောင့် မြို့နယ်အတွင်းရှိပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားနိုင်တော့မည်ဖြစ်သည်။

**နန်းမြင့်(ဝက်လက်)**

## မန္တလေး ရွေ့လျားပညာသင်ကြားရေးစီမံကိန်းအတွက် ကားတစ်စီးနှင့် သင်ထောက်ကူပစ္စည်းများ ဆမ်ဆောင်းမှလှူဒါန်း

**ရန်ကုန် ဇွန် ၈**

ပညာမသင်ကြားနိုင်သည့် လူငယ်များအား ရွေ့လျားပညာသင်ကြားရေးစီမံကိန်းအနေဖြင့် သင်ကြားပေးနေသည့် Myanmar Mobile Education Project (myME)၏ မန္တလေးမြို့ပညာသင်ကြားရေးအစီအစဉ်များတွင် အသုံးပြုရန်အတွက် ဆမ်ဆောင်းမြန်မာက မော်တော်ယာဉ်အသစ်တစ်စီးနှင့်အတူ ဆမ်ဆောင်းတက်ဘလက်များ၊ သင်ကြားမှုအထောက်အကူပြုပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆမ်ဆောင်းမြန်မာမှ myME သို့ ပထမအကြိမ်အဖြစ် မော်တော်ယာဉ်တစ်စီး၊ တက် ဘလက်များနှင့် သင်ကြားမှုအထောက်အကူပြုပစ္စည်းများကို ပြီးခဲ့သည့်နှစ်က လှူဒါန်းခဲ့ကာ ယခုအခါ ရန်ကုန်မြို့တွင်းရှိ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်များတွင် ကျောင်းသား ကျောင်းသူပေါင်း ၁၂၀ ခန့်ကို စာသင်ကြားပေးလျက်ရှိသည်။

ယခု ဒုတိယအကြိမ်အဖြစ် ထပ်မံပံ့ပိုးပေးသည့်အနေဖြင့် မော်တော်ယာဉ်အသစ်တစ်စီးနှင့် ဆမ်ဆောင်းတက်ဘလက်များ၊ သင်ကြားမှုအထောက်အကူပြုပစ္စည်းများကို ထပ်မံလှူဒါန်းခဲ့ခြင်းဖြစ်ကာ ယခုတစ်ကြိမ်လှူဒါန်းသည့် မော်တော်ယာဉ်ကို မန္တလေးမြို့တွင် ထားရှိသွားမည်ဖြစ်ပြီး မန္တလေးမြို့ရှိ ပညာမသင်ကြားနိုင်သော လူငယ်များအား စာပေသင်ကြားရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိသည်။ မန္တလေးမြို့တွင် ထားရှိမည့် အဆိုပါ myME မော်တော်ယာဉ်တွင် သင်ကြားမှုအထောက်အကူပြုပစ္စည်းများနှင့်အတူ စာသင်ကြားပေးမည့် ဆရာတစ်ဦးစီကိုလည်း စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီအစီအစဉ်ဟာ ဆမ်ဆောင်းမြန်မာနဲ့ ဒုတိယအကြိမ်မြောက် လက်တွဲလုပ်ဆောင်ခြင်းဖြစ်ပါတယ်။ ဆမ်ဆောင်းရဲ့ပံ့ပိုးမှုတွေနဲ့အတူ ကျွန်တော်တို့ဟာ လက်တွေ့ကျတဲ့ သင်ရိုးညွှန်းတမ်းနဲ့ ခေတ်မီနည်းပညာအခြေပြု ပညာရေးလမ်းကြောင်းတွေကို အသုံးပြုပြီး ကျွန်တော်တို့ရဲ့ကျောင်းသားတွေကို တန်ဖိုးရှိတဲ့ အသိပညာ ကျွမ်းကျင်မှုတွေ ပေးနိုင်ခဲ့ပါတယ်။ ပညာလိုအပ်နေတဲ့ လူငယ်တွေကို ကူညီထောက်ပံ့တဲ့နေရာမှာ ဆမ်ဆောင်းက နောက်တစ်ကြိမ်ပံ့ပိုးပေးတဲ့အတွက် ဝမ်းသာပါတယ်"ဟု myME စီမံကိန်းဒါရိုက်တာ ဦးတင်မောင်မောင်အေးက ပြောကြားသည်။

myME Project ကို ၂၀၁၄ ခုနှစ်က စတင်ခဲ့ပြီး ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အတတ်ပညာရှင်များ၊ စာရေးဆရာများနှင့် အနုပညာရှင်များဖြင့် စုပေါင်းဖွဲ့စည်းထားကာ ပညာမသင်ကြားနိုင်သော လက်ဖက်ရည်ဆိုင်များမှ ကလေးငယ်များကို ဘတ်စ်ကားစာသင်ကျောင်းများမှတစ်ဆင့် ပညာသင်ကြားပေးခြင်းနှင့် အကူအညီများကို ထောက်ပံ့ပေးခြင်း စသည်ဖြင့် အသွင်ထူးခြားသည့် ပညာရေးနှင့် သင်ယူရေးအစီအစဉ်ကို ဖန်တီးအကောင်အထည်ဖော်လျက်ရှိသည်။

**သွန်းဝဿန်**



# ကုန်သွယ်မှုကဏ္ဍတိုးတက်ရေး အထောက်အကူပြုရန် DHL ဆားဗစ်စင်တာသစ် ဖွင့်လှစ်

**ရန်ကုန် ဇွန် ၈**

မြန်မာနိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုကဏ္ဍ တိုးတက်မြင့်မားရေးကို အထောက်အကူပြုနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် အမြန်ချောပို့ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနေသော နိုင်ငံတကာအမြန်ချောပို့ဝန်ဆောင်မှုလုပ်ငန်း DHL Express ၏ ဆားဗစ်စင်တာသစ်ကို ဇွန် ၆ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

DHL Express ၏ မြန်မာနိုင်ငံဆိုင်ရာမန်နေဂျာ Mark Ong က "DHL က မြန်မာနိုင်ငံတွင်း ပြောင်းလဲ တိုးတက်လာတဲ့ အခြေခံအဆောက်အအုံ၊ ရေနံ၊ ဓာတ်ငွေ့နဲ့ အထည်ချုပ်လုပ်ငန်းကဏ္ဍတွေကြောင့် မြင့်မားလာတဲ့ ကုန်စည်ပို့ဆောင်ရေး လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ ဒီလုပ်ငန်းကို စတင်ခဲ့တာဖြစ်ပါတယ်။ ဒီလုပ်ငန်းနေရာသစ်ဟာ နောက်ဆယ်စုနှစ်အတွင်း ၂၀၂၅ ခုနှစ်နဲ့ နောက်ပိုင်းမှာ ကြီးထွားလာနိုင်တဲ့ ကုန်စည်တင်ပို့မှုကို လုပ်ဆောင်နိုင်အောင်လည်း ဒီဇိုင်းပြုလုပ်ထားပါတယ်။ အခု ဆားဗစ်စင်တာနေရာသစ်ဟာ လေဆိပ်နားမှာရှိတာကြောင့် အသုံးပြုသူတွေအတွက် ပိုမိုမြန်ဆန်တဲ့ သယ်ယူပို့ဆောင်မှုကို ပြုလုပ်နိုင်မှာဖြစ်ပြီး နိုင်ငံပေါင်း ၂၂၀ ကျော်က နေရာဒေသတွေကို ကမ္ဘာ့အဆင့်မီ ဝန်ဆောင်မှုအရည်အသွေးတွေနဲ့ ချိတ်ဆက်ပေးသွားနိုင်မှာပါ"ဟု ပြောသည်။

ဆားဗစ်စင်တာသစ်သည် စတုရန်းပေ ၅၀၀၀၀ နှင့် အဆောက်အအုံဧရိယာ စတုရန်းပေ ၃၂၅၀၀ ကျယ်ဝန်းပြီး တိုးချဲ့ထားသော သယ်ယူပို့ဆောင်နိုင်မှု စွမ်းရည်ကြောင့် မြန်မာနိုင်ငံ၏ မြင့်မားသော ဝယ်လိုအားနှင့် သွင်းကုန်လုပ်ငန်းများကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်းနှင့် ၂၀၁၆ခုနှစ်တွင် ၈ ဒသမ ၅ ရာခိုင်နှုန်းခန့် တိုးတက်လာမည်ဟု ခန့်မှန်းရသော မြန်မာနိုင်ငံ၏ လျင်မြန်စွာတိုးတက်နေသည့် စီးပွားရေးကဏ္ဍကို



အထောက်အကူပြုနိုင်စေရန် ဆားဗစ်စင်တာသစ်ကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

DHL Express ၏ အာရှပစိဖိတ်ဒေသ တာဝန်ရှိသူ Yasmin Aladad Khan ကလည်း မြန်မာနိုင်ငံတွင် ကုန်သွယ်မှုအဟန့်အတားမရှိတော့ခြင်း၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုနှင့် နိုင်ငံတကာ တိုက်ရိုက်ရင်းနှီးမြုပ်နှံမှုများ၊ သယံဇာတကြွယ်ဝခြင်း၊ တရုတ်နှင့်အိန္ဒိယကြား အချက်အချာကျသည့်နေရာတွင် ရှိနေခြင်းတို့ကြောင့် စီးပွားရေးပိုမိုတိုးတက်လာရန် ဖြစ်နိုင်ခြေများစွာရှိကြောင်း၊ နိုင်ငံစီးပွားရေး တိုးတက်လာသည်နှင့်အမျှ DHL အနေဖြင့် လုပ်ငန်းနေရာသစ်ကို ဖွင့်လှစ်လိုက်ခြင်းဖြင့် ဒေသတွင်း ကုန်စည်ပို့ဆောင်မှု အရည်အသွေးမြင့်မားရေးအတွက် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောသည်။

ဆားဗစ်စင်တာသစ်တွင် DHL အနေဖြင့် လျင်မြန်ကောင်းမွန်သောဝန်ဆောင်မှုများ ပေးစွမ်းနိုင်ရန် အဓိကကျသည့် အစိတ်အပိုင်းများကို လုပ်ငန်းခွင်အတွင်း အသုံးပြုထားကြောင်း၊ ရွေ့လျားစက်ခါးပတ်စနစ်(Conveyor Belt System)သည် ပေ ၂၈၀ အရှည်ရှိပြီး အဆောက်အအုံ၏ အလယ်ဗဟိုတွင် တပ်ဆင်ထားသောကြောင့် ကုန်ပစ္စည်းများကို ကားများထံ တိုက်ရိုက်တင်ပို့ပြီး လျင်မြန်စွာ ပို့ဆောင်နိုင်ကြောင်း၊ လုံခြုံရေးအတွက်လည်း ပါဆယ်ထုပ်များကို X-ray စက်ဖြင့် အစဉ်မပြတ်စစ်ဆေးကြည့်ရှုကာ လုပ်ငန်းခွင်ဧရိယာတစ်ခုလုံးတွင် CCTV ကင်မရာ အလုံး ၃၀ ကျော် တပ်ဆင်ထားကြောင်း သိရသည်။

**မေဦးမိုး**

# ပေါက်မြို့ ရှေးဟောင်းကျောင်းတော်ကြီးကို ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံမည်

**ပေါက် ဇွန် ၈**

မကွေးတိုင်းဒေသကြီး ပေါက်မြို့ အောင်ချမ်းသာရပ်ကွက် ကျောင်းကြီးဝိုင်းအတွင်းရှိ ရှေးဟောင်းကျောင်းတော်ကြီးမှာပျက်စီးယိုယွင်းနေသဖြင့် ပြန်လည်ပြုပြင်မွမ်းမံသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ညှိနှိုင်းအစည်းအဝေးကို ပေါက်မြို့ သာသနာ့ဗိမာန်တော်ခန်းမ၌ ဇွန် ၄ ရက်က ပြုလုပ်ခဲ့ပြီး မြို့နယ်သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌက ကျောင်းတော်ကြီးကို မူလပုံစံအတိုင်း ပြုပြင်မွမ်းမံသွားရန် ဆောင်ရွက်မည့်လုပ်ငန်းများကို မြို့နယ် သံဃာ့နာယက ဥက္ကဋ္ဌ ပေါက်ချောင်း(အလယ်စု)ကျောင်းဆရာတော်နှင့် သံဃာတော်များအား တင်ပြလျှောက်ထားသည်။



ထို့နောက် သံဃာတော်များနှင့် လူအများ သဘောတူညီမှုဖြင့် ရှေးဟောင်းကျောင်းတော်ကြီး ပြုပြင်မွမ်းမံရေးအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းက တာဝန်ယူ၍ ဖွဲ့စည်းခဲ့သည်။

ကျောင်းတော်ကြီး ပြုပြင်မွမ်းမံခြင်းအတွက် အလှူငွေများလည်း လိုအပ်လျက်ရှိရာ ဆက်သွယ်လှူဒါန်းလိုပါက ဒုတိယဥက္ကဋ္ဌ ဦးစိန်မြင့် ဖုန်း ၀၉-၇၉၇၉၂၇၇၄၁ သို့ ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိန်မြင့်(ပေါက်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဟောပြော

**မြောင်းမြ ဇွန် ၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရက် ၁၀၀ စီမံချက်လုပ်ရှားမှုအဖြစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ယာဉ်အန္တရာယ် အသိပညာပေးဟောပြောပွဲကို မြောင်းမြမြို့နယ် မုဆိုးကွင်းကျေးရွာအုပ်စု ဂုန်နီစက်ရုံအလယ်တန်းကျောင်း၌ ဇွန် ၆ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြောင်းမြရဲစခန်းမှူး ဒုရဲမှူးကျော်စိုးက မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေး စိုက်ပျိုး၊ သယ်ဆောင်၊ ရောင်းဝယ်၊ သုံးစွဲသူများအတွက် ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ မြောင်းမြခရိုင် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်လှထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာရမည့်အကြောင်းအရာများကိုလည်းကောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးကြည်သာနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ဟောပြောခဲ့သည်။

**အောင်မင်း(မြောင်းမြ)**

# EXIM Bank ချေးငွေ ပြန်လည်ကောက်ခံရေး ဆွေးနွေး

**ကောလင်း ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်းမှ အခြေခံသမဝါယမ အသင်းများသို့ ထုတ်ချေးပေးထားခဲ့သော EXIM Bank မှ ပံ့ပိုးချေးငွေများကိုပြန်လည်ကောက်ခံရေး အတွက် ညှိနှိုင်းဆွေးနွေးပွဲကို မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ဇွန် ၇ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးစောလှဝင်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးချစ်ဆွေးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်အရ EXIM Bank မှ ပံ့ပိုးချေးငွေများရယူ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် အခြေခံသမဝါယမအသင်းများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခဲ့ကြောင်း၊ EXIM Bank မှ ပံ့ပိုးချေးငွေများ ထုတ်ချေးထားသော အခြေခံသမဝါယမအသင်း ၁၇၃ သင်းအနေဖြင့် ချေးငွေအတွက် ကျသင့်သည့်အတိုးငွေနှင့် အရင်းငွေများ ပြန်လည်ပေးသွင်းရတော့မည်ဖြစ်ရာ အသင်းတာဝန်ရှိသူများက မိမိတို့တာဝန်ယူထားသည့်အသင်းမှ ချေးငွေများကို ပြန်လည်ကောက်ခံပေးကြရန်နှင့် ချေးငွေအားလုံး အကြေအလည် ပေးဆပ်နိုင်မှသာ နောင်တွင် ချေးငွေများ ထပ်မံရရှိပြီး အသင်းများသို့ ပြန်လည်ထုတ်ချေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဆွေးနွေးပွဲတက်ရောက်သော အခြေခံသမဝါယမအသင်းများမှ တာဝန်ရှိသူများက ချေးငွေများ ပြန်လည်ပေးဆပ်ရန်အတွက် မိမိတို့ အသင်းများအလိုက် အခြေအနေများကို ပြန်လည်ဆွေးနွေးခဲ့သည်။

**အောင်ကျော်စိုး(ကောလင်း)**

# အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေး

**တောင်ငူ ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၂)ရပ်ကွက်မှ ပြည်သူများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုများကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အမှတ်(၂)ရပ်ကွက် မိုယ်းသောက်ကြွယ်ဘုရားကြီး ဓမ္မာရုံ၌ ဇွန် ၇ ရက်က ပြုလုပ်ပေးခဲ့ကြောင်းနှင့် ထိုသို့ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းကြောင့် ဒေသခံပြည်သူများအတွက် အဆင်ပြေကြောင်း သိရသည်။

အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာဒေါ်မီမီခင် ဦးဆောင်သော အဖွဲ့က ပြုလုပ်ပေးခဲ့ခြင်းဖြစ်ကာ အမှတ်(၂) ရပ်ကွက်အတွင်းနေထိုင်သည့် ပြည်သူ ၇၀ ခန့်ကို ဆေးကုသမှုများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ဆေးကုသမှု လာရောက်ခံယူသည့် အဘွားတစ်ဦးက "အဘွားက ညဆို အိပ်မပျော်ဘူး။ အသက်လည်းကြီးလာပြီဆိုတော့ တစ်ခါတစ်လေ အိပ်မရတဲ့ညတွေရှိပါတယ်။ အခုလို အခမဲ့ဆေးကုသမှုတွေလုပ်ပေးတော့ အရမ်းဝမ်းသာမိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပြုလုပ်ပေးတော့ အဖွားလည်း အရင်ကထက် ပိုကျန်းမာလာမယ်လို့ မျှော်လင့်မိပါတယ်"ဟု ဆိုသည်။

အခမဲ့ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့်အတူ ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းများကိုလည်း ပြုလုပ်ခဲ့ပြီး မိုးတွင်းကာလအတွင်း ဖြစ်ပွားမှုအများဆုံးဖြစ်သည့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း၊ မိမိတို့နေအိမ်များတွင် ခြင်ပေါက်ဖွားမှုမရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားမှုမရှိစေရန် ကြိုတင်ကာကွယ်ရေး စသည့် ကျန်းမာရေးဆိုင်ရာများကို ဟောပြောခဲ့သည်။

**မောင်ရွှေဝင်း(ပြည်)**

**ဖခင်အမည်မှန်**

တောင်ကြီးမြို့နယ်၊ ပလီလင်းအထက၊ အဋ္ဌမတန်းမှ ခွန်အောင်ဇေ့၏ ဖခင်အမည်မှန်မှာ ခွန်အောင်သိန်း ၁၃/တကန(နိုင်)၁၇၈၈၂၆ ဖြစ်ပါကြောင်း။ **ခွန်အောင်သိန်း**

**အမည်ပြောင်း**

တောင်ကြီးမြို့နယ်၊ ပလီလင်းအထက၊ အဋ္ဌမတန်းမှ ခွန်စိန်ထွန်းအား ယနေ့မှစ၍ ခွန်သိန်းခွန်ဟု ပြောင်းလဲခေါ်ပါရန်။ **ခွန်သိန်းခွန်**

**ဖခင်အမည်မှန်**

တောင်ကြီးမြို့နယ်၊ ပလီလင်းအထက၊ အဋ္ဌမတန်းမှ ခွန်သိန်းခွန်၏ ဖခင်အမည်မှန်မှာ ဦးခွန်သန်းဝင်း ၁၃/တကန(နိုင်)၁၁၅၃၉၉ ဖြစ်ပါကြောင်း။ **ဦးခွန်သန်းဝင်း**



## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း(၂၁)မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်မှာ ၆-၆-၂၀၁၆ ရက်မှ ၅-၇-၂၀၁၆ ရက် အထိ ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်မှာ ၇-၇-၂၀၁၆ ရက် ၁၀း၀၀ နာရီဖြစ်ပါသည်။
၄။ တင်ဒါပုံစံများအား တစ်စောင်လျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲလေ့ကျင့်ရေးဌာနကြီး၊ ဒုတိယရဲလေ့ကျင့်ရေးအရာရှိချုပ်ရုံးခန်း၊ နေပြည်တော်၊ ရုံးအမှတ်(၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက ဖုန်း-၀၆၇-၄၁၂၂၂၉၊ ၀၆၇-၄၁၂၁၄၈၊ ၀၆၇-၄၁၂၆၀၄ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် လူနာများအား ကုသမှုပေးရန် F.D.A အသိအမှတ်ပြု ဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲဓာတ်မှန်သုံး ဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်နှင့်အချိန်** - ၇-၆-၂၀၁၆ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၇-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ ပစ္စည်းများစာရင်း အသေးစိတ်ကို ရုံးချိန်အတွင်း ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဖုန်း-၀၆၇-၄၂၁၄၆၂**

## စက်မှုဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)အတွက် (က) (50) Ton Mobile Crane (၁)စီး ဝယ်ယူခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-
၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၉-၆-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၆-၂၀၁၆ ရက်၊ ၁၃း၀၀နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၁၃၉၊ ၀၆၇-၄၀၅၀၆၀**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး (DDP နေပြည်တော်/ရန်ကုန်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | **Geological Equipments** | ၄ မျိုး |
| (ခ) | **ဓာတ်ခွဲခန်းသုံးဓာတ်ဆေးနှင့် လုပ်ငန်းသုံးပစ္စည်း** | ၄၇ မျိုး |
| (ဂ) | **Drilling Equipments** | ၉ မျိုး |

၂။ တင်ဒါတင်သွင်းခြင်းကို ၈-၆-၂၀၁၆ ရက်မှ ၇-၇-၂၀၁၆ ရက် ၁၆း၀၀ နာရီအတွင်း မည်သူမဆို လွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်-

**ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု**
**မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၄၀၇၉**

## မြန်မာ့သစ်လုပ်ငန်း
## စက်ရုံ၊ ဂိုဒေါင်၊ အဆောက်အအုံနှင့် အခြားပစ္စည်းများ
## လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ အမှတ် (၇၉)သစ်စက်ရှိ ပင်မစက်ရုံ၊ သစ်ခွဲသားဂိုဒေါင်၊ ဝန်ထမ်းအိမ်ရာအဟောင်းများနှင့် အခြားပစ္စည်းများအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) **လေလံတင်ရောင်းချမည့်နေရာ** - မန်နေဂျာရုံး၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မြစ်ကြီးနားမြို့
(ခ) **လေလံတင်ရောင်းချမည့်ရက်** - ၃၀-၆-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ
(ဂ) **လေလံပုံစံရောင်းချမည့်ရက်** - ၁၀-၆-၂၀၁၆ ရက်မှ ၂၉-၆-၂၀၁၆ ရက် ညနေ ၁၆း၃၀ နာရီအထိ

လျှောက်လွှာနှင့်လေလံစည်းကမ်းချက်များကို ၂၉-၆-၂၀၁၆ ရက် နောက်ဆုံးထား၍ မန်နေဂျာရုံးတွင် ဝယ်ယူနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**ဒုတိယအထွေထွေမန်နေဂျာရုံး**
**ဖုန်း-၀၇၄-၂၂၃၁၃**
**မန်နေဂျာရုံး-၀၇၄-၂၂၃၅၂**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) လုပ်ငန်းသုံးစက်ကိရိယာများ
(ခ) ရုံးသုံးစက်ကိရိယာများ
(ဂ) လုပ်ငန်းသုံးပစ္စည်းများ
(ဃ) ရုံးအသုံးအဆောင်ပစ္စည်းများ
၂။ တင်ဒါပိတ်မည့်ရက်နှင့် အချိန် ၄-၇-၂၀၁၆ ရက် ၁၅း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။
၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် သတင်းစာကြော်ငြာထည့်သည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ်(၂၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၃၆၀၊ ၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၈**

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## ပြည်သူ့အင်အားဦးစီးဌာနအတွက်
## ရုံးသုံးစက်ပစ္စည်း၊ အခြားပစ္စည်း၊ ရုံးသုံးစက္ကူစာရေးကိရိယာ၊ မိတ္တူကူးစက်အရန်နှင့် ကွန်ပျူတာအရန်ပစ္စည်းများ၊ စက်ဆီချောဆီ ဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အောက်ပါပစ္စည်းများ ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | ရုံးသုံးစက်ကိရိယာ | (၃) မျိုး |
| (ခ) | အခြားပစ္စည်း | (၁) မျိုး |
| (ဂ) | ရုံးသုံးစက္ကူ၊ စာရေးကိရိယာ | (၁၁) မျိုး |
| (ဃ) | မိတ္တူကူးစက်အရန်နှင့်ကွန်ပျူတာအရန်ပစ္စည်း | (၁၁) မျိုး |
| (င) | စက်ဆီ၊ ချောဆီ | (၃) မျိုး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၀-၆-၂၀၁၆ရက်မှ ၁၆-၆-၂၀၁၆ ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး ၂၇-၆-၂၀၁၆ ရက် ၁၂း၀၀ နာရီ နောက်ဆုံးထား၍ လျှောက်လွှာများကို လက်ခံမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများသည် တင်သွင်းလိုသည့်အမျိုးအစားတစ်ခုချင်းအလိုက် သတ်မှတ်အာမခံကြေးကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် PO စနစ်ဖြင့် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမူရင်းကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာမှာ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ အိတ်ဖွင့်တင်ဒါခေါ်ယူရေး၊ ဈေးနှုန်းစိစစ်ရေးနှင့်ပစ္စည်းဝယ်ယူရေးအဖွဲ့၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ နေပြည်တော် ဖြစ်ပါသည်။
၅။ အသေးစိတ်သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၆၇-၄၃၁၃၆၇ နှင့် ၀၆၇-၄၃၁၃၃၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေး၊ ဈေးနှုန်းစိစစ်ရေးနှင့်ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ပြည်သူ့အင်အားဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ပုဂ္ဂလိကရေနံဓာတ်ငွေ့ရည် တင်သွင်းသိုလှောင် ဖြန့်ဖြူးရောင်းချခွင့် လုပ်ငန်းလိုင်စင်အမျိုးအစားများနှင့် ပတ်သက်၍
## အသိပေးကြေညာချက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသည် ပုဂ္ဂလိကရေနံဓာတ်ငွေ့ရည်လုပ်ငန်း ဆောင်ရွက်ရန်အတွက် လိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ရာ သိုလှောင်ကန်တည်ဆောက်၍ ရေနံဓာတ်ငွေ့ရည်တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက် လိုင်စင်(က)နှင့် သိုလှောင်ကန်တည်ဆောက်ခြင်းမရှိဘဲ ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည် ဆလင်ဒါများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက် လိုင်စင်(ခ)တို့ကို စိစစ်ခွင့်ပြုထုတ်ပေးခဲ့ပါသည်။
၂။ ယခုအခါ ပုဂ္ဂလိကရေနံဓာတ်ငွေ့ရည်တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို စနစ်တကျပိုမိုကျယ်ပြန့်စွာ လုပ်ကိုင်နိုင်ရန်နှင့် ထိရောက်စွာထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားနိုင်ရန်အတွက် အောက်ပါအတိုင်း လိုင်စင်အမျိုးအစား (၅)မျိုးခွဲခြားသတ်မှတ်၍ လိုင်စင်များ စိစစ်ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ပါသည်-

လိုင်စင်(က) - ရေနံဓာတ်ငွေ့ရည် (Liquefied Petroleum Gas-LPG) ကို ပြည်ပမှတင်သွင်း၍ တင်/ချ ဆိပ်ခံတံတားအပါအဝင် သိုလှောင်စခန်း (Terminal) ဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း
လိုင်စင်(ခ) - ရေနံဓာတ်ငွေ့ရည် (Liquefied Petroleum Gas-LPG)ကို ပြည်ပမှတင်သွင်း၍ သိုလှောင်ကန်(Storage Tank)၊ သိုလှောင်ရုံ (Cylinder Warehouse) ဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း(တင်/ချ ဆိပ်ခံတံတားမပါ)
လိုင်စင်(ဂ) - ရေနံဓာတ်ငွေ့ရည် (Liquefied Petroleum Gas-LPG) ကို Filling Station ဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း
လိုင်စင်(ဃ) - ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို သိုလှောင်ရုံဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း
လိုင်စင်(င) - ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို တိုက်ခန်း၊ ဆိုင်ခန်းများဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း

၃။ လိုင်စင်(ဃ)နှင့် (င)တို့အား ယာယီလုပ်ငန်းလိုင်စင်အနေဖြင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက်သို့ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ လာရောက်၍ တိုက်ရိုက်အခမဲ့ထုတ်ပေးမည်ဖြစ်ပါသဖြင့် လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ဒေသအလိုက် လိုင်စင်ထုတ်ပေးရန် ကြိုတင်ကြေညာသတ်မှတ်သည့်နေ့ရက်များတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၄။ လိုင်စင်အမျိုးအစားများအလိုက် ခွင့်ပြုရရှိရန် ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်နှင့် လိုက်နာရမည့်စည်းကမ်းချက်များကို အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ နေ့စဉ် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ရုံးအမှတ် ၄၄၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၉၃၊ ၀၆၇-၄၁၁၁၉၄**

## ပြည်နယ်ပညာရေးမှူးရုံး
## ချင်းပြည်နယ်၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ဖော်ပြပါ ကျောင်းဆောင်များဆောက်လုပ်ရန်အတွက် စိတ်ဝင်စားသူ ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| (က) | (၁၂၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်အသစ်ဆောက်ရန် | (၇) ဆောင် |
| (ခ) | (၁၀၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်နှစ်ထပ်အသစ်ဆောက်ရန် | (၁) ဆောင် |
| (ဂ) | (၁၀၀×၃၀)ပေ RCC နှစ်ထပ်အသစ်ဆောက်ရန် | (၁) ဆောင် |

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၆-၆-၂၀၁၆ ရက်
၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၅-၇-၂၀၁၆ ရက်
၄။ **တင်ဒါဖွင့်လှစ်မည့်ရက်** - ထပ်မံကြေညာပါမည်။
၅။ **တင်ဒါလျှောက်လွှာရယူရန်နှင့် ပြန်လည်တင်သွင်းရန်** - ပြည်နယ်ပညာရေးမှူးရုံး ချင်းပြည်နယ်၊ ဟားခါးမြို့

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၁၂၀၄၊ ၀၇၀-၂၁၀၁၈၊ ၀၇၀-၂၁၀၄၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်နယ်ပညာရေးမှူး**
**ချင်းပြည်နယ်၊ ဟားခါးမြို့**

Republic of the Union of Myanmar
Ministry of Planning and Finance
Modernization of Public Finance Management Project (MPFMp)

**Request for Expressions of Interest forIndividual Consultant – Translator cum Interpreter for Large Tax Reform Modernization Project Unit, Internal Revenue Department (IRD), Nay Pyi Taw**

REOI No.:MPFMp/A-C127Closing Date:20June 2016

The Project is seeking to recruit a national Translator cum Interpreterto support its work in the area of modernization of its tax functions. The translation services is to assist the IRD in translating documents from English to Myanmar and from Myanmar to English documents, and interpretation services is to assist the communications for the international consultants and the IRD.

This work will specifically include:

Translation of documents from Myanmar to English, and from English to Myanmar, and would comprise of – key publications and major documents, shorter documents for public dissemination, documents for internal use, and operational and miscellaneous documents.
Interpretation in Myanmar and in English – consecutive interpretation during meetings with small groups and larger groups, and workshops; simultaneous interpretation for individuals (international consultants), and for groups.

The Consultant is required to demonstrate the following as a minimum:

- Proven abilities and experience in English/Myanmar translation
- At least 5 years professional English/Myanmar translating experience ( preferred )
- Capacity and Ability to finish heavy task of translation under tight deadline
- A proven track record of successful translation of technical related documents.
- Experience in translation & interpreting related documents on IT related subject matter would be an advantage.

The assignment is for an estimated duration of 12 months (full time). The location of the assignment is in Nay Pyi Taw, Myanmar.

MPFMp now invites eligible individual consultants to indicate their interest in providing the above mentioned services. Interested consultants must provide information indicating that they are qualified to perform the services (in addition to the educational qualifications, experience of similar assignments and country of work etc. should be incorporated in the CV to be submitted along with expression of interest/application).

Interested consultants may obtain a copy of the Terms of Reference for the assignment at the address below during office hours [i.e. 10:00 to 16:00 hours] or by sending an E-Mail to: cyancherry@gmail.com

Expression of interest must be delivered to the address below by 16:00 hours on **20June2016**to:

U KhinMaungSoe, Director, Information and Communication Technology Directorate, IRD
No. 58/62, Second Floor of Lawkanat Art Gallery Building, Corner of Pansodan& Merchant Road, Yangon
Tel: 01-370198, Fax: 01-252590
**E-mail for applications:**cyancherry@gmail.com

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## Duplex Board Paper (270gsm) (31''x43''), Sticker Paper (85 gsm) (21''x30'') နှင့် Plastic Bag (၃)မျိုး
## အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်-

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (က) | Duplex Board Paper (270gsm) (31"x43")(၁၀၀ရွက်ပါ) | ၁၈၀၀ထုပ် |
| (ခ) | Sticker Paper (85gsm) (21" x 30")(၁၀၀ရွက်ပါ) | ၅၀၀၀ထုပ် |
| (ဂ) | Plastic Bag (5" x 12") | ၂၀၀၀၀ပေါင် |
| (ဃ) | Plastic Bag (28" x 46 ½") | ၂၈၄၀၀ပေါင် |
| (င) | Plastic Bag (10 ½" x 14 ½") | ၆၇၀၀ပေါင် |

၂။ တင်ဒါပိတ်ရက်နှင့် အချိန် - ၃၀-၆-၂၀၁၆ရက် ညနေ ၄း၀၀နာရီ
၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ (အင်းစိန်)
၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ ဈေးနှုန်းစိစစ်ရေးကော်မတီ၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
၅။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၀၆၇-၄၀၈၃၈၈**
**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**

## ခြံမြေရောင်းမည်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ဘုတ်ချောင်းကွင်း မွေးမြူရေးခြံမြေဧရိယာ ၀ဒသမ ၉၅ဧကနှင့် ကြက်ခြံ(၆)ခြံ၊ အိမ်တစ်လုံးပါရှိပြီး။

**ဆက်သွယ်ရန်-**
**ဖုန်း-၀၉-၂၅၉၅၆၆၆၀၃**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 5E/9607 ၏ (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး)**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)အတွက်
# သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၁၆ ခုနှစ် ဇွန် ၁ ရက်တွင် ပညာရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ သက်မွေးပညာရပ်ဆိုင်ရာသင်တန်းများကို ညောင်ရွှေ သက်မွေးပညာသင်တန်းကျောင်း (NVTI)တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ **လျှောက်ထားသူသည်-**

(က) မည်သည့်နှစ်တွင်မဆို အခြေခံပညာမူလတန်း(စတုတ္ထတန်း) အောင်မြင်သူဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်း ကျန်းမာသူဖြစ်ရမည်။

၃။ အပတ်စဉ်တစ်ခုလျှင် သင်တန်းသား ၂၀ စီ လက်ခံသင်ကြားပေးမည်ဖြစ်သည်။

၄။ လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသားများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု အောင်လက်မှတ် (Certificate)ရရှိမည်ဖြစ်ပါသည်။

၅။ ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)သို့ တက်ရောက်ခွင့်ရရှိသော သင်တန်းသားများအတွက် သင်တန်းတက်သည့်ကာလများအတွင်း သင်တန်းကြေးနှင့်စားစရိတ်မှာ အခမဲ့ဖြစ်ပြီး နေထိုင်ရန် အဆောင်စီစဉ်ပေးပါမည်။

**ဖွင့်လှစ်မည့်သင်တန်းများနှင့်သင်တန်းကာလ**

(က) လယ်ယာသီးနှံနှင့် ဥယျာဉ်ခြံသီးနှံများအား GAP နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းသင်တန်း
(သင်တန်းကာလ-၁ လ)

(ခ) ငါးဖိန်းသားဖောက်သင်တန်းနှင့် ငါးဆေးထိုးသားဖောက်သင်တန်း
(သင်တန်းကာလ-၂ ပတ်)

(ဂ) တစ်လုံးထိုးအင်ဂျင်ပြုပြင်ခြင်းသင်တန်း
(သင်တန်းကာလ-၁ လ)

(ဃ) အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း
(သင်တန်းကာလ- ၁လ)

**သင်တန်းဖွင့်လှစ်မည့်ရက်**
ဇွန် ၁၅ရက် ၂၀၁၆ ခုနှစ်

**သင်တန်းနေရာ**
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)၊
မိုင်းပေါက်လမ်း၊ မကျီးစင်ကျေးရွာအနီး၊ ညောင်ရွှေမြို့

**ဆက်သွယ်စုံစမ်းရန် ဖုန်းနံပါတ်**
ငါးလုပ်ငန်းဦးစီးဌာန ဖုန်း- ၀၉-၅၁၈၇၁၂၄
စိုက်ပျိုးရေးဦးစီးဌာန ဖုန်း-၀၉-၄၂၈၂၀၈၄၀၀
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ဖုန်း-၀၉-၄၃၀၂၆၃၄၃၊ ၀၆၇-၄၀၉၂၄၃
နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၅၀၅
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI) ဖုန်း-၀၉-၅၂၁၅၆၄၉

[လျှောက်လွှာများကို ၁၃-၆-၂၀၁၆ရက် နောက်ဆုံးထား၍ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရယူလျှောက်ထားနိုင်ပါသည်။]

**ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)**

---

# အမှားပြင်ဆင်ချက်

၂၃-၅-၂၀၁၆ ရက် သတင်းစာပါ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ဒုတိယဦးစီးမှူးရာထူးခေါ်ယူမှု၌ အပိုဒ် (၂) တွင် ဖော်ပြသည့်အလုပ်သင်အစား အစမ်းခန့်ဟု ပြင်ဆင်သတ်မှတ်ပါကြောင်း သိစေအပ်ပါသည်။

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

---

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၅၅

ဒေါ်ကြူကြူ **နှင့်** ၁။ ဦးမြတ်ဇင်
၂။ ဦးမြရှင်
၃။ ဒေါ်တင်ညွန့်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ် (၁၀၀၅)နေ (၁)တရားပြိုင် ဦးမြတ်ဇင်နှင့် စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ မင်းလမ်း၊ အမှတ် (၃၆)၊ ပထမထပ်နေ (၂)တရားပြိုင် ဦးမြရှင်နှင့် (၃)တရားပြိုင် ဒေါ်တင်ညွန့် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇွန် ၂၇ ရက် (၁၃၇၈ ခုနှစ် နယုန်လပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မေလ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်းတွင် ဆေးကုသမှုခံယူနေသောလူနာများအတွက် WHO၏ သတ်မှတ်ထားသော GMPနှင့် ကိုက်ညီမှုရှိပြီး FDAအသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးရည်နှင့်ပစ္စည်းများ၊ ဓာတ်မှန်ခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၆ရက် နံနက် ၁၀:၀၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၁၆ရက် ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဝယ်ယူမည့်ဆေးဝါး/ပစ္စည်းစာရင်း အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။ **ဖုန်း-၀၁-၂၂၂၈၆၁၊ လိုင်းခွဲ (၂၀၅)၊ ၀၉-၈၇၇၂၈၀၄၅၅**

**တင်ဒါခေါ်ယူရေးအဖွဲ့၊ပြည်သူ့ဆေးရုံကြီး၊ရန်ကုန်အနောက်ပိုင်း၊ရန်ကုန်တိုင်းဒေသကြီး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဗန်းမော်ပြည်သူ့ဆေးရုံကြီးတွင် လူနာများအတွက် (FDA)အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းနှင့် ဓာတ်မှန်ဆိုင်ရာပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် အချက်အလက်များစာရင်းကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ဗန်းမော်ပြည်သူ့ဆေးရုံကြီးတွင် လူကိုယ်တိုင် လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစတင်ခေါ်ယူမည့်ရက်** - ၆-၆-၂၀၁၆ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်** - ၃၀-၆-၂၀၁၆ ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်အချိန်** - ညနေ ၄ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့၊**
**ဖုန်း-၀၇၄-၅၀၁၇၉**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဟသ်ာတမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟသ်ာတမြို့၊ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသောလူနာများအား ကုသပေးနိုင်ရန်လိုအပ်သောဆေးဝါးများ (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ပေးမည့်ရက်** - ၆-၆-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၇-၂၀၁၆ ရက် ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံးခန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**
**ဟသ်ာတမြို့၊ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး**
**ဖုန်း-၀၄၄-၂၁၀၉၆**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃၀-၅-၂၀၁၆ ရက်(တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၁၆ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**မျက်စိရောဂါအထူးကုဆေးရုံကြီး**
**အမှတ် ၃၀၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၀**

---

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ငူခရိုင်တရားရုံး၌
## ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၄၆

ဦးအောင်ဆန်း **နှင့်** ၁။ မကေခိုင်အောင်
၂။ ဒေါ်ရီရီတင်

**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊ (၁၃)ရပ်ကွက်၊ ကံတော်လမ်းနှင့် (၅)လမ်းထောင့်၊ ရွှေလက်ဆောင်(၂)မုန့်ဆိုင်နေ ဒေါ်ကေခိုင်အောင် (ဘ)ဦးအောင်ကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးအောင်ဆန်းက ငွေသိန်း(၂၀၀)ကျပ်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ ခုနှစ် ဇွန် ၂၃ရက် (၁၃၇၈ ခုနှစ် နယုန်လပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇွန် ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူပြာအေး)**
**ဒုတိယခရိုင်တရားသူကြီး**
**တောင်ငူခရိုင်တရားရုံး**

---

# (၃၃)နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ

ချစ်ရသောဖေဖေ ဗိုလ်မှူးကြီးခင်မောင်တင် (ငြိမ်း) အတွင်းရေးမှူး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချစ်သောမေမေ ဒေါ်ဖောင်းညွှယ်တို့၏ ၉-၆-၂၀၁၆ ရက်တွင် ကျရောက်သော (၃၃)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သောသားသမီးမြေးများနှင့်အတူ စိတ်ချမ်းသာ ကိုယ်ချမ်းသာ၊ ကျန်းမာစွာဖြင့် လောကီ၊ လောကုတ္တရာ အကျိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်သမီးကြီး - ဗိုလ်မှူးကျော်မျိုးထွန်း-မအိဝင်းထက်တင်**
**ချစ်သမီးငယ် - မဟေမာန်ထက်တင်**
**ချစ်မြေးများ - မယွန်းမဟေသီထွန်း @ Grace**
**မဆောင်းယဉ်မေထွန်း @ Joy**

---

# စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၁၀) ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အင်းလျား ရိပ်သာလမ်းသွယ်၊ အမှတ် (ခ/၁၆)နေ (ဦးဘရင်)-ဒေါ်စန်းစန်းရီတို့၏သားထွေး

**မောင်နေဝင်းအောင်**
**(SUNDAI Computer & Business-Collage,Japan)**

**နှင့်**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ အကွက် (၁၆၂)၊ ၂၂-စီလမ်း၊ မြင်းစာရေးကြီးနေ ဦးမြင့်မောင်မောင်-ဒေါ်ခင်ခင်မြင့်တို့၏သမီး

**မဖူးဖူးဆွေ**
**(Chup Computer & Communication Collage,Japan)**

တို့သည် ၂-၆-၂၀၁၆ရက်တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်၊ သီရိရိပ်သာကွန်ဒို၊ အမှတ်(၆၁၅)နေအိမ်၌ နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်နေဝင်းအောင်-မဖူးဖူးဆွေ**

---

# ရောင်းရန်ကြော်ငြာစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်း-၆၆)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
## ၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၆၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံး (စာရေးကိရိယာပုံနှိပ်နှင့်ဓာတ်ပုံပစ္စည်း ရောင်းဝယ်ရေးဖျက်သိမ်းဆဲကိုယ်စား) အမြဲတမ်းအတွင်းဝန် **နှင့်** ၁။ ဇေရီစက်မှုလက်မှုနှင့် အထွေထွေဆောင်ရွက်မှု လုပ်ငန်း သမဝါယမအသင်း လီမိတက် (၎င်းကိုယ်စား ဦးမိုးကျော်သူ)
၂။ ရဲတိုက်စက်မှုလက်မှုနှင့် အထွေထွေဆောင်ရွက်မှု လုပ်ငန်းသမဝါယမအသင်း လီမိတက် (၎င်းကိုယ်စား ဦးမိုးကျော်သူ)

**ဒီကရီရသူ** **တရားရှုံးများ**

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၁၁၃ တွင် ရရှိခဲ့သောဒီကရီအရ အောက်တွင်ဖော်ပြပါပစ္စည်းစာရင်းပါ ပစ္စည်းများကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းများတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ လေလံဆွဲဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိကတရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

၁။ တိုက် ၄၊ အခန်း ၂၊ ထီးတန်းအိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်၊ အကျယ်အဝန်း (၁၅ပေ×၅၅ပေ)နှင့် ရေ၊ မီး အကျိုးခံစားခွင့်အားလုံး

**ကြမ်းခင်းဈေး - ၆၀၀၀၀၀၀၀/- (ကျပ်သိန်းခြောက်ရာတိတိ)**

၂။ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ မဟာဗောဓိလမ်းနှင့် ဗားကရာလမ်းထောင့် (၆)ခန်းတွဲ(၄)ထပ်အဆောက်အအုံ၊ အမှတ်(ဘီ-၁)၊ လေးလွှာ၊ တိုက် ၂၃၆/၂၃၈ထောင့်ခန်း၊ (၁၂၀/၂ပေ×ပေ ၄၀)နှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အားလုံး

**ကြမ်းခင်းဈေး - ၄၀၀၀၀၀၀၀/- (ကျပ်သိန်းလေးရာတိတိ)**

**ရောင်းချရန်နောက်ထပ်စည်းကမ်းအချက်များ**

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်များက တရားရုံးသို့တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံးများ၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုနိုးဆော်လိုက်သည်။

(၂) လေလံတင်ရောင်းချသည့်စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲငြင်းပယ် ပိုင်ခွင့်ရှိသည်။

(၄) လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်တစ်ရာလျှင် (၂၅)ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

(၅) လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရရှိမည်ဖြစ်သည်။

(၆) လေလံဆွဲဝယ်ယူရှိသူသည် (၂၅%)ကို နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

(၇) လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(၈) လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၆ ခုနှစ် မေ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ဌေးမြင့်အေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

---

# အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ကံကုန်းကျေးရွာ ဦးအေးလွင်၏သမီး အထက၊ ကံကုန်း သတ္တမတန်းမှ မစိုးသူဇာလွင်အား မဝိုင်းယမုံဦးဟု ပြောင်းလဲခေါ်ပါရန်။ **မဝိုင်းယမုံဦး**

# ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(၂၀) တက္ကသိုလ်ဝင်တန်း(က)မှ မအေးသီတာနှင့် သတ္တမတန်း(ခ)မှ မနှင်းမိုးဝေတို့၏ ဖခင်အမည်မှန်မှာ ဦးလှမင်း ဖြစ်ပါကြောင်း။
**ဦးလှမင်း ၉/မတရ(နိုင်)၀၃၅၂၂၉**

# တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အမှတ်(၁၀၃)၊ ဝဲကြီးသာစည် အလက (ခွဲ)မှ အဌမတန်းကျောင်းသူ ဦးသန်းဇော် ၉/ပမန(နိုင်)၂၄၁၃၆၅ ၏ သမီး မအိချိုချိုဇင် (ခ) မကဲကဲဇော်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**မအိချိုချိုဇင်(ခ)မကဲကဲဇော်**

# ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် Future Rays ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကျောင်းဝင်အမှတ် (FR-၀၂၇၂)ဖြင့် ပထမတန်းအောင်မြင်ခဲ့ပြီး ကျောင်းထွက်လက်မှတ်အမှတ် 2CN- 0000200 ဖြင့် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခဲ့သော မောင်မင်းကောင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးအေးမင်းဝင်း (ခ) ဦးအေးဝင်း ၁၂/ဥကတ(နိုင်)၀၄၉၃၂၆ ဖြစ်ပါသည်။
**ဦးအေးမင်းဝင်း(ခ)ဦးအေးဝင်း**

# မိဘအမည်မှန်

တောင်ကြီးမြို့နယ်၊ ပန်သခွါး အထက၊ သတ္တမတန်း(ခ)မှ နန်းသင်းသင်းခိုင်၏ မိဘအမည်မှန်မှာ ခွန်တူးနီ ၁၃/တကန(နိုင်)၂၅၅၂၂၂ - နန်းအုန်းဆွေ ၁၃/တကန(နိုင်)၂၀၅၀၂၇ ဖြစ်ပါကြောင်း။
**ခွန်တူးနီ-နန်းအုန်းဆွေ**

# ဖခင်အမည်မှန်

အထက (၁) လွိုင်ကော်၊ ဆဌမတန်း(က)မှ မချောစုစုသွယ်၏ ဖခင်အမည်မှန်မှာ ဦးအေးလွင် ဖြစ်ပါကြောင်း။ **ဦးအေးလွင်**

# တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်းတယမြို့နယ်၊ ပင်ပျော်ကျေးရွာအုပ်စု၊ ကုန်းသာကျေးရွာနေ ဦးသိန်း-ဒေါ်နန်းရွှက်တို့၏သား ဦးသန်းထွန်းနှင့် မောင်ငယ် ၁၃/ပတယ(နိုင်)၀၆၁၃၄၆၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးသန်းထွန်း(ခ)မောင်ငယ်**

# ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း (ခ)မှ မမိသန္တာ၏ ဖခင်အမည်မှန်မှာ ဦးနေလင်း ၁၃/လလန(နိုင်)၀၆၀၉၁၀ ဖြစ်ပါကြောင်း။ **ဦးနေလင်း**

# အမည်ပြောင်း

တောင်ကြီးမြို့၊ ရွှေပြည်ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ နဝမတန်းမှ မောင်လင်းမြတ်စံအား ယနေ့မှစ၍ မောင်လင်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်လင်းမြတ်**

# အမည်ပြောင်း

မိုးနဲအထက၊ ပထမတန်းမှ နန်းယွန်းရွှေဇင်ထွန်းအား ယနေ့မှစ၍ နန်းအွမ်ခမ်းဖူးဟု ပြောင်းလဲခေါ်ရန်။
**နန်းအွမ်ခမ်းဖူး**

# အမည်ပြောင်း

တောင်ကြီးမြို့နယ်၊ ပလီလင်းအထက၊ အဋ္ဌမတန်းမှ ခွန်ကျော်သက်အား ယနေ့မှစ၍ ခွန်အောင်ဖွေဟု ပြောင်းလဲခေါ်ပါရန်။
**ခွန်အောင်ဖွေ**

# ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၈ယ/၉၁၈၇၆ လော်ဂျားယာဉ်လက်ဝယ်ရှိသူ ဦးခွန်လှမောင် ၁၃/ပလန(နိုင်)၀၈၅၁၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တောင်ကြီးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဖွားတင် (ကျူကဒတ်)
### အသက်(၈၈)နှစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း) ဦးအောင်သန်းဦး-ဒေါ်သန်းသန်းအေးတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ဖွားတင် အသက်(၈၈)နှစ်သည် ၇-၆-၂၀၁၆ရက် နံနက် ၉း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်စိုး၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)နှင့် ဇနီး ဒေါ်နီနီ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ဖွားတင် (ကျူကဒတ်)
### အသက်(၈၈)နှစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးအောင်သန်းဦး-ဒေါ်သန်းသန်းအေးတို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ဖွားတင် အသက်(၈၈)နှစ်သည် ၇-၆-၂၀၁၆ရက် နံနက် ၉း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဝန်ထမ်းများ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ဖွားတင် (ကျူကဒတ်)
### အသက်(၈၈)နှစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးအောင်သန်းဦး-ဒေါ်သန်းသန်းအေးတို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ဖွားတင် အသက်(၈၈)နှစ်သည် ၇-၆-၂၀၁၆ရက် နံနက် ၉း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန**

### ဒေါ်ထွေးထွေးဝင်း(ခ)ဒေါ်ဘေဘီ
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ အမှတ် ၄၅(မြေညီထပ်)နေ (ဦးကျီးဟုတ်)-ဒေါ်သန်းနုတို့၏သမီး၊ (ဦးမောင်မောင်ချစ်)-ဒေါ်အေးတို့၏သမီးချွေးမ၊ ကိုသန်းထွဋ်ဝင်း-မမိုးမိုးခိုင်၊ ကိုအောင်မျိုးသူ-မဇာလီမိုး၊ ကိုအောင်ဖြိုးသူ၊ မထူးမြတ်နိုင်တို့၏မိခင်၊ ဦးရပ်ကျင်အောင်၏ချစ်လှစွာသောဇနီးသည် ၇-၆-၂၀၁၆ရက်(အင်္ဂါနေ့)ည ၉း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်လှိုင်လှိုင်မင်း အသက် (၄၉) နှစ်

သူငယ်ချင်း ဗိုလ်မှူးမြင့်စိုး(ငြိမ်း) ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်စပ်ရေးရာ ဝန်ကြီးဌာန) ၏ ဇနီးဖြစ် ဒေါ်လှိုင်လှိုင်မင်း အသက် (၄၉) နှစ်သည် ၆-၆-၂၀၁၆ (တနင်္လာနေ့) ည (၈း၅၀) နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်မှူးငွေးနိုင်(ငြိမ်း)နှင့် ဇနီးဒေါက်တာညွှန့်ညွှန့်ဝင်း
မိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်လှိုင်လှိုင်မင်း အသက် (၄၉) နှစ်

သူငယ်ချင်း ဗိုလ်မှူးမြင့်စိုး(ငြိမ်း) ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်စပ်ရေးရာ ဝန်ကြီးဌာန) ၏ ဇနီးဖြစ် ဒေါ်လှိုင်လှိုင်မင်း အသက် (၄၉) နှစ်သည် ၆-၆-၂၀၁၆ (တနင်္လာနေ့) ည (၈း၅၀) နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ် (၂၂) မှ သူငယ်ချင်းများ

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်လှိုင်လှိုင်မင်း(ခ)မစန္ဒာ
### ဒုလဝကမှူး(ငြိမ်း)
### အသက်(၄၉)နှစ်

ဦးမြင့်စိုး(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နတလ)၏ဇနီး ဒေါ်လှိုင်လှိုင်မင်း (ခ)မစန္ဒာ (ဒု-လဝကမှူး၊ ငြိမ်း)သည် ၆-၆-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသော်သော်ထက် (Managing Director)**
**HUMAN KING Co.,Ltd.**

### အထူးဝမ်းနည်းကြေကွဲခြင်း
### မောင်ကောင်းခန့်ဇင် (ကျိုက်လတ်၊ မန္တလေး)
### တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေးမြို့)
### အပတ်စဉ်(၁၁)
### အသက်(၂၁)

တိုင်းရင်းဆေးတက္ကသိုလ် အပတ်စဉ်(၁၁)မှ မောင်ကောင်းခန့်ဇင် အသက် (၂၁)နှစ်သည် ၆-၆-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မန္တလေးတိုင်းရင်းဆေး ဆရာ၊ ဆရာမများနှင့်**
**ကျောင်းသား/ကျောင်းသူများ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ပိုးစွန်း(ခ)ဒေါ်မြရင် (ဘိုကလေး)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ် ၁၃၉၊ ဒုတိယထပ်၊ လမ်းမတော်လမ်းနေ (ဦးဝေပန်း)၏ဇနီး၊ ဒေါ်ညွှန့်ရီ၊ ဒေါ်သန်းရီ၊ (ဦးဘန်ကန်း)၊ ဦးဘန်စန်း(ခ)ဦးထွန်းမြင့်-ဒေါ်ခင်ခင်အေး၊ ဒေါ်ညွှန့်ညွှန့်ဝင်း၊ ဒေါ်ဝင်းဝင်းရီ၊ ဒေါ်ညွှန့်ညွှန့်ခင်၊ ဦးဘန်ဝင်း၊ ဒေါ်နီနီဝင်း၊ ဦးဇော်သိန်းထွဋ်၊ ဦးဆန်းထွေးအောင်၊ ဦးထွန်းဝင်းအောင်တို့၏ချစ်လှစွာသောမိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၈-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊စက်ရေတွင်း၊ရေကန်ဒါယိကာမကြီး
### ဒေါ်နွဲ့နွဲ့ရီ (BE, Civil) ၁၉၇၆-၁၉၇၇
### အကြီးတန်းလိုင်စင်အင်ဂျင်နီယာ
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ(ဦးထွန်းတင်-ဒေါ်ခင်မျိုးကြည်)တို့၏သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နေ (ဦးစိုးညွှန့်)-ဒေါ်ခင်ဆွေတို့၏ သမီးချွေးမ၊ [ဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း) (သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန)]၏ချစ်လှစွာသောဇနီး၊ ဒုတိယဗိုလ်မှူးကြီးညီညီလတ်-ဒေါ်မေသန္တာမြင့်၊ ဒုတိယဗိုလ်မှူးကြီးကျော်ဆက်မြင့်-ဒေါ်ဆုမြတ်ကျော်ဇော၊ ဦးလွင်ချမ်းဘိုရီ-ဒေါက်တာနှင်းဥမ္မာမြင့်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၈-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ကမာရွတ်မြို့နယ်၊(၁)ရပ်ကွက်၊ အောင်ချမ်းသာ(၂)လမ်း၊ အောင်မြေသာစည်အိမ်ရာ၊ အမှတ်(D-2)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊စက်ရေတွင်း၊ရေကန် ဒါယိကာမကြီး
### ဒေါ်နွဲ့နွဲ့ရီ (BE, Civil) ၁၉၇၆-၁၉၇၇
### အကြီးတန်းလိုင်စင်အင်ဂျင်နီယာ
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ(ဦးထွန်းတင်-ဒေါ်ခင်မျိုးကြည်)တို့၏သမီး၊ [ဦးခင်မောင်ဝင်း (အမှုဆောင်အင်ဂျင်နီယာ)]-ဒေါ်ခင်သန်းဦး၊ ဒုဗိုလ်မှူးကြီး ခင်မောင်မြင့်(ငြိမ်း)-ဒေါ်သန်းသန်းဝေတို့၏ညီမ၊ (ဗိုလ်ကြီးမင်းကြည်)-ဒေါ်နွဲ့နွဲ့အေး(အထက-၄၊ တာမွေ)၊ CAPT ခင်မောင်တင့်(ဝဏ္ဏ)-ဒေါက်တာဥမ္မာကျော်တို့၏အစ်မသည် ၈-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်ချမ်းသာ ၂လမ်း၊ အောင်မြေသာစည်အိမ်ရာ၊ အမှတ်(D-2) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၆ရက် (သောကြာနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

### ဦးမြသွင် အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ လှည်းတန်း ခိုင်ရွှေဝါလမ်း(ဗဟိုလမ်း)၊အမှတ် ၃၃(A)၊ ပထမထပ်နေ (ဒေါ်သန်းရီ)၏ ခင်ပွန်း၊ ဒေါ်သန်းကြွယ်၏အစ်ကို၊ ဒေါ်ခင်စန်းမြင့် (အထက-၃၊ ကမာရွတ်)၊ ဦးကျော်ဦး (ဒု-မြို့နယ်ပညာရေးမှူး၊ ဒေးဒရဲမြို့) - ဒေါ်ကြည်ကြည်ထွန်း၊ (ဦးအောင်ဝင်းနိုင်) - ဒေါ်ကြည်ကြည်ညွှန့်၊(ဦးအောင်လင်းနိုင်)-ဒေါ်ညွှန့်ညွှန့်ဝေ၊ ဒေါ်စန်းစန်းလွင်တို့၏ ဖခင်သည် ၈-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောအထူးကုဌာန၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဒေါ်ခင်မြင့်(ခ)ဒေါ်တိုး
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဌာနလမ်း၊ အမှတ် ၈၇ (A) (မြေညီထပ်)နေ (ဦးဖိုးဝိုက်-ဒေါ်သိန်းကြည်)တို့၏သမီး၊ (ဦးထွန်းကြည်)၏ ဇနီး၊ မောင်ကျော်သက်ထွန်း၊ မနီလာထွန်းတို့၏မိခင်သည် ၈-၆-၂၀၁၆ရက် နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်စန်းစန်း
### အသက်(၇၆)နှစ်

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ ၈၃လမ်း၊ ၂၁×၂၂လမ်းကြားနေ (ဦးထွန်းထွန်း)၏ ဇနီး၊ ဦးဝဏ္ဏ-ဒေါ်လှိုင်လှိုင်ထွန်း(ဖိုးလပြည့် စာရေးကိရိယာ၊ ဈေးချို)တို့၏ မိခင်၊ ကိုခင်မောင်ခိုင်-မပြည့်ပြည့်ဖြိုး၊ ကိုအောင်ကိုကို-မဖြူဖြူအောင်၊ကိုပြည့်ဖြိုးအောင်တို့၏အဘွား၊ ရှင်းသန့်မေ၊ မေဖြူခင်ဖွေး၊ လင်းသွန်းအိမ်၊ အိမ့်ဖြူဖြူခင်တို့၏ဘွားဘွားကြီးသည် ၈-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၆-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်တင်တင်အေး
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ အမှတ် ၁၀၃၅၊ နဝရတ်(၁)လမ်း၊ (၂၄) ရပ်ကွက်နေ ဦးမောင်ညွှန့်-ဒေါ်ငြိမ်းတို့၏သမီး၊ (ဦးထွန်းကြိုင်)၏ဇနီး၊ ဒေါ်အေးအေးမူ(အမက-၂၇၊ သင်္ဃန်းကျွန်း၊ ငြိမ်း)၊ ဒေါ်အေးအေးကြူ(အထက-၂၊ သင်္ဃန်းကျွန်း၊ ငြိမ်း)၊ ဦးဝင်းငွေး(နူတ်ခမ်းမွေး၊ ကားရောင်းဝယ်ရေး)၊ ဒေါ်အေးအေးခိုင်(ခိုင်ကျူရှင်)၊ ဒေါ်စန်းစန်းမာ (ကထိက၊ ရူပဗေဒဌာန၊ မအူပင်တက္ကသိုလ်)၊ မောင်အောင်ကျော်ဖြိုးတို့၏မိခင်၊ ဒေါ်စုမြတ်နွယ်(အထက-၂၊ ဗဟန်း)၊ ဒေါ်စုစုစံ(ခေတ္တ-စင်ကာပူ)၊ ဒေါ်သိမ်းသိမ်းစု (ခေတ္တ-စင်ကာပူ)၊ မချောစုမွန် (SMVTI နတ်မောက်) တို့၏အဘွားသည် ၈-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၆ရက်(သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဦးလှမောင်သိန်း
### မန္တလေးစတိုး(စစ်တွေ)
### အသက်(၄၉)နှစ်

စစ်တွေမြို့၊ ဘောလုံးကွင်းရပ်ကွက်၊ အမှတ် (မယ ၅/၃၁၀)နေ (ဦးမောင်သန်းဦး) - ဒေါ်ကျော့စိန်လှတို့၏သား၊ မတင်ဦး၏မောင်၊ ဦးအောင်ကျော်စိန်-ဒေါ်ခင်ခင်အောင်၊မစံလှမေ၊ မအေးအေးစိုး၊ မထက်ထက်နိုင်၊ မောင်လှဝင်း၊ မောင်ထွန်းအောင်ဝင်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ အောင်သပြေလမ်း(ယုဇနပလာဇာနောက်)၊တိုက် ၁၆၊ အခန်း ၁၀၂(ပထမထပ်)နေ ဒေါ်ကြူကြူမာ (ဒေသတာဝန်ခံ ရိုးမဘဏ်)၏ ခင်ပွန်း၊ မဆွေမာသိန်း (သတ္တမတန်း၊ လသာ-၂)၏ဖခင်သည် ၇-၆-၂၀၁၆ ရက် (အင်္ဂါနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၆ ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးမြမောင် (ဒေးဒရဲ)
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၄၃နေ (ဦးဘိုးခန့်-ဒေါ်အုန်းခင်)တို့၏သား၊ (ဒေါ်ကြင်မြ)၏ခင်ပွန်း၊ ဦးမျိုးမြင့်အောင်-ဒေါ်ဝင်းကြည်၊ ဦးစိုးတင့်မောင်-ဒေါ်စန်းစန်းလှ၊ ဦးဝင်းလှိုင်-ဒေါ်အေးမြင့်ကြည်၊ ဦးအေးထွန်း-(ဒေါ်အေးအေး)၊ ဦးဝင်းမြင့်-ဒေါ်ခိုင်မာလာဦး၊ ဒေါ်စန်းစန်းမော်၊ ဦးကျော်ကျော်ဦး-ဒေါ်ခင်မာညို၊ ဦးလှိုင်မျိုးကြွယ်-ဒေါ်စန္ဒာကျော်တို့၏ဖခင်၊ မြေး ၁၅ယောက်၊မြစ်ငါးယောက်တို့၏အဘိုးသည် ၈-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့်၁၀-၆-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း ဒါယိကာမကြီး
### ဒေါ်ကြည်(ခ)ဒေါ်ထွန်းမေ
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ လှိုင်မြင့်မိုရ်လမ်းမ၊ တိုက် ၃၊ အခန်း ၁၁နေ (ဦးကံသာ-ဒေါ်ကြူးရင်)တို့၏သမီး၊ [ဦးရောက်ကက်ချုံ (ခ) ဦးချောင်]၏ချစ်လှစွာသောဇနီး၊ ဦးဘိုကျော် (ဦးစီးအရာရှိ၊ ငြိမ်း၊ လဝက၊ ဗဟန်း)-(ဒေါ်မေမြတ်မွန်)၊ (ဦးထွန်းအေး)-ဒေါ်မြင့်မြင့်ဆွေ၊ ဦးမျိုးညွှန့်(Top CHOICE)-ဒေါ်ခင်ရီ၊ (ဒေါ်တင်ရီ)၊ ဦးဝင်းစိန်-(ဒေါ်စမ်းစမ်းမြင့်)၊ (ဦးထွန်းထွန်း)၊ ဦးမောင်လှ၊ ဒေါ်ခင်ခင်အေး၊ (ဒေါ်ခင်မာရီ)၊ ဦးယဉ်ထွေး၊ ဦးအောင်သန်းတိုးတို့၏ ချစ်လှစွာသောမိခင်၊မြေး ၁၉ယောက်၊မြစ် ၁၈ယောက်တို့၏အဘွားသည် ၇-၆-၂၀၁၆ရက် ည ၇း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၆-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်အုန်းကျင်
### (အလုံမြို့နယ်)
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (ဗဟိုစည်)နေ (ဦးကျော်သန်း-ဒေါ်ငွေကျင်)တို့၏သမီး၊ ဦးအောင်ကြည်-(ဒေါ်သန်းစိန်)တို့၏ညီမ၊ အလုံမြို့နယ်နေ ဦးမျိုးမြင့်-ဒေါ်သီတာခိုင် (ပို့/ဆက် ဝန်ကြီးဌာန)၊(ဒေါ်သန်းသန်းအောင်)တို့၏ညီမ၊ (ဒေါ်ခင်သန်းမြင့်၊ အလက-၂၊ အလုံ၊ ငြိမ်း)၊ (ဦးဝင်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူး) - ဒေါ်ခင်ညိုညို (ဒုတိယညွှန်ကြားရေးမှူး၊ လူမှု/ကယ်ဆယ်ရေးဝန်ကြီးဌာန)၊ဒေါ်ခင်သန်းအေး(ကထိက၊ ရှေးဟောင်းသုတေသန၊ ရတနာပုံတက္ကသိုလ်၊ မန္တလေး)တို့၏အစ်မ၊ ကိုဖြိုးအောင်ကျော်၊ မဆုရတနာထက်တို့၏ အဒေါ်သည် ၈-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင် အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် ၄၇(ခြောက်လွှာ-B)နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၆-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

### မမိုးပွင့်ဖြူ(ခ)မိုးလေး
### B.Sc (Zoology)
### (၁၁)ရက်ကွက်ဈေး၊တောင်ဥက္ကလာပ
### အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန် ၁လမ်း၊ အမှတ်(၃၉-က)နေ (ဦးကျင်စိန်)-ဒေါ်ခင်မြင့်တို့၏သမီး၊ ခရမ်းမြို့နေ (ဦးစိန်ဝင်း)-ဒေါ်တင်တင်ဝင်းတို့၏သမီးချွေးမ၊ ဦးအေးလွင်-ဒေါ်သန့်သန့်ဇင်(သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန)၊ ဦးသိန်းဇော်-ဒေါ်သီသီအောင်၊ ဦးနေလင်း-ဒေါ်နုနုရီ၊ ဒေါ်နီလာ၊ ဒေါ်အေးမြတ်သူတို့၏ညီမ၊တူ၊တူမ ခုနစ်ယောက်တို့၏အဒေါ်၊ ကိုအောင်ကိုကို(ငွေဇာပုလဲကုမ္ပဏီ)၏ဇနီး၊ မောင်မိုးမြတ်ကိုကို(KBC)၏မိခင်သည် ၇-၆-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
### ဘဒ္ဒန္တသေဌာစာရ
### သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၂)ဝါ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ သလ္လာအမှတ်(၉)ရပ်ကွက်၊ မဟာဝံသပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသေဌာစာရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတသည် (၁၃၇၈ခုနှစ် နယုန်လဆန်း ၂ရက်) နံနက် ၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် နယုန်လဆန်း ၁၀ရက်) ညနေ ၃နာရီတွင် အန္တိမအဂ္ဂိစျာပနကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးသိန်းလွင် (ပြည်)
### အင်ဂျင်နီယာမှူးကြီး(ငြိမ်း)
### အသက်(၈၈)နှစ်

သူငယ်ချင်း(အလုပ်သင်ဗိုလ်မြင့်လွင်၊ ပြည်)၏ဖခင် ဦးသိန်းလွင် (ပြည်) အသက်(၈၈)နှစ်သည် ၃-၆-၂၀၁၆ရက် ည ၁၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၉)မှ သူငယ်ချင်းများနှင့်မိသားစုများ**

### ဦးဝင်းထိန် (နေပြည်တော်၊ ပျဉ်းမနား)
### အသက်(၆၈)နှစ်

ဒက္ခိဏသီရိမြို့နယ်၊ ရှမဝလမ်း၊ အမှတ် ၃၁၄၀၁နေ ဦးသန်း-ဒေါ်တင်မြိုင်တို့၏သား၊ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊ ဦးကျော်ကျော်ဦး-ဒေါ်ဝတ်ရည်ထွေး(ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန)၊ ဦးဇော်မျိုး-ဒေါ်အေးမာလာ၊ ကိုဇော်ဇော်ဦး-မမို့မို့စောတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၇-၆-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံမှကွေ့ကြီးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
### ဦးမြင့်သန်း
### အသက်(၆၃)နှစ်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသူရအောင်၏ ဖခင်ဖြစ်သူ ဦးမြင့်သန်း အသက်(၆၃)နှစ်သည် ၇-၆-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်နှင့်ဇနီး**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ညွှန်ကြားရေးမှူးချုပ်ဒေါက်တာကိုကိုနိုင်နှင့်ဝန်ထမ်းများ**
**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန**

### ဦးမောင်မောင်လွင်(ခ)မပု
### (မြို့နယ်အရန်ကော်မတီဝင်)
### (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အင်းစိန်မြို့နယ်)
### အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ ရွက်လှလမ်း၊ အမှတ် ၄၂၇နေ ဦးမြင့်ကျော်-(ဒေါ်တင်လှ)တို့၏သားသမက်၊ [ဦးအောင်ငွေ-ဒေါ်လှမြင့်(ခ)ဒေါ်ပု]တို့၏သား၊ (ကိုခင်မောင်ဦး)-မခင်မျိုးသန့်တို့၏ညီ၊ (ဦးသန်းထွန်း)-ဒေါ်စန်းစန်းမြင့်(ခ)မမိရှမ်းတို့၏မောင်၊ [ကိုစိန်လွင်(ခ)ကိုအငယ်လေး]-ဒေါ်ကြည်ကြည်နိုင်တို့၏အစ်ကို၊ ဦးသန့်ဇင်-ဒေါ်ခင်မျိုးချစ်၊ ဦးဝင်းမြင့်၊ ဦးခင်မောင်ထွန်း-ဒေါ်အေးအေးချို၊ ဦးအောင်ဆန်း-ဒေါ်ဖြူဖြူချို၊ ဦးဇော်ဇော်၊ မခိုင်ဇင်မော်တို့၏ညီ/အစ်ကို၊ မခိုင်မျိုးမျိုးထွန်း၊ မောင်ဇေယျာထွန်း-မလင်းလင်းထွန်း၊ မောင်ခိုင်ဝင်း-မနှင်းဝေဝေထွန်း၊ မောင်ခန့်မင်းလွင်တို့၏ဦးလေး၊ မောင်ဟိန်းထက်အောင်(ခ)တီတီ၊ မောင်ဘုန်းလက်ျာအောင်(ခ)တုံတုံတို့၏ဖခင်၊ ဒေါ်အေးအေးခိုင်(ခ)မိခိုင်၏ခင်ပွန်းသည် ၈-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၆ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဦးဇော်မျိုးအေး (သုဝဏ္ဏ)
### အသက်(၅၀)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ မင်းဒင်လမ်းသွယ်-၅၊ တိုက် ၅၂/၈နေ(ဦးအေးကြူ)-ဒေါ်သန်းရီ(စက်မှု-၁၊ စားကုန်ရုံးချုပ်၊ ငြိမ်း)တို့၏သား၊ မနီလာထွေးမောင်ကြီး၏ခင်ပွန်း၊ (ဦးဇော်စိုးအေး)၏ညီ၊ ဒေါ်မေဇော်မိုးအေး၊ ဦးငွေးအောင်ဝင်း-ဒေါ်မေဇော်ဖြိုးအေး၊ ဦးဇော်သူရိန်၊ (ဦးဇော်စည်သူ)တို့၏ အစ်ကို၊ မောင်ပြည့်ဖြိုးမောင်၊ မောင်ဘုန်းသန့်ထူး၊ မောင်ခန့်သန့်ထူး၊ မပိုင်ရတီသန့်ထူးတို့၏ဘကြီးသည် ၇-၆-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ကိုမြတ်မိုးနိုင် (ဂျိုးဂျိုး)
### (GTI ကျောင်းသားဟောင်း၊ မအူပင်)
### (CG Myanmar Co.,Ltd)
### အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ အမှတ် ၁၅၀၊ စမ်းချောင်းလမ်း၊ လေးလွှာ(A)နေ ဦးဇော်မင်း-ဒေါ်ရှယ်လီကျော်ညွှန့်တို့၏ သား၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၃၆၁နေ ဦးလှမြင့်-ဒေါ်ဝင်းဝင်းမြင့်တို့၏သားသမက်၊ ဦးစိုးသွင်-ဒေါ်နီနီမြင့်၊ ဦးသန်းလှိုင်-ဒေါ်ဒေါ်လီကျော်ညွှန့်တို့၏တူ၊ ဦးစိုးမိုးနိုင်(Cherry FM)၊ မနွေးနွေးအောင်၊ မောင်ဝေယံအောင်(Cherry FM)၊ မောင်ဝေဖြိုးသွင်(PTTEPI)၊ မောင်ကောင်းစံမြင့်(ရွှေတောင် Construction)တို့၏ညီ/မောင်/အစ်ကို၊ မသဲဝါဝါမြင့်၏ ခင်ပွန်း၊ မောင်ရှိန်းမြင့်မြတ်သွေး၏ဖခင်သည် ၇-၆-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၆ရက်(ကြာသပတေးနေ့)မွန်းလွဲ၂နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၃၆၁ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု



# မင်္ဂလာမူဆယ်လမ်းဘေးတစ်လျှောက် ကျူးကျော်တဲများ စတင်ဖယ်ရှား

**မူဆယ် ဇွန် ၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်အတွင်းရှိ ခွင့်ပြုချက်မရှိ တရားမဝင် ဆောက်လုပ်ထားသော ကျူးကျော်တဲများ၊ လမ်းဘေးဆိုင်ခန်းများအား စတင် ရှင်းလင်းလျက်ရှိသည်။ (ဓာတ်ပုံ)

မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာန စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့တို့သည် ဆင်ဖြူ ဈေးနှင့် MITC ကိုယ်ပိုင်အထက်တန်းကျောင်းလမ်းကြားရှိ လမ်းမြေပေါ်တွင် ခွင့်ပြုချက်မရရှိဘဲ တရားမဝင်ဆောက်လုပ်ထားသော ကျူးကျော်တဲများ၊ ဈေးဆိုင်ခန်း များအား ဇွန် ၇ ရက်မှစ၍ ဖယ်ရှားရှင်းလင်းခဲ့ပြီး ငွေဆင်လမ်းမှ မင်္ဂလာမူဆယ်သို့သွားသော လမ်းဘေးဝဲ/ယာတစ်လျှောက်ရှိ တရားမဝင် ဆောက်လုပ်အခြေချ နေထိုင်သော ကျူးကျော်တဲများ၊ ဆိုင်ခန်းများကိုဖယ်ရှား ရှင်းလင်းခဲ့သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❖

## မှတ်သားဖွယ်ရာမိုးရေချိန်များ ၈-၆-၂၀၁၆

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၇ ဒသမ ၂၈ လက်မ၊ ပေါင်မြို့တွင် ၅ ဒသမ ၅၉ လက်မ၊ စစ်တွေမြို့တွင် ၅ ဒသမ ၄၇ လက်မ၊ ကျိုက်မရောမြို့တွင် ၄ ဒသမ ၈၇ လက်မ၊ တောင်ကုတ်မြို့တွင် ၄ ဒသမ ၈၄ လက်မ၊ ချောင်းဆုံမြို့တွင် ၄ ဒသမ ၃၇ လက်မ၊ မော်လမြိုင်မြို့တွင် ၄ ဒသမ ၀၂ လက်မ၊ မာန်အောင်မြို့တွင် ၃ ဒသမ ၉၀ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၀၇ လက်မနှင့် ရေးမြို့တွင် ၃ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

# ယခုရက်ပိုင်းအတွင်း အိန္ဒိယမှ အဝယ်လိုက်လာသဖြင့် မတ်ပဲနှင့် ပဲစင်းငုံ ဈေးပြန်တက်လာ

**ဖြိုးလွင်အောင်(AMIA)**

**နေပြည်တော် ဇွန် ၈**

ယခုရက်ပိုင်းအတွင်း အိန္ဒိယမှ ပဲအဝယ်ပြန်လိုက်လာသဖြင့် မတ်ပဲနှင့် ပဲစင်းငုံ ဈေးနှုန်း တစ်တန်လျှင် ငွေကျပ် ၄၀၀၀၀ ဝန်းကျင်ခန့် ပြန်လည်မြင့်တက်လာကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

AMIA ၏ ဈေးကွက်စာရင်းများအရ ဧပြီ၊ မေလအတွင်းက မတ်ပဲ FAQ/RC တစ်တန် တစ်ဆယ့် ခုနစ်သိန်း ငါးသောင်း ဝန်းကျင်ခန့်မှ ယခု ဇွန် ၁ ရက်တွင် တစ်ဆယ့်ခြောက်သိန်း ရှစ်ထောင် ငါးရာခန့် သို့ပြန်လည်ကျဆင်းသွားရာမှ ယခုဇွန်လ ၈ ရက်တွင် တစ်ဆယ့် ခုနစ်သိန်း နှစ်သောင်း လေးထောင်သို့ ပြန်လည်မြင့်တက် လာခဲ့သည်ကို တွေ့ရသည်။

ဦးမင်းကိုဦးက "ပဲဈေးက အိန္ဒိယရဲ့ဝယ်လိုအားပေါ်မူတည်ပြီး အဝယ်လိုက်တဲ့နေ့ ဈေးတက်တယ်။ အဝယ်မလိုက်တဲ့နေ့

*စာမျက်နှာ ၃ ကော်လံ ၁* ●

# Miss GLOBAL ပြိုင်ပွဲအတွက် အလှမယ်စုပွင့်ဦး ရွေးချယ်ခံရ

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇွန် ၈**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပမည့် Miss GLOBAL ပြိုင်ပွဲကြီးအတွက် အလှမယ်စုပွင့်ဦးအား Miss GLOBAL MYANMAR 2016 အဖြစ် ရွေးချယ်လိုက်ပြီဖြစ်ကြောင်း World-Class Myanmar Pageants မှ တရားဝင်ကြေညာလိုက်သည်။

အသက် ၂၅ နှစ်အရွယ်ရှိ အလှမယ်စုပွင့်ဦးသည် World-Class အွန်လိုင်းမှ တစ်ဆင့် ခေါ်ယူခဲ့သည့်အလှမယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီးနောက် ဆန်ခါတင်စိစစ်မှုနှင့်လူတွေ့တွေ့ဆုံမေးမြန်းမှုများအပြီး Miss GLOBAL MYANMAR 2016 အဖြစ် ရွေးချယ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်မအနေနဲ့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မယ့်ပွဲကြီးမှာ ရွေးချယ်ခံရတဲ့အတွက် အတိုင်းမသိဝမ်းမြောက်မိပါတယ်။ Miss GLOBAL ပြိုင်ပွဲကြီးဟာ မြန်မာအမျိုးသမီးတွေရဲ့စွမ်းဆောင်ရည်၊ မြန်မာအမျိုးသမီးတွေရဲ့ Culture၊ မြန်မာအမျိုးသမီးတွေရဲ့အလှအပစတာတွေကို နိုင်ငံတကာကသိအောင် ပြသသွားနိုင်မယ့် ပွဲကြီးဖြစ်ပါတယ်။ ဒီ့အတွက်လည်း အစွမ်းကုန်ပြင်ဆင်ထားပါတယ်"ဟု Miss GLOBAL MYANMAR ဆုရ အလှမယ်စုပွင့်ဦးက ယနေ့မွန်းလွဲပိုင်းက စီးတီးစတားဟိုတယ်၌ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

Misss GLOBAL 2016 ပြိုင်ပွဲကြီးကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ စက်တင်ဘာ ၁၀ ရက်တွင် ကျင်းပသွားရန် စီစဉ်ထားပြီး နိုင်ငံပေါင်း ၅၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲကြီးတစ်ရပ်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာအလှမယ်ပြိုင်ပွဲများအတွက် ရွေးချယ်ပေးနေသော World-Class အနေဖြင့် Miss GLOBAL အပြင် Miss TEEN UNIVERSE MYANMAR 2017 အတွက်

*စာမျက်နှာ ၁၄ ကော်လံ ၁* ■



**ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည့် Miss GLOBAL MYANMAR 2016 အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသည့် အလှမယ် စုပွင့်ဦး**




